
www.burmeseclassic.com

PUBLISHED BY VIEW

ဗျူး စင်တင်သည်

# လရောင်ကျူးရှင့်

## ချစ်သူ နဲ့ တစ်မိနစ် တစ်စက္ကန့်



Digital Art: Idea Kyaw & Wai Yan

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

# လရောင်ကျူးရင့်

## ချစ်သူနဲ့ တစ်မိနစ် တစ်စက္ကန့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၆၂၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၅၆၀၉၀၇

ထုတ်ဝေသူ

ဦးကျော်ဆန်း၊ (မြ-၀၉၃၂)

(ရဲအောင်စာပေတိုက်)

အမှတ်(၂)၊ ချွန်းလမ်း(၁)၊ မင်္ဂလာတောင်ညွန့်

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးဇော်မင်းအေး (မြ-၀၇၁၂၅)

(ဇော်ပုံနှိပ်တိုက်)

အမှတ်(၃၈၆)၊ အင်းကြင်းမြိုင်လမ်း၊

(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်း၊

မျက်နှာဖုံးပန်းချီ

Idea Kyaw & Wai Yan

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၇-ခုနှစ်၊ နိုဝင်ဘာလ

ထန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း - ၂၉၀၉၉၅

BURMESE CLASSIC .com

# အခန်း (၁)

ရင်ခွင်။

ရင်ခွင်ဟာ လူတစ်ယောက်၏နာမည်ပဲ ဖြစ်သည်။

ထိုနာမည်သည် တကယ်ပဲ ရာဇဝင်တွင်ရစ်ခဲ့၏။

ရင်ခွင် သေဆုံးခဲ့ပြီလား ဒါမှမဟုတ် ရှင်သန်နေဆဲလား ဒါကိုအတိကျဆုံး ပြောနိုင်သည့်သူ ဘယ်သူမှမရှိ။

ရင်ခွင်နှင့် ပတ်သက်သော အရာတစ်ခုသည် တခြား ရင်ခွင်တွေလို မဟုတ်ဘဲ မှေးမှိန်မေ့ပျောက်သွားကြသည် မရှိ။

တခြား ကောလဟာလများလို ပြီးတော့လည်း ပြီးသွားတာပဲ ဆိုတာမျိုးလည်း မဟုတ်ခဲ့ဘဲ။

နေ့စဉ် လစဉ် နှစ်စဉ် သူနှင့်ပတ်သက်လာသည့် သတင်းအကြောင်းအရာတို့ကို ပြောဖြစ်တိုင်း ပါလာတိုင်း ရင်ခွင်. . .

နေ့စဉ်နဲ့အမျှ တိုးတက်လာနေသည့် ခေတ်ရေစီးကြောင်းထဲမှ ရင်ခွင်ဆိုသူ တစ်ယောက်ဟာ ဘယ်သောအခါမှ မျောပါပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာမဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော်. . .

ရင်ခွင်ဟာ နိုင်ငံကျော် ရုပ်ရှင်မင်းသား တစ်ယောက်ဖြစ်ခဲ့ခြင်း ကြောင့်. . .

" ရင်ခွင်ဟာ ရုပ်ရှင်တစ်ကားတည်းနဲ့ နိုင်ငံကျော်ခဲ့တာ "

" ရုပ်ရှင်သုံးကားရိုက်ပြီး တီခနဲဖြတ်ချလိုက်တာ ငွေ ဘယ်လောက်ပုံပေးပေး လုံးဝကို ပြန်မကြည့်တော့ဘူး "

" ဟုတ်တယ် ဒါတွေကာ သူ့အကြောင်း အကျယ်တဝင့် ပါထားတဲ့ ကိစ္စတွေ လူတိုင်းလည်းသိကြတာပဲ "

" တစ်ပြိုင်နက်တည်း မိန်းမငါးယောက်ကို သတ်ပစ်လိုက်တဲ့ ပြဿနာမရှိခဲ့မီ "

" နေဦး အဲဒီမိန်းမငါးယောက် ကိစ္စမှာ သူကိုယ်တိုင်ဝန်ခံလိုက်တာမှန်တယ်၊ ဒါပေမဲ့ ဘယ်လိုသတ်တယ် ဘာ့ကြောင့်ဆိုတာ အသေးစိတ် သူမပြောဘူး "

" မပြောဘူးလေ သူကအရူးပဲ "

" သူ့ကိုစီရင်ချက်ချလို့ မရခဲ့တာ သူဟာ စိတ်ကျန်းမာရေး ဆေးရုံမှာ ကုသမှုခံယူခဲ့ဖူးတဲ့ ဆေးမှတ်တမ်းနဲ့ အဓိကစာရွက်စာတမ်း တွေက စစ်ချက်တွေကြောင့်ဆိုတော့ ခင်ဗျားပြောသလို သူ့ကိုအရူးလို့ပဲ သတ်မှတ်ပြီး "

" သတ်မှတ်ရမှာ မဟုတ်ဘူးလေ မိန်းကလေးငါးယောက်ရဲ့ မျက်နှာကို ရုပ်ပျက်ဆင်းပျက် သေချာဖျက်ဆီးပြီးမှ သတ်ပစ်ခဲ့တဲ့





ဖြစ်မှုကြီးကို လွှတ်ပေးခဲ့ရတာ မခိုင်လုံဘူးလို့များ ခင်ဗျား ပြောချင်သေးလား "

" မဟုတ်ဘူး ဒါပေမဲ့ ထိန်းသိမ်းထားတဲ့ထဲက သူပြန်လွှတ်သွားပြီဆိုတော့ အရူးဆိုတာကို ကျုပ်တို့ထည့်တွက်ဖို့ လိုသေးသလား"

" ဒါတွေအများကြီး ရှိခဲ့ဖူးတယ်ဗျ စိတ်ဝေဒနာဆိုတာ သိပ်ကိုကြောက်စရာကောင်းတယ် ရင်ခွင်ရဲ့စိတ်ဝေဒနာက ပိုဆိုးနေတာ ဘာဖြစ်လို့လဲဆိုတော့ သူနောက်ထပ်တစ်ကြိမ် စိတ်ကျန်းမာရေး ဆေးရုံက ဆင်းခွင့်ရတဲ့နောက်မှာ သူ့ရဲ့ရောဂါမှတ်တမ်းတွေပါ ပျောက်ကုန်တာ ဒါဟာ သိပ်ကိုကြောက်စရာကောင်းတဲ့ အချက်ပဲ "

တစ်ဘက်ခန်းကပ်လျက် နံရံမှာ ကျောကပ်ရပ်ရင်း 'ဦး' ရင်ခုန်သံက စည်းချက်မှန်နေသည်။

သူမ အလွန်စိတ်ဝင်စားသည့် ပျောက်ကွယ်ခြင်း မရှိသေးသော အလွန်ထူးဆန်းတွေပြားသော ရုပ်ရှင်သရုပ်ဆောင် တစ်ယောက်

ပြီးတော့ ပြစ်မှုများနှင့်ယောက်ျား။

ဆက်လက်၍ ကျူးလွန်နေဆဲ။

ရှေ့ဆက် ကျူးလွန်ဖွယ်များစွာ ရှိနေသေးသည့်သူ။

ထိုယောက်ျားနှင့် ပတ်သက်သည့် သတင်းအချက်တို့ကို 'ဦး' လွန်မင်းစွာ စိတ်ဝင်စားနေခဲ့သည်။

ထို့ကြောင့် တရားခံတစ်ယောက်ဟု သတ်မှတ်ဖွယ်တွေ ပေါ်ရှိ နေသော သူ့အကြောင်း ဆွေးနွေးနေကြသည့် လျှို့ဝှက်စကားများကို



www.burmeseclassic.com

www.burmeseclassic.com



အလွန်သေးသိမ်သော နည်းလမ်းနှင့် ချောင်းမြောင်းနားထောင် နေခဲ့မိ၏။

တစ်သက်နှင့်တစ်ကိုယ် ဤကဲ့သို့ မဖွယ်မရာသော အပြုအမူမျိုး မပြုခဲ့ဘူးပါ။

နှုတ်ခမ်းကို နာကျင်လာအောင် ဖိကိုက်ထားရင်း ကြားသမျှ စကားတို့ကို တစ်ခွန်းချင်း တစ်လုံးချင်း ဖမ်းယူသိမ်းဆည်း နေမိသည်။

တစ်ယောက်ပြီးတစ်ယောက် ပြောဆိုဆွေးနွေးနေကြသမျှ တစ်သံကိုပဲ 'ဦး' သိသည်။

ရဲအုပ်ကြီး ဦးမျိုးသော်၏ ကြည်သြသြအသံ။

ဦးမျိုးသော်က ဦးရဲ့ဖခင်။

'ဦး'အတွက် မိခင်လည်းဟုတ် ဖခင်လည်း ဖြစ်ခဲ့သည့် ဖေဖေ ကျန်သည့်စကားသံတွေဟာ ဘယ်သူ့အသံ ဘယ်သူဘယ်ဝါဆိုတာ ဦး မသိပါ။

စာကြည့်ခန်းကြီးထဲမှာ စုရုံးဆွေးနွေးနေကြသည့် အရေးပေါ် စည်းဝေးပွဲလေးက ရင်ခွင်၏ ရင်ခွင်ဟောင်း။

တစ်ယောက်ပြီးတစ်ယောက် ဟာကွက်မရှိအောင် ပြောဆို နေကြသည့် စကားသံများက ထွက်ပေါ်နေဆဲ။

" သူ့ခြေလှမ်းက ရှေ့ကိုဆက်ဦးမှာ သူကဥပဒေကို အမှောင်ထဲ မှာ ခေါင်းဝှက်ငုံ့လျှိုပြီး လုည့်ပတ်ဖို့ ကြိုးစားချင်တာ မဟုတ်ဘူး သူ့ကိုယ်သူ မုဆိုး။ ကျုပ်တို့လိုလူတွေက သားကောင် "

ခဏ တိတ်ကျသွားသည်။





ပြီးတော့မှ စကားသံ ပြန်ထွက်လာ၏။

" သူ့ရဲ့စိတ်ဝေဒနာကို သူမနှစ်မြို့ဘူး ဒါဟာ ပြစ်မှုကျူးလွန်ဖို့ သူ့ အတွက် အကာအကွယ်တစ်ခု ဖြစ်နိုင်ပေမယ့် ဒါကိုသူ မလိုချင်ဘူး တစ်ထောင့်ကိုးရာ ခြောက်ဆယ့်ကိုး မိန်းကလေးငါးယောက် သတ်ခဲ့တဲ့ ကေ့စ်မှာ သူဟာစိတ်ဝေဒနာရှင် တစ်ယောက်အနေနဲ့ လွတ်မြောက်ခဲ့တယ် လူတိုင်းက သူ့ကိုကံကောင်းတယ်လို့ ထင်ကြတာပဲ ဒါပေမဲ့ သူမကြိုက်ဘူး ဗျ ခြေလှမ်းလိုက်တဲ့ပုံက သူအခုထပ်ကျူးလွန်မယ် သူ့ဉာဏ်ရှိသရွေ့ ကစားမှာပဲ မလွတ်ရင်ခံ စိတ်ဝေဒနာရှင်ဆိုတဲ့ ကာဗာကိုသူမယူဘူး ဒါကြောင့် သိပ်ကိုကြောက်စရာကောင်းတယ်လို့ ကျုပ်ပြောတာ "

" မှန်တယ် ဦးဇော် ကောက်ချက်ချလိုက်တာ ရှင်းသွားတာပဲ"

" အခု ထပ်ဖြစ်တဲ့ ကမ်းသာယာ လူသတ်မှုဟာ လက်စ လက်နကိုကြည့်ရင် သူပဲ။ ဒါပေမဲ့ မဖြစ်နိုင်ဘူးလို့ ဆိုစရာတွေက အများကြီး "

" ဟုတ်တယ် ခြောက်ဆယ့်ကိုးကေ့စ်က လွတ်သွားပြီးတဲ့နောက် တစ်နှစ်အကြာမှာ 'ရင်ခွင်' က သဘော်နစ်လို့ သေသွားခဲ့ပြီ "

" ဒါက သတင်းတစ်ခုပဲ ခိုင်မာတာ ဘာရှိခဲ့လို့လဲ "

" မရှိခဲ့ဘူး ဒါပေမဲ့ ဖြစ်ခဲ့တာက ရေထဲမှာ သူသေပြီဆိုတဲ့ အတိအလင်း ဖော်ပြချက်တွေ ရှိခဲ့တာ သေချာနေတာနဲ့ပဲ ဒါဟာ ငြင်းဆန်လို့ မရတဲ့အဖြစ်တစ်ခုလို့ ဆိုနိုင်ပြီး သူနဲ့ပတ်သက်တဲ့ တစ်စုံ တစ်ယောက်က မဟုတ်ပါဘူး မသေပါဘူးလို့ ဖြေရှင်းချက် ထုတ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလေ ''

" အဲဒီ တစ်စုံတစ်ယောက်ကိုက မသေချာခဲ့ဘူးဆိုရင်ကောဗျာ ဒါပေမဲ့ ရင်ခွင်က တကယ်သေခဲ့ပြီဆိုရင်ကော ''

" အခု ကမ်းခြေမှာ အလောင်းမပေါ်ခဲ့ဘူးဆိုရင် ဒါဖြစ်နိုင်တယ် ဒါကြောင့်လည်း အားလုံးက သေပြီလို့လက်ခံခဲ့ကြတာ ဒုတိယ၊ သတ္တမ မြောက် အလောင်းတစ်လောင်း ထပ်ပေါ်လာတော့ ကျုပ်တို့က ရောပြီး ဒါကိုလက်ခံထားလို့ မရတော့ဘူး အလောင်းပေါ်က ခြေရာ လက်ရာက လွှမ်းခဲ့တဲ့ ရှစ်နှစ်က အတိုင်းပဲလေ ''

" ဘာပဲဖြစ်ဖြစ် သူကိုယ်တိုင် ဖျောက်ဖျက်ခဲ့တဲ့အတွက် ဒီတစ်ခါ သူ့ခြေရာကို ခံမိတာနဲ့ ကျုပ်တို့မလွှတ်တမ်း လိုက်ရမှာပဲ စိတ်ဝေဒနာရှင် ဆိုတဲ့အချက်ကို ဖယ်ထားမယ်ဗျာ ''

" ဒါတော့ မဖြစ်ဘူး မှတ်တမ်းရှိထားရင် ဥပဒေက ဥပဒေပဲ ပြီးတော့ ရှိခဲ့တဲ့ ဆေးမှတ်တမ်းတွေကို သူကိုယ်တိုင် ခိုးယူဖျောက်ဖျက် ပစ်တယ်ဆိုတာ ဖြစ်နိုင်ခြေပဲရှိတယ် သက်သေမရှိဘူး ''

" ဖြစ်နိုင်ခြေတွေထဲမှာ သူပဲလို့ သတ်မှတ်နိုင်တဲ့ ရုပ်လုံးက ကြွနေပြီပဲ ဒီလူဟာ ရုပ်ချောသလောက် ချမ်းသာတယ် သူဘယ်လောက် ချမ်းသာသလဲဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်ဘူး သူ့ရဲ့ဘိုင်အိုဂရပ်ဖီ အရ သူ့မှာမိဘမွေးချင်း မရှိဘူး ''

" ဒါက ဆေးမှင်ကြောင်တွေပါ တကယ်က သူ့မှာအသက်ပေး ရဲတဲ့အထိ သူ့အပေါ်သစ္စာရှိကြတဲ့ လူယုံတွေရှိတယ် သူအမှူးဆိုင်နေရတဲ့





အချိန်မှာသူ့အတွက် အစစအရာရာ ဝိုင်းပြီးကြိုးစားဆောင်ရွက် ပေးကြ တယ် ရေ့မှာတော့ ဘယ်သူမှလူလုံးထွက်မလာဘူး အဲဒီကတည်းက ရဲမှူးကြီးက ငြေပြာဖူးတယ် နောက်ကွယ်မှာ ကြောက်စရာ ကောင်းတဲ့ လူတွေရှိတယ်တဲ့ ''

" ဒါကတော့ ကဗျာတွေရေးနေတဲ့ လက်ကရေးတန့်မသွားတာကို မြင်လို့ ပြောတာပါ ရင်ခွင်က အချုပ်ထားခံရတဲ့ နေရာမှာလည်း ရယ်မော မပျက်ခဲ့ဘူး၊သူ့ကိုယ်သူ အိမ်ကမွေ့ရာပေါ်မှာ နေရသလို သက်တောင့် သက်သာ ကြည်ကြည်လင်လင်ပဲတဲ့ ''

" ကြောက်စရာကောင်းတာက သူ့ကိုကွင်းလုံးကျွတ်လွှတ်ခွင့် ပေးလိုက်တော့ ပြောသွားတယ်တဲ့ 'ကျွန်တော်ပျော်နေတယ်လို့ထင်လား' 'ခင်ဗျားပျော်မှာပါ'လို့ တစ်ယောက်ကပြောတော့ သူခေါင်းညိတ်တယ် 'ခေါင်းညိတ်တာ ခေါင်းခါတာဟာ အဖြေတစ်ခုလို့ သတ်မှတ်ရုံပါပဲ'တဲ့ 'ခင်ဗျားနဲ့ကျွန်တော် ထပ်ဆုံဖြစ်ဦးမှာပါ'တဲ့ ကဲ ''

" နေဦး အဲဒီလူကဘယ်သူလဲ ''

" ဦးနက်ကြုတ် ကြိုတင်ကြံစည်မှု ပိုင်နက်ကျူးလွန်မှုနဲ့ မိန်းမ နှစ်ယောက်ကိုသတ်မှု ''

'ဟင်ခနဲ ဟာခနဲ' သံတွေ ခပ်သဲ့သဲ့ ထွက်လာသည်။

ပြီးတော့ ခဏလေး တိတ်ကျသွားပြီးမှ

" သူကကော မိန်းမနှစ်ယောက်ကို ဘာလို့သတ်တာလဲ ''

" တစ်ယောက်က ယောက္ခမ တစ်ယောက်က ဇနီးလောင်း



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ထဲမှာ သူနဲ့ရင်ခွင်က ရင်းနှီးသွားကြတာ ဒါပေမဲ့ ရင်ခွင်က ချမ်းသာတယ် ရုပ်ရှင်မင်းသား သူကတော့ ဆင်းရဲတယ် အသား မည်းမည်းနဲ့ ရုပ်ဆိုးတယ် ရင်ခွင်ထက် အသက်ပိုကြီးတယ် ''

'' ဪ ''

အသံတွေ တိတ်ကျသွားပြန်သည်။

'' ဒါဆိုရင် ကျုပ်တို့က အခု လျှို့ဝှက်အစီအစဉ်နဲ့ စလှုပ်ရှားမယ်ပေါ့ ''

'' ဟုတ်တယ် ကမ်းသာယာမှာချည်းပဲ နှစ်လောင်းဖြစ်နေပြီဆိုတော့ နောက်ထပ်ဖြစ်ဖို့ ရှိနေတဲ့ အဲဒီပတ်ဝန်းကျင်ကိုပဲ သွားမယ်''

'' မှန်တယ် သူက တစ်နေရာတည်းမှာ နှစ်ယောက်ဆက်တိုက်သတ်ပြီး ဥပဒေကို စိန်ခေါ်တာ အဲဒီမှာပဲ သူ့ထပ်ကျူးလွန်ဦးမှာ ကျုပ်လည်း ပြောရဲတယ် ''

'' ဒါဆို ဌာနချုပ်က အထူးအေးကျင့်မလာခင် ကျုပ်တို့ ကြိုကာထားမယ် သူရောက်လာမှ မပြည့်စုံတာကို ထပ်ဖြည့်မယ် ''

'' ဘယ်နေ့လဲ ''

'' ဒီနေ့ပဲ စရအောင် ဘယ်သူအဆင်ပြေမလဲ ''

'' ကျုပ်ပြေတယ် ကျုပ်ကလူပျိုကြီး ဘယ်သူလိုက်မှာလဲ ''

'' ကျွန်တော်လိုက်မယ် ''

ဆွေးနွေးခြင်းက ပြီးဆုံးသွားပြီ ဖြစ်၏။

'ဦး' နံ့ရုံကနေ ခွာလိုက်တော့ ယိုင်ခနဲ ဖြစ်သွားသည်။





တောင့်မတ်စွာ ရပ်နေခဲ့သည့် ခြေထောက်အစုံက ကြာလာတော့ ကျင်ခဲနေပြီဖြစ်၏။

ခြေလှမ်းလိုက်မှ သိသည်။

နံရံကိုလက်ထောက်၍ တံခါးဝဆီသို့ ထော့နင့်ထော့နင်းနဲ့ပဲ သွားရသည်။ ဖေဖေစာကြည့်ခန်းထဲက ထွက်လျှင် သံပုရာရည် သောက်မည်။

အအေးဘူးထဲက ဖျော်ရည်ကို ဖေဖေဘယ်တော့မှ မသောက် 'ဦး' ဖေဖေ့အတွက် သံပုရာရည် ဖျော်ပေးဖို့ အဆင်သင့်ဖြစ်နေရမည်။

သို့သော်

တံခါးဖွင့်လိုက်တော့ အခန်းရှေ့က ဖြတ်လျှောက်သွားကြသော ရဲအရာရှိတွေနှင့် ဖေဖေက 'ဦး'ကို တစ်ချက်လှည့်ကြည့်သည်။

မျက်လွှာချမသွားတတ်သည့် ကိုယ့်ကိုယ်ကိုယ်ပင် ဘာဖြစ်သွားမှန်း မသိလိုက်မီ 'ဦး' မျက်နှာလွှဲပစ်ခဲ့မိ၏။

ဒါဟာ မရိုးသားမိသော ကိုယ့်အပြစ်ကြောင့်ပဲဟု ချက်ချင်း ဆင်ခြင်မိကာ ပင့်သက်လေးရှိုက်၍ မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

ဒါပေမဲ့ 'ဦး' သံပုရာသီး လှီးနေဆဲမှာပဲ ဖေဖေအနား ရောက်လာပါသည်။

'' ဖေဖေ ဒီနေ့ သောက်ချင်စိတ် မရှိဘူး သမီး မမျှော်ပါနဲ့တော့ ''



www.burmeseclassic.com

www.burmeseclassic.com



" ဟင် "

'ဦး' ဖျတ်ခနဲ မော့ကြည့်သည်။

" အင်း သောက်ချင်တဲ့ စိတ်တော့သိပ်မဖြစ်ဘူး ဒါပေမဲ့ သမီးက ဝတ္တရားကျေသလို ဖေဖေကလည်း သောက်မှအဆင်ပြေမှာပေါ့"

ဟုပြောရင်း တစ်ငုံနှစ်ငုံ ဖြစ်ဖြစ်တော့ ယူသောက်နေကျ မျက်လုံးချင်းဆုံလိုက်သည့် အချိန်မှာ စူးရဲသော ဖေဖေ့မျက်လုံးတွေကို 'ဦး' နားလည်သွား၏။

ဖေဖေ့အပြုံးကလည်း ခပ်ရိရိ ပိုင်နိုင်သော ရယ်မြူးရိပ်များနှင့်

" နားထောင်ရတာ ပြည့်စုံရဲ့လား သမီး "

'ဦး' ရှက်ပြုံးလေးနှင့် တစ်ဘက်ကို ပြန်လှည့်သည်။

ဖေဖေ ဘာပြောချင်တာလဲ ဆိုတာကို သိလိုက်သည်မို့ ဖျော်စက်လေးကို အနားရွှေ့ယူလိုက်သည်။

ဦးမျိုးသော်က 'ဦး'ရဲ့ဘေးတစောင်း မျက်နှာလေးကို စူးစိုက်ကြည့်၍ ဆတ်ခနဲ ခေါင်းညိတ်၏။

" အင်း ဖေဖေ့စကားတွေနဲ့ သမီးဖေဖေ့ကို ချည်တုတ်ပြီး မေးခွန်းတွေ ထပ်မေးမလာဖို့ အရင်ပြောရမယ် ပြီးမှ သမီးကိုဖေဖေ. . . "

ဦးမျိုးသော် စကားတိခနဲ ရပ်ကျသွား၏။

ဦး မျက်နှာလေး ချက်ချင်းလှည့်လာ၍ပါ။

" နေဦး "

သူပဲ ဦးဘာမှမပြောသေးမီ လက်ကာတားလိုက်ပြီး





" ရင်ခွင်နဲ့ပတ်သက်တဲ့အကြောင်း မဟုတ်ဘူးဆိုရင် သမီး သိချင်သမျှ ဖေဖေအားလုံး ဖြေလို့ရတယ် အခုက ဖေဖေတို့ ကိုယ်တိုင်လည်း သိပ်မသိဘူး သိထားသမျှ စောစောက သမီးကြားတာ အကုန်ပဲ ဖေဖေထပ်ပြောမယ် သမီးဒီ့ထက်ပိုပြီး စိတ်မဝင်စားပါနဲ့ "

စောစောက မျက်နှာမျိုးနှင့် လုံးဝကွဲပြားသွားသည်။

လေသံက ချက်ချင်းပြောင်းလဲသွား၏။

မပြောင်းလဲသည်က မျက်ဝန်းထဲက ဆုံးဖြတ်ချက်များ ဖြစ်၏။

ဖေဖေ့မျက်ဝန်းတွေကို ငေးခနဲကြည့်ဖြစ်ရင်း ဦး ကျန်နေခဲ့သည်။

ဖေဖေဟာ မျက်ဝန်းများနဲ့လည်း အမိန့်ပေးတတ်သူ 'ဦး'ကို ဘာမှမမေးဖို့ စပ်စုခွင့်မပြုနိုင်သော စည်းတစ်ချက်ထားခဲ့ပြီ။

သို့သော်

သံပုရာရည်ဖန်ခွက်ကို ဒီတိုင်းပဲ ကောက်ယူခဲ့ပြီး 'ဦး' ဖေဖေ့နောက်ကို လိုက်ခဲ့သည်။

စာကြည့်စားပွဲမှာ ထိုင်လိုက်တော့မလို လုပ်ပြီးမှ မတ်ခနဲ ပြန်ရပ်၏။

ထို့နောက်

'ဦး' ဝင်လိုက်လာတာကို လှည့်မကြည့်ဘဲ။

" သမီး ဖေဖေက 'ဟင့်အင်း'ဆိုရင် နောက်ထပ်ဘာမှ မလိုချင်တော့ဘူး "

'ဦး' ခြေလှမ်းတုံ့သွားပြီးမှ တစ်လှမ်းချင်း ဆက်တိုးသွားပါ၏



www.burmeseclassic.com

www.burmeseclassic.com



ကေသရာဇာလို ခြေလှမ်းမျိုးနှင့် ဖြစ်သည်။

" 'ယင်မနား မြွေပွေး'ရဲ့ သမီး 'ဦးရစ်ပဝါ'ပါ ဖေဖေ။ ဖေဖေတော်သလို တော်ခွင့်မရရင်တောင် သူများထက် နောက်ကျမကျန်ချင်ဘူး လူတွေအတော်များများ သိလိုက်မြင်လိုက်ကြတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်ကို 'ဦး' မြင်ဖူးချင်ပါတယ် "

" အဲဒါကို လုံးဝခွင့်မပြုနိုင်တာ "

ဦးမျိုးသော် လက်တစ်ဖက်နှင့် ကုလားထိုင်ကို ဆွဲဖယ်ပစ်ပြီး 'ဦး' နဲ့မျက်နှာချင်းဆိုင် လှည့်လာသည်။

မျက်လုံးချင်းဆုံကြည့်မိကြချိန်မှာ သားအဖလို မဟုတ်ဘဲ သူငယ်ချင်း ပြိုင်ဘက်တစ်ဦးကဲ့သို့ အကြည့်များနှင့်ဖြစ်၏။

ဦးက ဖန်ခွက်ကို စာအုပ်စင်၏ အစွန်းတစ်ခုမှာ မကြည့်ဘဲ လှမ်းတင်သည်။ သူမသည် ဦးမျိုးသော်ကိုသာ ကြည့်နေလျက်

" သူ့အကြောင်းဖော်ပြချက်တွေ နောက်ဆုံး သူ့ဓါတ်ပုံ ပိုစတာကအစ ထုတ်နှုတ်ဖျောက်ဖျက်ပစ်ခဲ့တဲ့သူ . . . "

" အဲဒီလောက်ကို ဆိုးခဲ့တာ ရင်ခွင်ဆိုတဲ့လူ ရင်ခွင်ကိုဘာ မကောင်းခဲ့တာ သိပ်ကိုနှလုံးနာဖို့ကောင်းတာ ဒါကိုဘာဖြစ်လို့ စိတ်ဝင်စားတာလဲ "

ဦးမျိုးသော်က စကားဖြတ်ပြောတော့ 'ဦး'က သူမ၏ဆိုလိုရင်း မဟုတ်သည်မို့ မျက်နှာလေးမဲ့၍ ခေါင်းခါပစ်သည်။

ဦးမျိုးသော် ကျွတ်ခနဲ စုတ်သပ်၏။





သူအလွန်ချစ်ခဲ့သော 'ဦးရစ်ပဝါ' ဆိုသည့် သမီးလေး မိတဆိုး သမီးလေးပေမယ့် အားမငယ်တတ်အောင် သူပဲပုံသွင်း ဖန်တီးခဲ့တာ ငယ်ငယ်ကတည်းက ဖြိုးသင်စရာမလိုအောင် ပါးပါးပျော့ပျော့လေး ရှိနေတတ်သော မဟူရာ ပိုးသားလိုဆံနွယ်လေးတွေ . . .

ဂုတ်ထောက်ဆံပင်ရှည်လေးက နဖူးပေါ်မှာလည်း အုပ်နေသည်။

မျက်ခုံးတို့ကို ကျော်လွန်ကာ မျက်လုံးဖွင့်လာလျှင် မျက်တောင်ကော့တို့ထက်မှာပင် ဖေးတင်နေသေး၏။

မကျေနပ်တော့တူးဆို 'တော်. . . တိတ်' လို့ ဝေါက်ပစ်လိုက်တာတောင်မှ မျက်နှာကို ခပ်စိုက်စိုက်ချုပ်တတ်ပြီး နှုတ်ခမ်းကို နှာတံထိပ်ဖျားလေးနှင့် ထိတော့မတတ် ကော့လန်တက်နေအောင် စူထော်ထားသည်။

အညိုရင့်ရင့် မျက်အိမ်ကျယ်လေးကို မျက်လွှာချထားသည့် ဘယ်တော့မရှိ အဆူခံရပြီဆို လက်ပိုက်ခေါင်းငုံ့နေတာက အပေါ်ပုံစံ

နှုတ်ခမ်းကို သိသာအောင် စူပြမည်။

မျက်နှာစိုက်ထားပေမယ့် မျက်လုံးမစိုက်

အရပ်ကလေးပုပုနှင့် ခေါင်းလည်းငုံ့ထားရတာတောင် မျက်နက်ဆန်လေးတွေ လန်တက်ပျောက်ကွယ်တော့မတတ် သူ့မျက်နှာကို မျက်ဖြူဆိုက်အောင်ပြန်ကြည့်တဲ့ သမီး

ဘယ်လောက်ဆူဆူ ရိုက်ရိုက်

အံကြိတ်ခံတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပါပြီ မပြောတတ်အောင် ကိုယ်ပဲသင်ထားပြီး ဒီအချိန်ကျမှ ကြောက်ရွံ့ရှိသေစေချင်တာ မဖြစ်နိုင်မှန်းတော့ သိပါသည်။

ဒါပေမဲ့ ငယ်ငယ်တုန်းကဆို ဆူနေရင်း ဒေါသထွက်ရင်းနဲ့ပဲ ဂျစ်ကန်ကန် အကြောက်အလန့် မရှိတဲ့ပုံစံလေးကို မြင်တိုင်း နှုတ်ခမ်းစေ့၍ မသိအောင် ပြုံးခဲ့မိသည်။

သူ့မျက်လုံးတွေကို မရမကအကဲခတ်ချင်၍ မျက်ဖြူဆိုက်အောင် လိုက်ခိုးကြည့်ပြီဆို ရယ်ချင်တာက တစ်မျိုး မျက်ဝန်းလေးတွေ အောင့်မှာစိုး၍ သူ့မှာမမျိုသိပ်နိုင်ဘဲ 'သွားတော့'လို့ နှင်လွှတ်ပြီး သက်ပြင်းချ ပြုံးမိရကာ အကြိမ်ကြိမ်။

ခုတော့ ဒီမျက်နှာ ဒီမျက်ဝန်းလေးတွေကို ဦးမျိုးသော် ပြုံးဖို့ သတိမရနိုင်။

ပြောဆိုမရသည့် ဂျစ်ကန်ကန် မာကျောကျော မျက်နှာကို စိတ်ပျက်စွာ ကြည့်မိသည်။

သူမလေးပြောမည့် စကားလုံးတွေကို တိမ်းရှောင်ကွေ့ဖယ်ဖို့ ခြေလှမ်းပြင်တာ မစရသေးဘဲ မှားချင်နေပြီ။

'ဦး'ကလည်း မလွှဲသောမျက်ဝန်းလေးများဖြင့် စူးစိုက်ကြည့်ရင်း

" သူက ရုပ်ရှင်မင်းသား တစ်ယောက်ပဲဖေဖေ. . . သူ့အကြောင်းကို 'ဦး' စိတ်ဝင်စားတာ သိပ်မထူးဆန်းပါဘူး "

တိတ်ဆိတ်ခြင်းကို စတင်၍ ဖြိုခွင်းသည်။

" ထူးဆန်းနေကြမှာ စိုးလို့ပဲ သူ့အကြောင်း သူ့ကဏ္ဍကို





တရားဝင် ချုပ်ငြိမ်းပစ်ခဲ့တာလေ. . . ရင်ခွင်ဆိုတဲ့ မင်းသားပျောက်ကွယ်သွားတာ ကြာလှပြီ သူနဲ့ပတ်သက်ပြီး ပရိသတ်လို စိတ်ဝင်စားတဲ့ မိန်းကလေး မရှိဘူး အနုပညာကို သပ်သပ်ခံစား တန်ဖိုးထားကြတာ မဟုတ်ဘူး သူ့ရုပ်ရည်ကို စိတ်ဝင်စားကြတာ ဒါဟာ ဖေဖေ ရိုင်းရိုင်းစိုင်းစိုင်း ဝေဖန်တာမဟုတ်ဘူး အနုပညာကြောင့် နာမည်ကြီးတဲ့သူ မဟုတ်ဘူးဆိုတာ ဒါတကယ့်အမှန်တရား "

ပြောနေသည့် ဦးမျိုးသော် လေသံက မာထန်လာခဲ့၏။

" ရင်ခွင်ဆိုတဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ထိ ညို့နိုင်သလဲဆိုရင် သူ့မျက်လုံးရှေ့မှာ ခြေစုံရပ်မိတဲ့ မိန်းကလေးဟာ ရှေ့မှာ ဓါးပဲမိုးထားထား မီးကွင်းနဲ့ပဲစွပ်ထားထား နောက်ကိုတစ်လှမ်းမှ ပြန်မဆုတ်ဘဲဖွတ်ရှေ့တိုးမှာသူ့မျက်လုံးမှေးပြီး တစ်ချက်စောင်းကြည့်လိုက်တာနဲ့ မူးမိုက်ကျန်ခဲ့အောင် ညို့နိုင်တာ "

" ကိုယ်ထင်ရင် ခုတင်ရွှေနန်းပါ ဖေဖေ သူ့ကိုစွဲစွဲလမ်းလမ်း ဖြစ်ခဲ့တဲ့ တစ်စုံတစ်ယောက်က နတ်သားတစ်ပါးလို့ တင်စားခဲ့ရင် ဖေဖေလည်း ဟုတ်တာပဲလို့ ထောက်ခံမှာလား "

" သူ့ကို တစ်စုံတစ်ယောက်ကပဲ မြင်ဖူးခဲ့တာဆိုရင် သမီးပြောသလို ဖြစ်နိုင်တာပေါ့ သူကနိုင်ငံကျော်ခဲ့တဲ့ ရုပ်ရှင်မင်းသား "

" ဒါဆို တစ်နိုင်ငံလုံးမှာရှိတဲ့ မိန်းကလေးတွေ မူးမေ့ကုန်ကြသလား "

ဦးမျိုးသော် မျက်နှာညိုမှောင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



‘ဦး’ က ခပ်ရဲရဲ ပြန်ကြည့်ကာ

“ ဦးက မသိလို့ မေးနေတာပါ ဖေဖေ ဖေဖေ့စကားကို ပယ်ချပစ်ဖို့ ဆွဲချရှေ့နေတစ်ယောက်လို ကြိုးစားနေတာ မဟုတ်ပါဘူး”

“ မဟုတ်ပေမယ့် မရှိတော့တဲ့ လူတစ်ယောက်ကို မှုးမေ့လောက်အောင် ချောပါတယ်လို့ ပြောနေရတာ နားမကြားတဲ့ သူကို ပုံပြောပြီး ယုံလားလို့ မေးနေရသလိုပဲ ”

“ သူရှိနေသေးတာပဲ ဖေဖေ အားလုံးကသေပြီလို့ ထင်ထားခဲ့ပေမယ့် မသေဘူးဆိုတာ ဖေဖေသိနေတာပဲ ပြီးတော့ ဖေဖေ့မှာ သူ့ဓါတ်ပုံ ရှိပါတယ် အဲဒါ ‘ဦး’ ကြည့်ပါရစေ ”

“ သမီး ”

ဦးမျိုးသော် ဟန်မဆောင်နိုင်တော့

ဒီပြဿနာ စပေါ်လာတော့ လျှို့ဝှက်ဆွေးနွေးဖို့ ကိုယ့်အိမ်ပေါ်မှာ စုဝေးခဲ့မိတာ သူပါပဲ။

ဒီအချိန်ထိ သမီးကို သူခေါင်းထဲ မထည့်မိသေး။

ဥပဒေဘွဲ့ရပြီး နောက်ထပ်စာမေးပွဲလည်း အောင်ပြီးသော ပညာတော်သင်ကျ ရှေ့နေကြီးဖြစ်သည့် သမီးတစ်ယောက်လုံးကို လူမမယ်လေးလို သဘောထားခဲ့မိတာလား။

သားတစ်ယောက်လို ရဲရင့်စေခဲ့တာကြောင့် သမီးပျိုလေးရယ်လို့ မမြင်မိခဲ့တာလား။

ဘာမှန်းမသိဘဲ သမီးကိုမေ့ပြီး စာကြည့်ခန်းထဲမှာ စုဝေးမိခဲ့၏။





ကြမ်းတိုက် လာလုပ်ပေးနေကျ မိုးချုပ်မှအိမ်ပြန်တတ်သည့် ဆယ့်လေးနှစ်သမီးလေး ဝေဝေဆိုသည့် ကောင်မလေးနှင့် တိုက်မိသေးသည်။

သူမကိုင်ထားသည့် ဖန်အိုးလေး ကျကွဲသွားလို့။

“ သမီး . . . ဟော့ . . . လက်ကြီးနဲ့လိုက်ကောက်မနေနဲ့လေ တံမြက်စည်းနဲ့သိမ်းပြီး အမှိုက်ကော်နဲ့ခံထား ”

သူ့မှာအမြင်မတော်တာကိုတဲ ကျော်လွှားမသွားနိုင်ဘဲ ဝေဝေ့ကို ကူညီပေးခဲ့မိသေးသည်။

ဒါလည်း ဒီကလေးမ ဒီမှာကူညီလုပ်ကိုင်ပေးခဲ့တဲ့ ကာလတစ်လျှောက်မှာ ဒါမျိုးမဖြစ်ခဲ့ဘူးတာကို မတွေးမိသေး။

လည်လိုက်တဲ့ ဦးရစ်ပဝါ။

သားအဘချင်း ကြိုးဝိုင်းရောက်နေခဲ့တာ လူချင်းမဟုတ်။

“ တီ တီ . . . ”

ဖုန်းက သံစဉ်လေးတွေ မြည်လာသည်။

ကိုယ့်ဒေါသနဲ့ကိုယ် သူဖိနှိပ်ချုပ်တီး၍ မဆက်ဘဲနေပေမယ့် ‘ဦး’တို့က ပန်းဝင်ကြိုးကို မမြင်မြင်အောင် ကိုင်ပြလိမ့်ဦးမည်။

ဖုန်းထဲမှာပေါ်နေသည့် နံပါတ်ကို စူးစိုက်ကြည့်၍ နှုတ်ခမ်းကို တွန့်မိ၏။

“ ဖေဖေ ”

“ ပြော ”

“ ဓါတ်ပုံက ဓါတ်ပုံပါပဲ ဖေဖေ . . . ဖေဖေ စိုးရိမ်ကြီးနေသလို



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဟိုတုန်းကရင်ခွင်ပြည့်ရှင်မင်းတွေတောင်မှ ကိုယ့်အပေါ် တိုင်းသူပြည်သားတွေ ဘယ်လိုမြင်သလဲဆိုတာ သိချင်လို့ အရပ်ဝတ်နဲ့ တိုင်းပြည်ထဲမှာ လှည့်လည်သွားလာနေခဲ့ကြတာ ဒါလည်းကိုယ့်ကို တိုက်ရိုက်ပြောတာ မဟုတ်ဘူးလေ နီးချောင်နီးဝှက် နားထောင်တယ်လို့ ပြောနိုင်သလား လူမှုကျင့်ဝတ် မစောင့်ထိန်းတဲ့သူလို့ ဖေဖေပြောမှာလား ''

ခုနစ်တန်းကျောင်းသူလေးပဲ ရှိသေးသည်။

ထိုသို့ ပြန်လှန်မေးခွန်းများနှင့် 'ဦး' က ချောင်ပိတ်နိုင်တဲ့ မိန်းကလေး။

'' အလောင်းတော် မဟော်သဓာကို ဒုက္ခပေးဖို့ အိမ်ရောက်လာတဲ့ အမတ်လေးယောက်ရဲ့ ကြံစည်မှုတွေကို ဖော်ထုတ်ပြီး အမယ်ရာကယ်တင်နိုင်ခဲ့တာလည်း ဒီနည်းနဲ့ပဲ သာဓကတွေအများကြီးပါပဲ ဖေဖေမှသာဝါဒကဲ့ဟာ ကံငါးပါးထဲမှာ တစ်ပါးဖြစ်နေတာတောင် 'မုသားမပါ လက်ာမချော ' ဆိုတဲ့ ဆိုးရိုးစကား ရှိပါသေးတယ် ''

အဲဒီတုန်းကတော့ သမီးလေးစကားတတ်တာကို သူ့မှာ သဘောကျလွန်းလို့ ကျေနပ်နေတဲ့ ကိုယ့်မျက်နှာကြီးကို ဟန်ဆောင်ဖုံးဖိ၍

'' ဟုတ်ပါပြီ ခင်ဗျားလေးပဲ ပြောပါတော့ အဖေကိုလည်း သင်ပေးပါဦးနော် ခင်ဗျားပဲတတ်ပါတယ် '' ဟု ဆလံတောင် ပေးမိသေးသည်။

ခုတော့ ဒီစကားတွေ ထွက်လာလျှင် နားရင်းထအုပ်မိဖို့က သေချာသလောက် ဖြစ်နေ၏။





သမီး ဒီပုံကို မြင်လို့မဖြစ်။

ရုပ်ရှင်သုံးကား ရိုက်ခဲ့တာ တစ်ကားမှ ရုံတင်ခွင့်မရခဲ့ဘဲ နိုင်ငံကျော်သွားခဲ့ရသည့် မိန်းကလေးတချို့နှင့် 'ရင်ခွင်' ဆိုသူ၏ အဖြစ်တို့ကိုလည်း ထပ်ရှင်းမပြချင်တော့။

နိုင်ငံကျော်ခဲ့သည့် မင်းသားရင်ခွင်ဟာ မိန်းကလေးတွေနှင့် ရုပ်ပွေချင်သူမဟုတ်ဘဲ သွေးဆာနေသူသာ ဖြစ်သည်။

ဒါပေမဲ့ သူ၏ဆာလောင်မှုက ကာမဆန္ဒကြောင့် မဟုတ်ဘဲ သူ၏ အမျက်ဒေါသကိုလိုခြင်း ဖြစ်နေသည်။

သူ ကျူးလွန်ခဲ့သမျှကို အပြန်ပြန်အလှန်လှန် ဘယ်လိုပဲစစ်စစ် ဒီအဖြေပဲ ထွက်ခဲ့သည်။

ဘာကြောင့်ဆိုတာ သူသာသိမည်။

ဒါကိုဖော်ထုတ်ဖို့တောင် ခက်ခဲနေဆဲမှာ သမီးကိုရှုပ်ထွေးမှုတွေထဲ ဝင်မပါစေချင်။

အလွန့်အလွန် ချောမွေ့လှပပါသည်ဆိုသော မိန်းမလှလေးများကိုပင် ရက်ရက်စက်စက် သတ်ပစ်ခဲ့သူဟာ . . .

'' ဒီလူဟာ နှလုံးသားမရှိတဲ့ လူသတ်သမား သမီးခေါင်းထဲက ထုတ်ပစ်လိုက်ပါ သွားတော့ ''

မသေချာပေမယ့် ယတိပြတ် အမိန့်ချလိုက်ပြီး ဦးမျိုးသော် ကျောခိုင်းလိုက်သည်။

'ဦး'ကလည်း သူစိုးရိမ်နေသည့်အတိုင်း ရှေ့ကိုတိုးရင်း၍



www.burmeseclassic.com

www.burmeseclassic.com



" သိချင်တဲ့တစ်စုံတစ်ရာကို သိခွင့်လည်းရှိနေသားနဲ့ ရင်ဘတ်ကြီးထဲမှာ ဖိသိပ်ပြီး 'ဦး' ဘယ်လိုလုပ် အိပ်ရမလဲ ဖေဖေ "

" အိပ်လို့မပျော်ရင် ငုတ်တုတ်ထိုင်နေလိုက် အိပ်ငိုက်လာတဲ့ အခါ သူ့အလိုလို ပြိုလဲသွားလိမ့်မယ် နောက်ထပ် စိတ်ဆိုးအောင် သမီး ထပ်လုပ်ရင် ဖေဖေ့ကိုအပြစ်မတင်နဲ့တော့ "

'ဦး' ထံမှ အသံတိတ်သွားသည်။

လှုပ်ရှားမှုလေးများပါ တိတ်ဆိတ်ငြိမ်သက်သွားပြီးမှ

" ရပါတယ် ဖေဖေပြောခဲ့ဖူးသလို မျှော်လင့်ချက်တွေနဲ့ အာခြောက်အောင် ပြောနေရပြီးမှ အရှုံးပေးကျန်ခဲ့ရတာ ဖေဖေ့လိုပဲ 'ဦး' ခံစားဖူးသွားပြီ နောက်ထပ် ဖေဖေ ဘာလုပ်ခဲ့သလဲ "

ဟင်

ဦးမျိုးသော် ဆတ်ခနဲ တုန်သွားသည်။

လှည့်ကြည့်လိုက်တော့ 'ဦး' မရှိတော့ပါ။

ဦးရစ်ပဝါ. . .

ဒီနာမည်ပေးခဲ့တာ . . . ဖေဖေ့ကို ညည်းရစ်နေဖို့ မဟုတ်ဘူး။

✿ ✿ ✿ ✿ ✿



## အခန်း (၂)

" ဟာ "

တစ်လုံးတည်းသော အာမေဋိတ်သံက ကျယ်ကျယ်လောင်လောင်ကြီး ထွက်သွားခဲ့၏။

ဖွင့်ကြည့်လိုက်မိသည့် ဗိုင်ကိုဖျတ်ခနဲ ပြန်ပိတ်၍ ထရပ်လိုက်လျှင် အရှိန်ကြောင့် ကုလားထိုင်က နောက်သို့ လျှောထွက်သွား၏။

" ဘာဖြစ်တာလဲ ဆရာမျိုး "

လူမစုံသေးလို့ ထိုင်စောင့်နေသည့် ဒုရဲအုပ်ထွန်းဝေက ကော့စ်အတိုချုပ်ကို ဖတ်နေရာမှ တအံ့တသြ မော့ကြည့်၏။

" ခဏ ခဏလေး "

ဦးမျိုးသော် ဟိုတယ်အောက်ထပ်သို့ ပြေးဆင်းရင်း ဟန်းဖုန်းထုတ်လိုက်သည်။

လှေကားတစ်ဆစ်ချိုးအကွေ့မှာ ရပ်ပစ်လိုက်ပြီး

သူသည် ဖုန်းလည်းမဆက်ဖြစ်ဘဲ ကျောက်ရုပ်တစ်ရုပ်ပို



www.burmeseclassic.com

www.burmeseclassic.com



မတ်မတ်ကြီး ငြိမ်ကျသွား၏။

သေချာပြီးသည့် အဖြေအတွက် မေးခွန်းထုတ်နေလည်း အပိုပဲဖြစ်လိမ့်မည်။ ထို့ပြင် သာယာနာပျော်ဖွယ် စကားဖြင့် ဝန်ချလာမှာမဟုတ်သော 'ဦး'ရဲ့ စကားတွေကို နားထောင်၍ ဒေါ်သတရားက ရင်ထဲမှာ ငြိမ်ငြိမ်သက်သက်လေး နေပေးမှာမဟုတ်။

အဖြစ်တို့သည် ရုပ်ရှင်ပြကွက်တွေလို သူ့မျက်ဝန်းများမှာ အရိပ်ထင်လာခဲ့၏။

သူ 'ရင်ခွင်'၏ ကော့စ်နှင့်ပတ်သက်သော ဓါတ်ပုံစာရွက် စာတမ်းအသစ်အဟောင်းတို့ကို သေချာထပ်အုပ် ပွေ့ပိုက်ပြီး ကားထဲအရင်ထည့်သည်။

ဝင်ထိုင်လိုက်ပြီးမှ

" ဖေဖေ ဖေဖေ့လေယာဉ်လက်မှတ် ကျန်ခဲ့ပြီ "

'ဦး' ထွက်ပြောတော့ သူ ဇဝေဇဝါ။

ဒီခရီးကိုသွားဖို့ဟာ သူညကတည်းက သေချာစီစဉ်ထည့်ခဲ့ပြီးသား။

ဒါပေမဲ့ ကုတ်အင်္ကျီကို ဝတ်လိုက်တော့ တကယ်ပါမလာတာဖြစ်သည်။

သမီးကိုလှည့်ကြည့်မိသေးသည်။

သူ့ကိုပြောပြီး ဆိုဖာမှာပင် ပြန်ထိုင်နေပြီ။

အစောကြီးကတည်းက သူမြင်နေတဲ့အတိုင်း ဘောင်းဘီတိုတို





လေးနှင့် ခြေချင်းချိတ်ထိုင်လျက် ဘာသာပြန်ဝတ္ထုကို ပြန်ကိုင်၏။

ကားတံခါးကိုသော့ခတ်မလို့ စိတ်ကူးလိုက်ပြီးမှ ပြန်မလှည့်ဖြစ်တဲ့တိုက်ထဲပြန်ဝင်သည်။

လက်မှတ်ကျန်ခဲ့တာ သိလျက်နဲ့ ယူလာပေးဖော်မရဘူးဟုတွေးဖြစ်ရင်း အနားရောက်မှ သမီးကိုငုံ့ကြည့်မိသေးသည်။

ဒါပေမဲ့ စိတ်ကောက်ပြီဆို ကျေနပ်အောင် တစ်ခုခုမပေးမချင်းဘာနိုင်းနိုင်း မရတတ်သည့်အကျင့်ဆိုးလေးကို သတိရမိ၏။

စေ့ထားသော စာကြည့်ခန်းထဲကို နောက်တစ်ခေါက်ဝင်၍လက်မှတ်ကို ယူလိုက်သည်။

စာရွက်အဖြူတွေကြားမှာ တစ်ဝက်ပေါ်နေသည့် လက်မှတ်ကိုမြင်တော့ ကိုယ်ပဲတကယ်မေ့ကျန်ခဲ့သလိုလို ဇဝေဇဝါ ဖြစ်မိသည်။

စာကြည့်ခန်းကို ညှော်သည်နှင့်ဆွေးနွေးချိန်မှလွဲ၍ သမီးကိုဝင်ထွက် ဖတ်ရှုခွင့်ပြုထားတာမို့ အမြဲတမ်းဖွင့်ထားခဲ့တာ ထုံးစံ။

အရေးကြီးပစ္စည်းတို့ကိုလည်း စာရွက်စာတမ်းတွေကအစဦးမျိုးသော် ဘယ်တော့မှ စာကြည့်ခန်းထဲမှာ မထားပါ။

ထိုစဉ်မှာ ဟိုဟာလေး ဖျတ်ခနဲ ဒီဟာလေး ရိပ်ခနဲ ဟိုတစ်စဒီတစ်စ တွေးမိခဲ့သေးသည်။

ဒါပေမဲ့ ကိုယ့်နည်းကိုယ့်ဟန်နှင့်တော့ ဘယ်ဟာမှ ကွက်လပ်မရှိ။

စာကြည့်ခန်းကထွက်တော့ တစ်နေကုန် အလ[illegible]လျှော်



www.burmeseclassic.com

www.burmeseclassic.com



သမီးကိုသတိရလိုက်သည်က ညွှေ့သည်တွေစုဝေးပြီး စကားပြောနောက်မှ ဟန်းဖုန်းဝင်ပေးသည့် သမီး၏တမင်တကာကို သတိထားမိတော့မှ. . .

ငါမှားပြီဆိုတာ သိလိုက်သည်။

အလုပ်ကိစ္စစကားပြောပြီဆို မပြီးမချင်း တခြားညွှေ့သည်နဲ့ မတွေ့ အခန်းတံခါးမဖွင့်။

လာခေါ်တာတောင် မကြိုက်မှန်းသိလျက်နှင့် တံခါးခေါက်ပြီး ဖုန်းလာပေးသည်။

'အရေးတကြီး ဖုန်းဝင်လာမှာ စိုးလို့ဖေဖေ '

ဟု ပြောသွားပေမယ့် ဒီအကြောင်းအရာတို့ကို စိတ်ဝင်စားနေပြီမှန်း သိသာသော မျက်လုံးတို့က ဖုန်းကိုလှမ်းပေးသော လက်မှာမရှိ။

စားပွဲပေါ်မှာ ဖြန့်ထားသမျှ ဖိုင်တွေ စာအုပ်တွေပေါ်သို့ စေ့စေ့စပ်စပ် ဝေ့ဝဲသွားခဲ့သည်။

ထိုကတည်းက သူသိလိုက်သည်မှာ 'ရင်ခွင်' ကို သမီး မြင်ဖူးဖို့ ကြိုးစားပြီဟု

ဒါပေမဲ့ အကျိုးအကြောင်း ပြောပြလိုက်ရင် ပြီးပြီဟု တွက်ပြီး ဆွေးနွေးခြင်းကို အရှိန်မလျှော့ဘဲ 'ရင်ခွင်' ဘာလဲဆိုတာ ပိုမိုသိသာပေါ်လွင်အောင် ပြောပြလိုက်သည်။

တစ်ဖက်ခန်းထဲမှာ သမီးနားထောင်နေမှာကို သိ၍ဖြစ်သည်။

သမီးငယ်ငယ်က ဒီပြဿနာမျိုး ဖြစ်ဖူးသည်။

" ဘယ်တော့မှ ဒီလိုမလုပ်ရဘူးလို့တော့ သတ်မှတ်လို့ မရဘူး





'ဦး' မျက်လုံးထဲမှာတော့ ဘာမှမထူးခြားပါဘူး ဖေဖေ အရမ်းစိတ်ဆိုးနေမှာကို 'ဦး' သိတယ် လာပို့ပေးရမလားဟင် "

ဦးမျိုးသော် ကိုယ့်မျက်နှာကို ဘယ်သူမှလည်း မမြင်ဘဲ မျက်မှောင်ကြီးကုတ်၍ ပိတင်းပစ်မိသည်။

" မဖို့နဲ့ အခု အဲဒီဓါတ်ပုံ သမီးရှေ့မှာရှိနေရင် မှောက်ထားလိုက် ဒါမှမဟုတ် တစ်ခုခုနဲ့ ကောက်ပိတ်လိုက်ပါ။

နှုတ်မဆက်ဘဲ ဖုန်းချပစ်လိုက်၏။

တစ်ဘက်မှာ ဖုန်းပိတ်ရင်း 'ဦး' မျက်ဝန်းလေးတွေ စူးငေးသွားခဲ့တာ ဓါတ်ပုံဆီမှာပဲ ဖြစ်လေသည်။

သူဟာ တမင်ဖြားယောင်းညှို့ငင်နေတာ မဟုတ်။

ရေးလက်စပန်းချီကား တစ်ချပ်ရှေ့မှာ ထိုင်နေတာဖြစ်သည်။

ဓါတ်ပုံကပခုံးအောက်လောက်ထိ ဖြတ်ယူထားတာမို့ ကုလားထိုင် ကျောမှီမှာ တံတောင်တစ်ဖက် နောက်ပြန်လှည့်ချိတ်ပြီး ပန်းချီကားကို ခပ်စောင်းစောင်း ပြန်ငဲ့ကြည့်နေသည့် မျက်နှာက သုံးချိုးနှစ်ချိုး။

နောက်ခံပင်က ဂုတ်အောက်ရောက်အောင် ရှည်သည်။

ရှေ့ဆံပင်က အလယ်ခွဲ မထူမပါးဖြစ်ကာ နားသယ်စပ်နေရာများမှာရှင်း၍ စိမ်းညို့နေသည်။

မျက်ခုံးက သိပ်အထူကြီးမဟုတ်။

ခပ်တွန့်တွန့် မျက်ခုံးနှင့်မှေးဝင်းကြည်နေသော မျက်ဝန်းများမှာ



www.burmeseclassic.com

www.burmeseclassic.com



တိုစိပ်စိပ်မျက်တောင်တို့က မည်းနက်နေသည်။

ကိုယ့်ကိုကြည့်နေတာ မဟုတ်ဘဲလည်း ငေးနေချင်သည်။

တမင်လုပ်အောင် နေတာမဟုတ်မှန်း သိလျက်နှင့် သူထိုင်နေပုံ မျက်မှောင်ကုတ်၍ ပြန်ငဲ့ကြည့်ပုံ။

အားလုံးက တစ်ခုချင်းညို့ငင်နေသည်။

'ဦး' ဖေဖေ့ကို ညာခဲ့ပါသည်။

ရင်ခွင်ဆိုသော ယောက်ျားတို၏မျက်လုံးရှေ့မှာ မဟုတ်ဘဲ 'ဦး' မှင်တက်မိသွားခဲ့တာကို ဖုံးဖိပြောခဲ့မိသည်။

ဖေဖေစိုးရိမ်ခဲ့တာကို 'ဦး' နားလည်သွားသည်။

ရင်ထဲမှာပြင်းထန်စွာ ဖြစ်ပေါ်လာခဲ့သော ဆန္ဒများသည် မျက်လုံးတစ်စုံကို မဖြစ်မနေ မြင်တွေ့ချင်လာမိခြင်း ဖြစ်၏။

ထိုမျက်လုံးတို့၏ ပိုင်ရှင်ဟာ ရင်ခွင်။

✿ ✿ ✿ ✿ ✿



# အခန်း (၃)

" ဘာ . . . ဖားအံကို ဟုတ်လား "

'ဘာ' တစ်လုံးက ဆောင့်ခုန်ထွက်သွားကာ နောက်ဆက်တွဲ စကားလုံးတို့ကို ထိတ်ထိတ်ပျာပျာ ဖြစ်မကုန်အောင် ထိန်းချုပ်လိုက်နိုင်၍ တော်ပါသေးသည်။ -

ဒီရက်ပိုင်းမှာ ဦးမျိုးသော် 'ဟင်' ခနဲ 'ဟာ' ခနဲ ဖြစ်ဖြစ်ကုန်ကာ ဖုတ်လိုက်ဖုတ်လိုက် ကျန်ခဲ့သည့် နှလုံးသားက လူပျိုဘဝမှာ မိန်းမ ပိုးတုန်းကထက် ပို၍ပြင်းထန်၏။

နှလုံးရောဂါ အစပျိုးထောင်နေတာလည်း ဖြစ်နိုင်သည်။

သူ့မှာ အဲဒီလောက်ထိ

'ဦး' မျက်နှာကို စူးစိုက်ကြည့်၍ ရှာဖွေတာ ဘာမှမတွေ့။

ဒီလောက်ထိ 'ဦး' ဟန်မဆောင်တတ်တာကို သူသိသည်။

ထို့ပြင် သူ ဟန်ဆောင်လိုက်တာကို ဖော်ထုတ်ဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



လာသည့် ဦးမျက်ဝန်းတွေကိုပင် ထပ်ဆင့်ရှောင်ရှားရပြန်ကာ

" ဘားအံကို ဘာသွားလုပ်ကြမှာလဲ "

မကြည်လင်သည့်မျက်နှာကို ဦးက စူးရူးစမ်းစမ်းလေး ကြည့်၍

" အလည်သွားမယ့်ဟာ ဘာသွားလုပ်ရမှာလဲ ဖေဖေရဲ့ အဲဒီမှာ သူငယ်ချင်းသုံးယောက်တောင် ရှိတာ ဒီကိုခဏခဏ ပါလာဖူးတဲ့ ပြည့်ဖြိုးသန့်လေ သူမင်္ဂလာဆောင်မှာ "

'ဦး' က ပြောနေရင်း အဆင်သင့်ချထားသည့် ဖိတ်စာလေးကို ကိုင်ပြပြီး

" ဒီမှာ ဖိတ်စာလေ 'ဦး' တို့က အစကတည်းက ကတိရှိကြတာ ဘယ်လောက်ဝေးတဲ့ အရပ်မှာပဲ မင်္ဂလာဆောင်ဆောင် ကျန်တဲ့ နှစ်ယောက်ဆီကို ဖိတ်စာရောက်အောင် ပို့ရမယ် နှစ်ယောက်ကလည်း သွားဖြစ်အောင် သွားရမယ်လို့ ဒါကြောင့် 'အပြာ' နဲ့ 'ဦး' အားလုံး စီစဉ်ပြီးကြပြီ "

" အားလုံးစီစဉ်လိုက်တာ မြန်လှချေလား ဖိတ်စာမနက်ကမှ ရောက်တာဆို "

" ဘာလိုလို့လဲ ဖေဖေ ဝတ်စုံပြေးဝယ်လိုက်တာ မိနစ်ပိုင်းပဲ ကြာတာ အဝတ်အိတ်တစ်အိတ် ပြင်လိုက်ရင်ရပြီ ကားကလည်း အဲဒီဘက်မှာ လိုင်းဆွဲနေတဲ့ 'အပြာ'တို့ကားတွေ ရှိတယ် 'ဦး' တို့အတွက် သီးသန့် ထိုင်ခုံရမှာ ခရီးထွက်တဲ့ ဇာတ်သုတလည်းရမယ် ဟိုရောက်ရင်လည်း ပျော်ရဦးမှာ အဲဒါကြောင့် ဖေဖေပြန်ရောက်ရင်တောင် 'ဦး'





ပြန်ရောက်ချင်မှရောက်မှာ လို့ပြောတာ ဟိုမှာအရမ်းလှတဲ့ ဖွဲကပင် တောင်ကြီးရယ် ပြီးတော့ "

" တော်ပြီ သမီး "

ဦးမျိုးသော် မျက်နှာကိုပိုတင်းသည်။

ဘာမှမဟုတ်သည့် မျက်နှာနှင့် တားလိုက်နိုင်ဖို့ ဟန်လုပ်နေရတာ မစားသာ။

" သမီး မဖြစ်မနေ သွားမယ်ဆိုရင်တောင် ဖေဖေ ကြာကြာ ခွင့်မပြုဘူး "

" ဖေဖေကလည်း ခရီးထွက်မှာ ဥစ္စာ "

'ဦး' နှုတ်ခမ်းလေး စူသွားသည်။

ထိုနှုတ်ခမ်းလေးကို ဦးမျိုးသော်က သေချာစိုက်ကြည့်သည်။

ခရီးတစ်ခုကို မသွားရလို့ ကလေးလို စိတ်ကောက်တာ တကယ်လား။

ရင်ထဲမှာ ပူလောင်နေမိသည့် သောကက လူသိမခံရဲဘဲ မျိုသိပ်ထားရတာ ပိုဆိုးနေသည်။

တကယ်တော့ ဦးမျိုးသော်တို့ လျှို့ဝှက် 'စစ်ဆင်ရေး' အတွက် ဦးတည်ထားခဲ့တာ 'ဖားအံ' ပဲဖြစ်သည်။

စာကြည့်ခန်းထဲမှာ ဆွေးနွေးကြစဉ် 'ကမ်းသာယာ'လို့ အတိအလင်း ထည့်ပြောလိုက်တာက ပရိယာယ်တစ်ခု

ဒါကလည်း သမီး တဖက်မှာ နားထောင်နေနိုင်မှန်း၍



www.burmeseclassic.com

www.burmeseclassic.com



သူမျက်ရိပ်ပြပြီး တစ်ဘက်လှည့် ပြောခဲ့တာဖြစ်သည်။

အားလုံးကလည်း လျှင်သည်။

သူပြောသလိုပဲ လိုက်ပြောကြသည်။

တကယ်သွားကြမှာက ကမ်းသာယာမဟုတ်။

'ရင်ခွင်' ဆိုသူ၏ သတင်းနှံ့ယူရတာ လေကိုဆုပ်ဖမ်းရသလို ဖြစ်နေသော်လည်း အနီးစပ်ဆုံး ခန့်မှန်းလိုက်ခြင်းဖြစ်သည်။

ဘယ့်နှယ် ဒီနေရာကိုပဲ ဒီရက်ကျမှ သမီးကသွားမည်ဆိုတော့

" အိမ်မှာလည်း ဘာအလုပ်မှ ရှိတာမဟုတ်ဘူး ဖေဖေပဲ သူငယ်ချင်းတွေနဲ့ အလည်လေးဘာလေး ထွက်ပေါ့ဆို "

" သမီးသွားမှာက နီးနီးလေးလား ပြီးတော့ အရေးအကြောင်း ရှိလို့ ဆက်သွယ်မယ်ဆို သမီးဘယ်ကိုဆက်သွယ်နိုင်မလဲ ဖေဖေက အလုပ်နဲ့ သွားနေရမှာ "

" အရေးအကြောင်းရှိစရာ ဘာမှမရှိပါဘူး သွားမှာကလည်း အပြာတို့အိမ်ကကားနဲ့ ကားကသူညီလေးမောင်းမှာ သွားဖို့စီစဉ်ပေးမှာက အပြာမာမီ အန်တီချစ်ချစ်က သူ့သမီးအတွက် ဂရုစိုက်လိုက်တာမှ အပြင်ထွက်ခါနီးတောင် 'ခဏနေဦး' ဆိုပြီး ရှေ့ကနေ ပြေးရပ်ကြည့်တဲ့ အမေမျိုး ထွက်သွားပြီဆို တံခါးဝကနေ မျက်စိတစ်ဆုံး ရပ်ကြည့် ကျန်ခဲ့တာ "

ဦးမျိုးသော် စိတ်မကောင်း ဖြစ်သွားမိသည်။

သမီးလေးခမျာ ဒီလိုမျိုးမိခင်တစ်ယောက်၏ နွေးထွေးသော





ဂရုစိုက် စောင့်ရှောက်မှုကို မခံစားခဲ့ရရှာ။

ကျန်တာအားလုံးကို မေ့လျော့သွားကာ ဦးမျိုးသော်ရင်ထဲမှာ ထိခိုက်သွားခဲ့လေသည်။

တိုက်တာခြံမြေနဲ့ ကိုယ်ပိုင်ကားနဲ့ ပြည့်ပြည့်စုံစုံ နေနိုင်ခဲ့သည်က မိဘဘိုးဘွားလက်ထက်ကတည်းက ပြည့်စုံကြွယ်ဝခဲ့သည့် အတိုင်းအတာ တစ်ခုသာဖြစ်သည်။

သူ့အင်အားဖြင့် တိုးပွားချမ်းသာရအောင် တခြားစီးပွားရေး ဘာညာ ဦးမျိုးသော် ဘာမှဝါသနာမပါ။

မတိုးတက်ခဲ့ပေမယ့် ဆုတ်ယုတ်မှု မရှိအောင် ထိန်းသိမ်းဖို့သာ ကြိုးပမ်းခဲ့မိသည်။

ထို့ကြောင့် သမီးကိုလည်း စီးပွားရေးလောကထဲ ရောက်သွားမှာ စိုးသည်။

မိန်းကလေးမို့ ပိုစိုးရိမ်သည်။

ခေတ်ရေစီးကြောင်းက ဘယ်ကိုပဲ ဦးတည်တိုက်စား နေပါစေ မိန်းကလေးဟာ မိန်းကလေးပဲဖြစ်၏။

သမီးကို မိခင်တစ်ယောက်၏ မျက်လုံးမျိုးနှင့် စောင့်စေ့အောင် သူ ကြည့်မနေနိုင်။

ထို့ကြောင့် အနားမှာပဲ ထားခဲ့သည်။

သူတတ်သလို ကိုယ်ခံပညာတွေပဲ သင်ပေးခဲ့သည်။

သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင် ပစ်တတ်အောင် ခင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားဧ၏။

ဒါဟာ သူပေးခဲ့တဲ့ အမွေပဲဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သမီးလေးကို သူရင်ငွေ့တစ်ခြမ်းသာ ပေးနိုင်ခဲ့ပါသည်။

စကားတစ်ခွန်းတည်းနှင့် ကျဆုံးသွားသော ဦးမျိုးသော်မျက်နှာကို အကဲခတ်မိကာ 'ဦး'က မျက်နှာရှေ့ထိ တိုးရပ်လိုက်သည်။

" ဖေဖေ 'ဦး' ဆိုလိုချင်တာက ဒါကိုမဟုတ်ပါဘူး ဖေဖေပေးနိုင်သမျှ ပေးထားခဲ့တဲ့ထဲမှာ 'ဦး' ပြည့်စုံပါတယ် ဖေဖေရယ် စကားများသွားရင် ခွင့်လွှတ်ပါနော် "

'ဦး' ဖေဖေ့ကို ဖက်ထားလိုက်မိသည်။

တစ်ယောက်နဲ့တစ်ယောက် မျက်နှာညိုမခံခဲ့ကြတဲ့ မေတ္တာတွေက နည်းသလား ဖေဖေရယ်။

ဖေဖေ့ကို 'ဦး' က အဖေလိုကော အမေလိုပါ ချစ်တာ။

'ဦး' ရင်ထဲက စကားတွေကို ကြားနေရသလို ဦးမျိုးသော်၏လက်တစ်ဖက်က 'ဦး'ရဲ့ ဆံစလေးများပေါ်မှာ တယုတယ ပွတ်သပ်လာ၏။ မတတ်နိုင်တော့ပါ။

ဒီခရီးတစ်ခုတည်းကို သားအဘနှစ်ယောက် ဦးတည်မိခြင်းသည် တိုက်ဆိုင်မှုတစ်ခုဟုသာ မှတ်ရတော့မည်။

သို့သော် စာရွက်ပေါ်မှာ ချရေးခဲ့တာမဟုတ်။

သူမနှင့်နီးစပ်သော တစ်နေရာရာမှာ ပြောဖြစ်ခဲ့တာ မရှိပါဘဲ





တိုက်ဆိုင်စွာ တူညီနေခြင်းသည် . . .

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဖွဲ့ကပင်တောင်ကြီးကို ငေးကြည့်ရင်း ကိုယ့်ခရီးစဉ်အတွက် ရေးရာသော ရာနိုင်နှုန်းကို ခွဲထုတ်ကြည့်နေမိသည်။

" မရေးရာတာက ရှစ်ဆယ်ရာနှုန်းပဲ ငါပြောရဲတယ် "

ကောက်ကာငင်ကာ ထပြောလိုက်သည့် အပြောကို ဦးလှည့်ကြည့်သည်။

လှမ်းလှမ်းမှာ ထိုင်နေသော ဖြိုးကဘာမှမပြောဘဲ ပြုံးနေသည်။

" ကိုးဆယ့်ကိုးရာနှုန်းပဲ မိုင်းနပ်စ်ပြနေပစေ အဲဒီတစ်ရာနိုင်နှုန်းကို ငါတော့ ဆုပ်ထားမှာပဲ "

" ဆုပ်ပါ ရှင်မိဖို့ပဲ လိုပါတယ် ဒီမှာလည်း အပျိုစစ်စစ်ကနေ မင်္ဂလာဆောင်လိုဆောင်ရ ဖားအံကို နင့်အဖေရောက်လာရင် ဒီကိစ္စ မဟုတ်မှန်းသိမှာပဲ နင်ဘယ်လိုလုပ်မလဲ "

ဖြိုးက မတ်တပ်ထရပ်လိုက်ပြီး လေနဲ့ပါသွားသည့် ဆံစတွေကို





နောက်ပြန်သိမ်းသည်။

'ဦး'တို့အုပ်စုသည် ထန်းပင်ကလေးအောက်ကို လျှောက်လာရင်း

" ပြီးတော့ ဖြိုးက သူ့ဦးလေး ကားပတ်နဲ့ ပြန်လိုက်ရမှာ နင်က ငါ့အိမ်မှာလည်း နေချင်တာ မဟုတ်ဘူး ဘယ်လိုလုပ်မလဲ "

" နင့်အိမ်မှာ မနေပေမယ့် နင်ငါ့နားမှာရှိရင် ပြီးတာပဲ "

ဦးက ဖွတ်ပြောသည်။

ဖြိုးနဲ့အပြာ တစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်မိကြ၏။

" ဒါဆိုလည်း နင် ဖြိုးနဲ့ပဲ သွားနေပါ ဦးရယ် ဟိုတယ်မှာ မိန်းကလေးတစ်ယောက်တည်း နေစရာလား ဘယ်လောက်သဘိက္ခာကျ အကျည်းတန်လဲ ဖြိုးက နင့်သိလာဦးတော့ မိဘမောင်ဘွားက ဟစ်ခေါက် နှစ်ခေါက်ဆို ကြိုက်မလား နင့်ကိုကော ဘယ်လိုထင်သွားမလဲ "

ဦး မျက်မှောင်လေးကုတ်၍ ငြိမ်နေသည်။

" ဖြိုးတို့အိမ်က သူ့အန်တီတစ်ယောက်ပဲ ပွစိပွစိ ပြောတတ်တာ ပါဟာ ဘာဖြစ်သေး ကိုယ်ကခဏနေကာပဲဟာ မဟုတ်ဘူးလား ဖြိုး "

" အေးလေ အန်တီသန့်က မျက်နှာပေါက်ဆိုးတာပါ ဒီလောက်တော့ မဟုတ်ပါဘူး ငါကလည်း ကိုယ့်သူငယ်ချင်း မျက်နှာငယ်ရလောက်အောင် ကြည့်နေပါ့မလား "

တစ်ယောက်တစ်ခွန်း ဝင်ပြောကြတော့ ဦး ငြိမ်နေလိုက်သည်။ တကယ်တမ်းကျတော့လည်း ကိုယ့်ရည်ရွယ်ချက်က ဦးတည်ရာမဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံးရင် ရွာတွေ့မှာပေမယ့် လမ်းဆုံးက ဘယ်မှာမှန်း မသိသေး။

သူမ အပတ်တကုတ် လေ့လာဖော်ထုတ်ခဲ့၍သာ ဖေဖေတို့ ခြေရာခံခဲ့သော လမ်းကြောင်းကို သိခွင့်ရခဲ့သည်။

ဖားအံမှာ ဘယ်လိုရှာမလဲ။

သွားလာနေထိုင်သူ မဟုတ်သော ကိုယ်ယောင်ဖျောက်နေသည့် လူသတ်သမားတစ်ယောက်ကို ခြေရာခံဖို့ ကြိုးစားနေတာ သူမ မှားနေသလား။

ဤသို့ တွေးမိတိုင်း 'ငါမမှားဘူး' ဟု ပြန်ဖြေမိသည်။

'ရင်ခွင်' ကို တွေ့ရမှဖြစ်မည်။

ထိုသူကို သေချာမြင်ချင်သည်။

တွေ့ရမည်ဟု ယုံကြည်နေခဲ့တာက ဘာကြောင့်နိုင်မှာ နေမှန်း မသိ။

" ဦး "

" ဘာလဲ "

" အဲဒီတစ်ယောက်က ဘာလဲဟ "

" ဘာမှမလဲဘူး ငါ့အစ်ကိုဝမ်းကွဲပဲ အိမ်သားတွေနဲ့ မတည့်လို့ ထွက်သွားတာကြာပြီ အခု သူ့အိမ်မှာ အမွေကိစ္စတွေ ဖြစ်လာတော့ သူမရလိုက်မှာစိုးလို့ ငါလာရှာတာ "

" သူ ဒီမြို့မှာလို့ နင့်ကိုဘယ်သူပြောလဲ "





" ဖေဖေ ပြောလို့ပေါ့ ဖေဖေက တကူးတကရှာမှာ မဟုတ်ဘူးဟ သူ့အလုပ်ကိစ္စနဲ့သူ နားစွင့်ရုံပဲစွင့်မှာ ငါတို့မောင်နှမချင်းကတော့ ဒီလိုဘယ်နေနိုင်မလဲ ဒါကြောင့် ငါ့အစီအစဉ်နဲ့ငါ ထွက်လာတာ "

သူငယ်ချင်းတွေကလည်း ခပ်နုံနုံတွေ မဟုတ်တော့ သေချာလှည့်ပတ်ပြောရသည်။

အမှန်အတိုင်း ပြောလိုက်လို့ကတော့ ဘယ်သူကမှ ကူညီကြမှာ မဟုတ် ဒါတောင် ရှုံ့မဲ့ခေါင်းခါနေကြသည်။

" နင့်ဟာမဟုတ်သေးပါဘူး ဦးရယ် နင့်အဖေပြောသလို ဒါ သူ့မိသားစုကိစ္စ ကိုယ်ပူစရာမှ မလိုတာ ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတာလည်း သတိထားဦးမှပေါ့ မိဘသဘောမတူဘဲနဲ့ ဒီလောက်ခရီးကို နင် မလာသင့်ဘူး "

အပြောက မသက်မသာ ညည်းရင်း သစ်ပင်စိမ်းနုနုလေးတွေပေါ်မှာ ဒီတိုင်းပဲ ထိုင်ချလိုက်သည်။

ဦးက အဝေးကို ငေးနေရာကနေ ပြန်ငုံ့ကြည့်၍

" နင်တို့က ငါ့ကို ကဲ့ရဲ့ချင်တာလား "

" လုပ်ပြီ တွေ့လား ကိုယ့်သူငယ်ချင်း အရင်းကြီးမို့လို့ စေတနာနဲ့ ပြောနေတာ သုံးယောက်ဝိုင်းတိုင်ပင်လိုက် ထသွားလိုက်ဆို ဘာအရေးလဲ အခုက နင့်ကိုထားခဲ့ပြီး ပြန်ရတော့မှာ ဖြိုးကလည်း နင်သွားမယ့်လမ်းတိုင်း တကောက်ကောက် လိုက်ပေးနိုင်မှာ မဟုတ်တာ သေချာတယ် "



www.burmeseclassic.com

www.burmeseclassic.com



အပြာ ပြောတော့ ဖြိုးက ခေါင်းလေးမတ်လာ၏။

" ငါက . . . "

" မလိုပါဘူး "

ဦးက အပြောမခံ။

" ငါ အပေါင်းအသင်း သူငယ်ချင်းအားကိုးနဲ့ လာတာမှ မဟုတ်တာ ကိုယ့်ကိစ္စနဲ့ကိုယ်လာပြီး သူများကိုဆွဲထည့်ဖို့ မသင့်တာ ငါ မတွေးမိဘဲနေမလား နင်တို့ဘာမှပူစရာ မလိုဘူး ငါ့ကိုယ်ငါ စောင့်ရှောက်နိုင်တယ် "

အပြာ သက်ပြင်းချမိ၏။

မျက်နှာကိုမော့လိုက်တော့ အလွန်လှသော ဖွဲကပင်တောင်ကြီးက မြူနှိုးတွေဝေနေ၏။

တောင်ခြေအလှအပများမှာ အပြာရစ်သမ်းလျက် စိမ်းမြညို့မှောင်နေသည်။

ထိုတောင်သည် တောင်ခြေ၏ နက်နဲလှသော တောအခြေထဲမှာ 'ဦး' တစ်ယောက်တည်း ချွေးဒီးဒီးကျလျက် မျက်စိလည်နေသည့် ပုံရိပ်လေး ဖျတ်ခနဲထင်ရင်း ရင်ထဲမှာ မောသွားသည်။

'ဦး'ဟာ အလွန်မာနကြီးသည့် မိန်းကလေး

နွဲ့နွဲ့နှောင်းနှောင်း လှလှပပလေး ဖြစ်လာလျက်နှင့် စိတ်က မာဆတ်ဆတ်နှင့် ပျော်ဝင်လွယ်သည့် အကျင့်မရှိ။

ယောက်ျားလေးလို နေတာမျိုးတော့ မဟုတ်။





ဒါပေမဲ့ အလှအပကို သိပ်မက်မက်မောမော မရှိ။

ဘယ်အချိန်ကြည့်ကြည့် မျက်နှာအပြောင်သားနဲ့ပဲ ဖြစ်ကာ မိန်းကလေးနှင့် အလွန်တူသော အချိန်ဟာ ဒူးကျစကတ်နှင့် တီရှပ်အကျပ်လေးတွေ ဝတ်ထားချိန်ပဲ ဖြစ်သည်။

ဒီ့ပြင် အချိန်တွေမှာဆို ဘောင်းဘီရှည်ရှည်နှင့် ရှပ်အင်္ကျီပွပွ ဒါ့ကြောင့်လည်း မာကျောကျော ဂရုမစိုက်စွာ နေတတ်သည့် သူမပုံစံကို ဒေါ်အေမီသန့်က သဘောမကျခဲ့တာ ဖြစ်သည်။

ပြည့်ဖြိုးသန့် အဆောင်မှာ ရှိနေတုန်း မိဘနှစ်ပါးကော ဒေါ်အေမီသန့်ကော ရန်ကုန်ကို ဘုရားဖူးရောက်လာကြသည်။

အဲဒီမှာ 'ဦး' နဲ့ ဆုံဖြစ်ခဲ့တာ ဖြစ်၏။

ဦး မျက်လုံးတွေကလည်း အေးစက်စက်

ဒေါ်အေမီသန့် အကြည့်ကလည်း အောက်စည်းက မရှိ။

ဖျတ်ခနဲ မျက်လုံးချင်း ဆုံလိုက်ကြချိန်လေးမှာပဲ မနှစ်မြို့ခြင်း ကိုယ်စီနှင့် ညီမျှခြင်း တစ်ဘက်စီကို ရောက်ခဲ့ကြသည်။

" ဖြိုး နင့်အဒေါ်က ငါ့ကိုမကြည့်ဘူးလား "

" သူက ဒီလိုပဲ ဇီဇာကြောင်တတ်တာ "

" ငါကလည်း ဂရုမစိုက်ပါဘူး "

ဤသို့ စခဲ့ကြတာမို့ အခုတစ်အိမ်တည်း နေကြဖို့မှာ အဆင်ပြေဖို့တော့ သိပ်မရှိ။

" ဦး "



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားခြင်းကို ဖြိုးကပဲ စတင်ဖြိုခွင်း၏

" လိုလို မလိုလို ဒီကိုရောက်လာပြီးမှတော့ နင် ငါ့ဆီမှာပဲ နေရမယ် အန်တီသန့်ကိုကော တခြားလူတွေကိုကော ဖယ်ထားပေါ့ဟာ ငါ့တစ်ယောက်တည်းကိုပဲ နင်မြင်လိုက် နင့်အတွက် ဘာမှလိုလေသေး မရှိစေရဘူး နင်သွားသမျှ ငါ မလိုက်နိုင်ရင်တောင် ဘယ်သွားမယ် ဘယ်လာတယ်ဆိုတာ ငါ့ကိုပြော ဘယ်ကိုသွားဖို့ မသွားဖို့ ငါအကြံ ပေးတာကို လက်ခံ ဘယ့်နှယ်လဲ အမိန့်ပေးနေတာ မဟုတ်ဘူး အကြံ ပေးတာ "

ကိုယ်ခံပညာ ကျွမ်းကျင်၍ အလွန်မာနကြီးသော သူငယ်ချင်း လေးကို သူတို့မှာ စည်းရုံးရ ပြောပြရ၏။

ခက်ပါဘိတော့ . . .

✿ ✿ ✿ ✿ ✿



## အခန်း (၅)

" အစ်မ စမ်းကလေး ဆက်သွားမှာလား ငါးစာဝယ်ဦးလေ "

ရှေ့မှာ လူငယ်လေးတစ်ယောက်က ငါးစာထုပ်လေး သုံးထုပ်ကို ထပ်ကိုင်၍ လာရောင်းနေသည်။

'ဦး' ခေါင်းညိတ်၍ အထုပ်လေးတွေကို ယူသည်။

" စမ်းကလေးကိုသွားမလို့ပဲ ဘယ်ကသွားရသလဲ "

" အခုအစ်မသွားတဲ့ဘက်ပဲလေ ကွယ်နေတဲ့ ရိုးတောလေးကို ကွေ့ဝင်လိုက်ရင် ရောက်ပြီ အဲဒီမှာ လူတော့နည်းနည်းပြတ်တယ် ဒါပေမဲ့ သာယာတယ် ငါးတွေအများကြီးပဲ ဘယ်ကမ်းစပ်မှာပဲ ထိုင်ထိုင် ငါးတွေ ရှိတယ် "

" အင်း . . . အင်း "

ကျေးဇူးပဲလို့ပြောတော့ လူငယ်လေးက ရယ်ပြ၍ ခေါင်းညိတ်ပြီး ဦး ကျောပိုးအိတ်လေးကို ပြုပြင်လွယ်ပြီး ဆက်လျှောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးတော့ ဘယ်လိုဖြစ်ကျန်ခဲ့ပြီ မသိပါ။

ဖြိုးတို့အိမ်မှာ တစ်ညပဲအိပ်ပြီး 'ဦး' ကိုယ့်သဘောနဲ့ကိုယ် ဆက်လိမ့်လာခဲ့တာ နှစ်ရက်ရှိပြီ။

" လျှောက်မသွားနဲ့နော် ဦး၊ တရုတ်သိုင်းကားတွေထဲက မင်းသမီးတွေ ဦးထုပ်တစ်လုံးဆောင်းပြီး မြင်းတစ်စီးနဲ့ လျှောက်သွားနေကြတာကို အားမကျနဲ့ ရုပ်ရှင်ထဲမှာ ဘာလုပ်လုပ်ရတယ် " တဲ့။

ဦး သတိရရင်း ပြုံးလိုက်မိသေးသည်။

ဟုတ်ချင်ဟုတ်မှာပေါ့။

ဒါပေမဲ့ ကိုယ်ရှာတဲ့သူက ဈေးထဲ ရုပ်ရှင်ရုံထဲ ဝင်ရှာလို့ တွေ့မယ့်လူမျိုးမှ မဟုတ်တာ။

ငါ လုပ်ချင်တာ ဖြစ်ကိုဖြစ်ရမယ်ဆိုသည့် ယုံကြည်ချက်နှင့် ဖြိုးကို ထားခဲ့ပြီး သူမထွက်လာခဲ့သည်။

ဘယ်သွားသွား ငွေရှိနေဖို့ပဲလိုသည်။

ကျောပိုးအိတ်ထဲမှာ အနည်းအပါးနှင့် အဝတ်သုံးစုံပဲ ပါသည်။

ဆွဲကြိုးနှစ်ကုံးနှင့် လက်စွပ်နှစ်ကွင်းကို ဖေဖေ အထူးစီစဉ်ပေးထားသည့် ခါးပတ်ကွင်းထဲမှာ ခလုတ်နှင့်သေချာ ထည့်ထားပြီးသား။ ဒါက ခြေစောင့်လက်စောင့် ဖြစ်သည်။

ငွေကိုလည်း တော်ရုံနှင့်ရှာမတွေ့နိုင်အောင် ဘောင်းဘီအိတ်ထူထဲမှာ တချို့တဝက် သိမ်းထားသေးသည်။

ဘာဖြစ်ဖြစ် ဒီခရီးအောင်မြင်ရမည်။





" ဟော့ "

စမ်းချောင်းဆိုတာကို မမြင်ရသေးခင် နောက်ကခေါ်သံကြားရ၏။ လှည့်မကြည့်ဘဲ ဆက်လျှောက်တော့ ခြေသံတွေပါလာသည်။

" ရပ်နေစမ်း "

လေသံကမာသည်။

တစ်ယောက်က ပြေးလာပြီး ရှေ့ကပိတ်ထား၏။

တစ်ယောက်က နောက်ကနေ ကျောပိုးအိတ်ကို လှမ်းဆွဲသည်။

ဒီနေရာ လူပြက်သည်။

ဦး တုံ့ဆိုင်းမနေဘဲ ရှေ့နောက် ခြေကန်ချက်တစ်ချက်တည်းနှင့် လွှဲကန်ပစ်လိုက်၏။

တစ်ယောက်၏ဆီးခုံကို သေချာထိကာ တစ်ယောက်ကတော့ ကိုယ့်ကားယား ဖြစ်သွားသည်။

" အံမာ သင်းက "

လေသံက ခပ်ဝဲဝဲ

နှစ်ယောက်လုံး အသက်သုံးဆယ်ကျော် အရွယ်တွေ ဖြစ်တာမို့ အစ်နိုရဲနေသည့် မျက်နှာကြီးများက အသောက်အစားသမားတွေမှန်း သိသာသည်။

သူတို့ရည်ရွယ်ရင်းက ပိုက်ဆံလုဖို့ပဲ ဖြစ်ပုံရကာ လူကို ဗလက္ကာယ ပြုချင်တာမျိုးမဟုတ်။

ဘေးကို ခုန်ထွက်သွားသည့် ဦး နောက်ကို ထပ်ချုပ်မကာဆိုက်၍



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က သစ်ကိုင်းတစ်ကိုင်းကို လတ်တလော ချိုးယူကိုင်သည်။

အချိန်အဆမရှိသော ရိုက်ချက်နှင့် မိုက်မိုက်ကန်းကန်း ဝင်လာ၏။

တစ်ယောက်က ကျောက်ခဲတစ်လုံးကောက်၍ ခြေထောက်ကို ရွေးကာ လွှဲပစ်သည်။

တုတ်ချက်ကိုလည်း ရှောင်နိုင်သည်။

ကျောက်ခဲလည်း လွတ်သွားသည်။

သို့သော်

ကျောက်ခဲတွေ ဆက်တိုက်ပစ်လွှတ်လိမ့်မည်ဟု မထင်ခဲ့သောကြောင့် ညိုသကျည်းကို တစ်လုံးပစ်ဆောင့်သွားသည်။

" အား "

ဦး အသည်းခိုက်မျှ နာကျင်သွားကာ ဘယ်လိုမှ ဟန်မဆောင်နိုင်။

ထိုအခါ ပခုံးကို ဖြတ်ဝင်လာသည့် ရိုက်ချက်ကိုလွတ်အောင် မရှောင်နိုင်ဘဲ အဖျားခတ်မိသွားပြန်၏။

ဘုန်းခနဲထိကာ 'ဦး' ယိုင်ကျသွား၏။

ခြေတစ်ဖက်က နိမ့်ခနဲဖြစ်သွားလျက် ဦး လဲကျသွားလေသည်။

ထိုစဉ်မှာ ကျောကအိတ်ကို ဆွဲယူထားလိုက်တာ သိသည်။

ဦး၏ခန္ဓာကိုယ်ကတော့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားတာ တစ်ဆင့်လည်း မဟုတ်။

ဗျူးစာပေ



" ဝုန်း "

" အား "

လည်မျိုမှာ ကြိုးကွင်းတစ်ခုလာစွပ်၏။

မြန်သည့်လက်က အကျင့်ပါနေပြီမို့ ကြိုးကိုဖျတ်ခနဲ ဆုပ်ထားလိုက်မိတာ လက်မတင်လေးပဲ ဖြစ်သည်။

" သွားပြီ "

" စောက် တို့သုတ်ကိုင်းမိသွားပြီ "

" နေပစေ သူ့အကုသိုလ်နဲ့သူ ဟဲ ဟဲ ငါတို့ရပြီးပြီပဲ "

စကားသံတွေကို ကြားရပေမယ့် သဲ့သဲ့လေးမျှသာ။

သူမသည် အလွန်နက်သော ကျင်းကြီးတစ်ကျင်းထဲသို့ ကျခဲ့ခြင်း ဖြစ်ကာ တမင်တကာ သားကောင်ထောင်ထားသော ထောင်ချောက်လည်း ဖြစ်၏။

အလွန်သာယာသည်ဆိုသော စမ်းကလေး၏ အလှအပက ဒါလား။

တည်းခိုခန်းမှစ၍ ကြားခဲ့ရသော စမ်းကလေးဆိုတာ တကယ်မရှိဘဲနဲ့ သူမကို လူတစ်စုက အကွက်ကျကျ လိမ်ညာခဲ့ကြတာလား။

မဟုတ်ဘူး။

ငါးစာရောင်းတဲ့ လူငယ်လေးရဲ့အပြုံးကို သူမမြင်သည်။

ဘယ်လိုကောက်ကျစ်မှုမှ မပါ။

" အ . . . အား . . . "

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်က လွတ်နေသည်။

ကျင်း၏ထိပ်ဝကို မြင်နေရပေမယ့် သစ်ခြုံများပဲဖြစ်၏။

လည်ပင်းက တစ်ကိုယ်လုံး အလေးချိန်ကို တောင့်မခံနိုင်ဘဲ နွယ်ကြိုး၏သဘောအတိုင်း လည်စင်းပေးချင်နေ၏။

ကြိုးကိုဆုပ်ထားရင်း လက်တွေက တဆတ်ဆတ် တုန်လာသည်။

ချွေးသီးချွေးပေါက်တွေ စိမ့်ထွက်လာ၏။

ဘယ်နည်းနဲ့ဖြစ်ဖြစ် မိနစ်အနည်းငယ်အတွင်းမှာ သူမ သေရမည်သာ။ ဒါဟာ မိဘစကားနားမထောင်ခဲ့သော ဆိုးကျိုးတစ်ခု ဆိုတာ ချက်ချင်းသတိရသည်။

နောင်တတော့မှ ဟုတ်ပါ လုပ်ရဲလျှင် ခံရဲရမည်ဖြစ်၏။

သူမလို မိဘစကားကို ဖီဆန်ခဲ့သည့် သမီးမိုက်အတွက် ဖေဖေ အံကြိတ်မျက်ရည်ဝဲမှာကို မလိုချင်။

'ကိုယ်ဖြစ်ကိုယ်ခံ' ဆိုသည့် ဖေဖေ ပြောနေကျ စကားအတိုင်း 'သေပစေ မိုက်တဲ့သမီး' ဟု သဘောထားပါစေ။

သူမကြောင့် ဖေဖေ မခံစားရပါစေနဲ့။

ဒီဆုတစ်ခုကိုပဲ ဦး တောင်းတမိသည်။

ထိုစဉ် ဦးခေါင်းထက်မှ အရိပ်တစ်ခု။

အားရှိသမျှ စုစည်း၍ မော့ကြည့်လိုက်မိသည်။

မျက်နှာကြီးတစ်ခု တွင်းဝမှာ ပေါ်လာသည်။





အညိုရောင် ခေါင်းပေါင်းနှင့် ညိုညစ်ညစ်မျက်နှာ ကွမ်းစားထားသည့် နှုတ်ခမ်းထူထူကြီးများ ရှိနေသည်။

ဖျတ်ခနဲသာ ကြည့်လိုက်နိုင်သော်လည်း စိန့်ပွင့်လိုအရည်လဲ့နေသော မျက်လုံးတွေက 'ဦး' စိတ်အာရုံထဲမှာ ပါလာခဲ့သည်။

ထိုစဉ်မှာပဲ ဦးတစ်ကိုယ်လုံး ကျင်း၏အောက်ခင်းထိ အပ်ခနဲ ပြုတ်ကျသွားလေသည်။

" ဖျန်း "

" အ "

ပျစ်စေးစေး အရည်တွေက ရွှံ့နစ်တွေဖြစ်နေ၏။

အပေါ်ကနေ ကြိုးဖြတ်ချလိုက်ပုံရကာ ထပ်မော့ကြည့်လိုက်တော့ လူရိပ်မမြင်ရတော့ပါ။

လည်ပင်းကကြိုးမှာ အပေါ်က ဆွဲငင်မှုမရှိ တော့ပေမယ့် တင်းကျပ်နေစဲပဲရှိကာ လက်ကိုမနည်း ဆွဲထုတ်ရသည်။

ဦး သေတွင်းက လွတ်မြောက်သွားခဲ့ပြီ ဆိုတာတော့ သေချာပါ၏။

စီးထားသည့် ရှူးဖိနပ်ထဲက ခါးတိုလေးနှင့် ကြိတ်ဖြတ်ပေမယ့် နွယ်ကြိုးက ခိုင်လွန်းသဖြင့် ချွေးဒီးဒီး ကျအောင်ဖြတ်ရသည်။

လက်ဖဝါးနှစ်ဖက်လုံး သွေးထွက်မတတ် ဖြစ်လာမှ ပြတ်သွား၏။

ထိုအခါ ကျင်းပေါ်ပြန်တက်ဖို့ မော့ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မနည်းမနောကြီးပါလား။

သူမ၏ခါးမှ အောက်ပိုင်းတစ်ခုလုံးမှာ စိုရွှဲနေသည်က ရွှံ့တွေဖြစ်၏။

ကျင်းပေါ်ပြန်တက်ဖို့ ကြံစည်စိတ်ကူးဖို့မှာ ထိုင်နေလို့လည်းမရ။

မတ်တပ်ကြီးကျတော့လည်း စောစောက သေလုမျောပါးဖြစ်ခဲ့သည့် အရှိန်နှင့် ဒူးတွေပင်ချောင်နေပြီ။

ကျင်း၏အောက်ပိုင်း တစ်ဝက်လောက်မှာ စိုစိစိ ပုပ်အက်အက်ကြီးဖြစ်လျက် ခေါင်းပါမူးလာတော့သည်။

ကြိုးဖြတ်ချလိုက်တဲ့ လူကြီးက ဘာလဲ။

ဒီထောင်ချောက်ကို လုပ်ခဲ့တဲ့လူ မဟုတ်ဘူးလား။

ထောင်ချောက်က လူကိုထောင်တာလား သားကောင်ထောင်တာလား . . . လူတော့မဖြစ်နိုင်။

ဒါဆို လူတစ်ယောက်လုံးကြီး ဖြစ်နေတာကို ဆွဲမတင်ခဲ့ဘဲ ဘာလုပ်တာလဲ တွေးနေရင်း ဒေါသဖြစ်လာကာ ကာယ်ခဲ့သည့် ကျေးဇူးကိုပင် မေ့သွားမိသည်။

ဒီလိုကြိုးဖြစ်ကျန်ခဲ့တာ မသေတော့ကော ကျေးဇူးတင်စရာလား တကာယ်ဆို အပေါ်မှာ နွယ်ကြိုးတွေ တစ်ပုံတစ်ပင်။

ကြိုးတစ်ချောင်းလောက် ချပေးခဲ့ရင် ရပြီ။

" တောက် "





ကျင်းကို ဘယ်ပဲကိုင်လိုက်ကိုင်လိုက် လက်ထဲမှာ ပွဲပါလာ၏။

ဦး ဒေါသဖြစ်ဖြစ်နှင့် ကျင်းကို ဒူးနဲ့ပစ်တိုက်မိ၏။

" အား "

ကျင်းကမအော်ပါ။

ဦး နာလွန်းသဖြင့် ဆတ်ဆတ်ခါသွားသည်။

ကျောက်ခဲထိထားသည့် ညှိသကျည်းက ဒဏ်ရာက ဒေါသကြီးနေသည့် သူမကို 'သနားတယ်' ဟု လှောင်ရယ်သွား၏။

ခြေသလုံးကိုင်၍ ဖိနှိပ်လိုက်မိတော့ ကျင်းနံရံနဲ့ ခေါင်းဆောင့်မိကာ ခေါင်းမှာ ရွှံ့အစိပ်သားလောက် ကပ်သွားသည်။

ခေါင်းကိုလည်းခါ လက်နဲ့လည်းသပ်ချ။

ရွှံ့တွေက ကွာကျမသွားသည့်အပြင် လက်ဖဝါးမှာကော မျက်နှာပေါ်ထိ အစက်အပြောက်တွေ ပြေးစင်ကုန်၏။

ဦး ဒဏ်ရာကနာ ဒေါသလည်းထွက်

ပိုဆိုးသည်က မသတီစရာ ကောင်းနေခြင်း ဖြစ်သည်။

ဒီနေရာမှာ လူသွားလူလာ ရှိမယ့်ပုံလည်းမရ။

ဦး မျက်နှာရှုံ့မဲ့ ညည်းညူရင်း ကျင်းဝကိုသာ မော့ကြည့်နေမိ၏။

ထိုစဉ် မျက်နှာတစ်ခု ပေါ်လာပြန်သည်။

စောစောက မျက်နှာမဟုတ်။

" ဟာ ဒီမှာ ဒီမှာ ဦးလေး . . . အထဲမှာ လူကျနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတင်ပေးပါရှင် ကူညီပါနော် ''

ဒီတစ်ခါ မျက်နှာက ပြည့်ပြည့်ဖြိုးဖြိုး ကရင်ကြီးတစ်ယောက်လို ဖြစ်ကာ ကွမ်းစားထားသည့် ပါးစပ်ကြီးက ဟိုအရင်လူကြီးလိုပဲ နီရဲနေသော်လည်း သဘောကောင်းပုံတော့ ရသည်။

ဦးကိုငုံ့ကြည့်၍ ခေါင်းညိတ်လိုက်ပုံက တအံ့တသြ ပျာပျာသလဲ။

ထို့နောက် ခဏလေးပဲ ပျောက်သွားကာ တုတ်ခဲသော နွယ်ကြိုးတစ်ချောင်းကျလာသည်။

အပေါ်ရောက်သွားတော့ ဦး လက်ဖဝါးတွေမှာ ဓားနဲ့အမွှန်းခံထားရသလို နာကျင်နေလျက် နီရဲညိုပုပ်နေတော့သည်။

လူကြီးကအသက် ငါးဆယ်ခန့်ရှိကာ တကယ်ကရင်ကြီးတစ်ယောက်ပဲ ဖြစ်၏။

ခပ်ဝဝ ပုပု မြေပြင်မှာ ဒီတိုင်းချထားသည့် အိတ်ကြီးတစ်လုံးနှင့် သစ်ပင်မှာ ချိတ်ထားသော ပုလင်းတွေပါသည့် အိတ်ဟုပ်တွေက တွဲလို့တွဲလောင်း။

'' ဦးလေးက ဈေးဝယ်ပြန်လာတာလားဟင် ''

'' မဟုတ်ဘူး တောထဲမှာ ရိက္ခာလာရှာတာ ''

'' ဟင် ''

ဦးက ပတ်ဝန်းကျင်ကို လည်ပင်းလေးရှည်ပြီး လိုက်ကြည့်၏။

ပတ်လည်မှာ သစ်ပင်တောတန်းမှလွဲ၍ ဒီကျင်းထဲကို သူမမကျမီ မြင်ရသော ကုန်းမြင့် ကမူတွေတောင်မှ မရှိ။





'' ဒီနေရာမှာ အမဲလိုက်လို့ရတယ် ဒါ ဖားအံနယ် မဟုတ်ဘူးလားဟင် အဲဒီလောက် နက်လို့လား ''

လူကြီးက 'ဦး' ပြောသမျှကို နားထောင်ရင်း ခြေထောက်က ဒဏ်ရာကိုလည်း ဘောင်းဘီစတစ်ဖက် ပင့်ထားပြီးကြည့်သည်။

မေးလိုက်တော့မှ မျက်နှာမော့လာပြီး ပီဘိကလေးငယ် တစ်ဦးကို နားလည်အလိုလိုက်သော အပြုံးမျိုးနှင့်

'' ဟုတ်တော့ဟုတ်တယ် ဒါပေမဲ့ ဘာမှမဆိုင်တော့ဘူး စောစောက နင်ပြောတဲ့ စမ်းကလေးဆိုတာလည်း ငါတို့ဘက်မှာ စမ်းချောင်းကို ခေါ်တာမဟုတ်ဘူး အဲဒီနေရာက စမ်းမြမြ ဆိုကဲ့ မိန်းကလေးတစ်ယောက်ကို လည်ပင်းဖြတ်သတ်ခဲ့တဲ့ အကြောင်း ရှိခဲ့တာကစပြီး ဒီနာမည်တွင်ခဲ့တာ ''

'' ဟင် ''

ဦး ရင်ထဲမှာ လှုပ်ခါသွားသည်။

ဟန်ဆောင်နိုင်လွန်းသည့် လူတို့၏ မျက်နှာများကိုလည်း ပို၍ ထိတ်လန့်သွားခဲ့မိသည်။

ဟိုလူငယ်လေးက သူမကိုရောင်းဖို့ ကိုင်လာခဲ့သည့် ငါးစာတွေဟာ ကြို့တင်ယူဆောင်လာခဲ့တာတွေပေါ့။

ထိုအချိန်တွင် လူကြီး မြေကြီးမှာချထားသည့် အိတ်ကို သွားဖြေကာ အထဲက ဆေးမြစ်တစ်ခုကို ယူလာသည်။

ချိတ်ထားသည့် အိတ်ထဲမှ ပုလင်းတစ်လုံးကို ဟနေသည်



www.burmeseclassic.com

www.burmeseclassic.com



အဝထဲမှ ဆွဲထုတ်ယူပြီး မြေပြင်ထဲကနေ ပုထွက်နေသော ကျောက်တုံးကြီးပေါ်မှာ သွေး၏။

" အဲဒါ သစ်ကျားရည်နဲ့ နက်ကျော်ပဲ ဘယ်လိုဒဏ်မျိုးမဆို ဒီလိုသွေးလိမ်းပြီးတာနဲ့ ယူပစ်လိုက်သလို ပျောက်တာ "

ကျောက်တုံးကြီးကို မဆေးမကြောဘဲ ဒီတိုင်းသွေးနေပြီး လက်ဖဝါးနှင့် ထွက်လာသမျှ ညှိုညစ်ညစ် အရည်တွေကို ပွတ်ယူလိုက်

ဦး ခြေသလုံးလေးမှာ ဆွဲချလိမ်းပေးလိုက်

ဦး မျက်နှာ တွန့်ခနဲ မဲ့ခနဲနှင့် အံကြိတ်နေရသော်လည်း အနာကိုထိတိုင်း မခံနိုင်။

" အား ဦးလေး ဆေးသွေးတာ ဟိုကျောက်မှုန့်တွေပါတယ် ထင်တယ် ရှကုန်ပြီ နာတာအရမ်းပဲ "

" ဒါလည်း ဆေးပဲကွယ့် ဟိုးရှေးတုန်းကဆို ထိမိရှမိတာရှိရင် မြေမှုန့်နဲ့တောင် သိပ်ကြတာ မြေကြီးသြဇာ ဆိုတာပေါ့ မြေဆီမြေနှစ်ဟာ ဆေးပဲ သူ့မှာသြဇာဂုဏ်ရှိတယ် နောက်များကျတော့ အင်း ဘာကိုအပြစ်တင်ရမလဲ ပြောင်းလဲကြတာတွေ အများကြီးပေါ့လေ ရောဂါဘယတွေ ထူပြောလာပြီး သဘာဝရေကိုတောင် ရေသန့်ဆိုပြီး ထပ်ချွဲမယ် ဟဲ ဟဲ ရေ တစ်ပိသသာရှိရင် သန့်တာပဲ မဟုတ်ဘူးလား "

သူ့စကားသူ သဘောကျပြီး လူကြီးကရယ်နေသည်။

ဟိုတုန်းကလည်း ဟုတ်ခဲ့တာပဲ အခုလည်း သူ့ခေတ်နဲ့ သူ့အခါ ပြောင်းလဲမှုတွေပေါ်မှာ ရှုမြင်သုံးသပ်ကြရတာ။





ဒါလည်း မများပါ။

ဦး ဒါတွေကို စိတ်မဝင်စားပါ။

ကိုယ့်ဒဏ်ရာက နာတာကိုတောင် ဂရုမစိုက်ချင်တော့ဘဲ သူ့မှ စိတ်ဝင်စားနေသည်က စမ်းမြမြ ဆိုသည့်တစ်ယောက်။

" ဦးလေး "

" ဟေး "

" ဟို စမ်းမြမြဆိုတာက ဘာဖြစ်လို့ ဒီမှာခေါင်းဖြတ်ခံရတာလဲ ဟင် "

" မသိဘူး စမ်းမြမြဆိုတာက ရှိဦးမယ်ဆို ငါတို့အဘွားနဲ့ ရွယ်တူလောက် ရှိမှာပေါ့ "

" ရှင် "

လူကြီးက သူ့ပစ္စည်းတွေကို တယုတယ သိမ်းလိုက်ပြီး သစ်ပင်မှာ ချိတ်ထားသည့် အိတ်နှစ်လုံးကိုပါ ဖြုတ်ယူသည်။

" မကောင်းတဲ့အရာကို မှတ်မထားရဘူး နောက် ဒီနေရာကို မလာနဲ့ ဒဏ်ရာသက်သာရင် ဒီကနေ အပေါ်ကို ရအောင်တွယ်တက်ပြီး အဝါရောင်ပန်းပွင့်နေတဲ့ အပင်ကိုတွေ့ရင် အဲဒီကနေ ဆန့်ကျင်ဘက်ကို လျှောက် ပြီးတော့ ညာဘက်လမ်းကိုသွား ဘာငှားမလား ညာငှားမလား မေးရင် ဘာမှမငှားနဲ့ ကိုယ့်ခြေထောက်နဲ့ကိုယ်ဆက်သွား တစ်မိုင်လောက် လျှောက်ပြီးရင် နင်လာခဲ့တဲ့ လမ်းကိုရောက်လိမ့်မယ် "

'ဦး' နှုတ်ခမ်းလေးပင် ဟနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရောက်လာခဲ့သည့် ခရီးတာက ဒီလောက်ရှည်ပြီး ဤမျှထိ ရှုပ်ထွေးနေခဲ့သလား။

ပြီးတော့ ဦးဘယ်ကနေ ဘယ်လိုရောက်လာမှန်း ဒီလူကြီးက သိနေလို့လား ဘာမှလည်း မဖြစ်နိုင်တော့ မမေးဘဲမနေနိုင်။

" ဦးလေးက ဦးကိုသိလို့လားဟင် ဦးလာခဲ့တာ ဒီလောက် အဝေးကြီးမှ မဟုတ်တာ . . . ပြီးတော့ . . . "

လူကြီးက သစ်ပင်ကနေ ထုတ်ယူလိုက်သည့် အိတ်ကို ပခုံးမှာ ချိတ်လိုက်ပြီး လှည့်ကြည့်သည်။

ကြည့်ပုံက စိတ်မရှည်တာမျိုး မဟုတ်ဘဲ ဦးကို မသိနားမလည် သည့် ကလေးတစ်ယောက်လို အကြည့်မျိုးနှင့် ဖြစ်၏။

" ဒီနေရာဟာ အနောက်ရိုးမကြီးလို့ပဲ သိပ်ကိုရှုပ်ထွေးတဲ့နေရာ နောက်ပြန်မကြည့်ဘဲ ရှေ့ကိုသာ စူးစိုက်လျှောက်နေတဲ့သူ ဘယ်တော့မှ လာလမ်းပြန်မရောက်ဘူး နင် 'အီလေးအီ' ရွာကထွက်လာတာမို့လား"

ကိုယ်တည်းခဲ့သည့်ရွာကိုတောင် မမှတ်မိတော့ပါ။

ဒါပေမဲ့ ဟိုတယ်နဲ့ ဘာနဲ့ပဲ။

မြို့မှာလို တိုက်ကြီးအထပ်ကြီးတွေနဲ့ မဟုတ်ပေမယ့် အုတ်တစ်ထပ် ပျဉ်တစ်ထပ်နှင့် အထက်တန်းကျောင်းကြီးလို ဆောက်ထား သည့် ဟိုတယ်ဆိုတာက စုတ်စုတ်ပြတ်ပြတ်ထဲက မဟုတ်။

ရွာကလည်း ရွာဆိုပေမယ့် အိမ်ခြေကျဲတာ နည်းတာသာ ရှိသည်။





အားလုံး သပ်သပ်ရပ်ရပ် တွေပဲဖြစ်၏။

" ဟိုတယ်က ခရီးသွား လမ်းသွားတွေနဲ့ အမြဲစည်ကားနေတာ ရွာခံတွေကလည်း စည်းကမ်းရှိတယ် "

ဟု ကယ်ရီသမား တစ်ယောက်က ပြောခဲ့သည်။

ခရီးသွား လမ်းသွားတွေတောင် ရှိတယ်ဆိုတော့ မြို့နဲ့သိပ် အလှမ်းမဝေးနိုင်ဟု သူမတွက်ခဲ့သည်။

ဖားအံကနေ ထွက်လာကတည်းက ပတ်ဝန်းကျင် ရောက်သမျှ ကို သွားမည်ဆိုသည့်စိတ်က ဘာကိုမှမကြောက်။

လူဆိုးသူခိုး ခိုအောင်းနိုင်သော ရုပ်ရှင်ထဲမှာ မြင်ဖူးသည့် နေရာမျိုးတွေကို စိတ်ကူး၍ တမင်ရှာဖွေလာခဲ့တာ ဒီလူကြီးပြောသလို နောက်ကိုတစ်ချက်မှ ပြန်ငဲ့မကြည့်မိပါ။

သူမ စိတ်ထဲမှာ ဖေဖေတို့နှင့် တွေ့မှာစိုးနေသည်။

'ရင်ခွင်' ကိုခြေရာ မခံမိမှာ ကြောက်သည်။

ကိုယ့်ကိုယ်ကို ဘာဖြစ်သွားနိုင်သလဲဟု တစ်ခါမှ မတွေးမိ။

" အဲဒီရွာက လမ်းခွဲဆုံရပ်ပဲ "

လူကြီးအသံ ထွက်လာသဖြင့် ဦး စိတ်တွေ ပစ္စုပ္ပန်ကို ပြန်ရောက်လာ၏။

" နင် ဒီဘက်ရောက်လာတော့ စမ်းကလေး နှံ့ထဲဝင်လာသလို ဖြစ်တာပေါ့ ဟိုဘက်နှစ်လမ်းမှာ ကားလမ်းတွေရှိတယ် ဒီဘက်မှာ ဘာလမ်းမှ မရှိဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဦးလေးက ဘယ်မှာနေတာလဲ ဟင် "

" ငါ့တဲမှာ ငါနေတာ "

ဖြေပုံက ဦးပင် ကြောင်တောင်တောင် ဖြစ်သွား၏။

သွားတော့လာတော့မည်ကဲ့သို့ ပြင်နေပြီဖြစ်သော လူကြီး နောက်ကို ထရပ်လိုက်ရင်း ကိုယ်မှာစိုစွတ်နေတာတွေကို သတိရလာပြန်သည်။

" ဦးလေး "

ခုချိန်ထိ ဦးနာမည်ကိုလည်း မမေးခဲ့။

သူ့နာမည်ကိုလည်း မပြောခဲ့သော လူကြီးက မြေပြင်မှာချထားသည့် အိတ်ကြီးကို ကောက်ကိုင်လိုက်ပြီး မဆွဲသေးဘဲ လှည့်ကြည့်၏။

" နင်လျှောက်နိုင်တော့မှ သွားလေ ငါ့နောက်ကိုလိုက်လို့တော့ မရဘူး "

" ဘာဖြစ်လို့လဲဟင် ဦး မမြင်မစမ်းနဲ့ သွားနေရမှာထက်စာရင် ဦးလေးနဲ့ လိုက်ရတာက အဆင်ပြေမှာပါ ပြီးတော့ တစ်ကိုယ်လုံးလည်း ပေကျံနေတာ ဒဏ်ရာကလည်း ရှိသေးတယ် ဦး လိုက်ခဲ့ပါရစေနော် ဦး အတွက်ဘာမှ တာဝန်မပိုစေရပါဘူး "

လူကြီး တွေဝေသွားသည်။

မခေါ်လိုသော်လည်း ရက်ရက်စက်စက် ထားသွားလိုခြင်းတော့ ဆန္ဒရှိပုံမပေါ်။





သို့သော် သူ့မှာအခက်အခဲ ဖြစ်နေပုံရကာ

" စိတ်တော့မကောင်းဘူး နင့်ကိုခေါ်သွားရင် စောကဲ ငါ့ကို ဆူလိမ့်မယ် "

စောကဲ . . .

" စောကဲ တို့သုတ်ကိုင်းမိသွားပြီ "

ဆိုသည့် စကားသံတို့ကို သတိရလိုက်မိသည်။

ဒါပေမဲ့ ကိုယ့်အဖြစ်ကိုတောင် ဘာမှမမေးခဲ့သော လူကြီးကို ဦး ဘာမှထပ်၍ မစပ်စုရဲ။

" အဲဒီ စောကဲဆိုတာကို ဦး တောင်းပန်ပါ့မယ် ဦးလေးနဲ့ပဲ လိုက်ပါရစေနော် အခုမခေါ်ဘဲသွားလည်း ဦးကတော့ ဦးလေးရဲ့ နောက်ကနေ လိုက်နေမှာပဲ "

လူကြီးက အိတ်ထုပ်ကြီးကို ပခုံးတစ်ဖက်မှာ ခွေ့ခနဲ ထမ်းတင်လိုက်ပြီး ထွက်သွားတော့သည်။

လိုက်ခဲ့လို့ ပြောသွားတာလား၊ လုံးဝဉပေက္ခာ ထားခဲ့တာလား။

ဘာပဲဖြစ်ဖြစ် မလိုက်နဲ့လို့ မပြောခဲ့တာကို အတည်ယူလိုက်သည်။

ဦး ခြေတစ်ဖက် ခပ်ထော့ထော့နှင့် နောက်ကနေ လိုက်ခဲ့တော့သည်။

တကယ်တော့ သူမအဖြစ်က ဘာတစ်ခုမှ သမရိုးကျ မဟုတ်တာ သေချာနေလျက်နှင့် ဘာမှလည်း အစကနေ ပြန်ကောက်မသွားရဲ



www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြစ်။

ဘယ်ကနေခြေလှမ်း စခဲ့မိမှန်းမသိဘဲ ဘယ်ရောက်လာမှန်း လည်းမသိ။

သူမသည် ကရင်ပြည်နယ် အစွန်အဖျားထိ ရောက်နေခဲ့သလား ဘယ်တော ဘယ်နေရာမှာလဲ . . .

ခုလောက်ဆို မပြောမဆို ပျောက်ကွယ်သွားခဲ့သည့် သူမအတွက် မြို့တစ်ယောက် ဘယ်လောက်ရင်ပူနေရှာမလဲ။

ပြည့်မြို့သန့်၏ မင်္ဂလာဆောင် တကယ်မဟုတ်ဘူး ဆိုတာသာ သိခဲ့ရင် ဖေဖေပြန်ရောက်တဲ့အခါ

ဒါမှမဟုတ် ဘားအံမှာပဲ ဖေဖေသိသွားခဲ့ရင်

" ဟိုကောင်မလေး ဒီဘက်ကပ်လျှောက် "

အလင်းရောင် ရှိနေသော်လည်း သစ်ပင်ခြုံနွယ်တွေက ရှုပ်ထွေး နေ၏။

လူကြီးက လှည့်မကြည့်ဘဲ ပြောတော့ ဦး ဝမ်းသာသွားမိသည်။ သူမ လိုက်လာခဲ့သည်ကို သိနေ လက်ခံနေသည့် သဘော။

" သူ့ကို ဘာလို့ခေါ်လာတာလဲ "

နှစ်ယောက်လုံး ခြေလှမ်းတုံ့သွားကြ၏။

အသံဘယ်ကလာမှန်းမသိ။

ထိုစဉ် လူကြီးဘေးသို့ ဖုတ်ခနဲ ခုန်ချလာသည့် လူကြီး တစ်ယောက်။





" အဲဒါကြောင့် ခုနက ကဝေပြောတာ "

" ဘာပြောတာလဲ စောကဲ "

ပခုံးပေါ်မှာ ထမ်းထားသည့် အထုပ်ကြီးကိုထပ်၍ မြှောက်တင် လိုက်ရင်း လူကြီးမျက်နှာမှာ စိုးရိမ်ဟန်တွေ ဖြစ်သွား၏။

" စောလု ဒုက္ခပေးဦးမှာတဲ့ "

" ဟင် "

စောလုဟု အခေါ်ခံရသည့် လူကြီးက 'ဟင်ခနဲ' ဖြစ်သွားပြီး ဦးကို ပြန်ကြည့်၏။

" သူက ဒုက္ခသည်ပါ ငါတို့သုတ်ကိုင်းမှာ မိနေတာ ပြီးတော့ သူမပြန်တတ်ဘူး "

ဦးဘက်ကနေ ပြန်ရှင်းပြနေသည်။

ဦးက စောကဲဆိုသည့် လူကြီးရှေ့ကိုသွား၍

" ဦးနာမည် ပဝါ ပါရှင် "

ညာလိုက်တာ မဟုတ်ပေမယ့် စိတ်ညစ်ခံချင်ပုံမရသည့် လူကြီး တွေရှေ့မှာ နာမည်ကို တစ်စတစ်ဆုံး ပြောနေရင် ပိုဆိုးသွားမှာ စိုး၏။

" ဦးကိုအိမ်မှာတော့ ဦးလို့ပဲခေါ်ကြပါတယ် ဦး ဒီမှာ ခဏ နေပါရစေ ဘာမှတာပန်မပိုစေရပါဘူးရှင် "

" ဘာလို့နေချင်တာလဲ နင်ကဘယ်ကလဲ ဒါတောထဲမှာ လူတွေ အများကြီး မရှိဘူး မိန်းကလေးလည်း မရှိဘူး ယောကျ်ားသုံးယောက် ထဲမှာ နင်ဘယ်လိုနေမလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဦး ရုတ်တရက် ဘာပြောရမှန်းမသိ။

ဘာပဲဖြစ်ဖြစ် ဒီလူကြီးကိုမြင်တော့ အိမ်မှာ အိမ်ရှင်မ သို့မဟုတ် မိသားစုဆိုတာ မုချရှိရမည်ဟု တွက်ခဲ့မိ၏။

ဒါဆို တောထဲမှာ ယောကျာ်းတွေစုပြီး ဘာလုပ်နေကြတာလဲ၊

ဓားပြလူဆိုးတွေ မဖြစ်နိုင်တာတော့ ဦးရင်ထဲမှာ အနိုင်အမာ ယုံကြည်နေမိသည်။

ဒီထိရောက်လာပြီးမှ နောက်ပြန်လှည့်ပြေးလည်း အပိုပဲ ဖြစ်မည်။

" ဦးက ဒုက္ခသည်ပါ ဖေဖေနဲ့စိတ်ဆိုးပြီး အိမ်ကထွက်လာ ခဲ့မိတာ တောက်လျှောက် ဒုက္ခတွေ ရောက်ခဲ့တာပါ ဘဘရယ် ဘဘတို့ကို ဦး ယုံကြည်ပါတယ် ဒီမှာ တစ်ရက်နှစ်ရက်တော့ နေပါရစေနော် "

စောက်ဆိုသည့် လူကြီးက ထူထဲသော မျက်ခုံးတို့ကို မလို လားသည့် အသွင်ဖြစ်အောင် စုကျုံ့တွန့်ကုတ်ထားပြီး ဦးကို စိုက်ကြည့်၏။

ပြီးတော့ စောလုကို ပြန်ကြည့်၍

" သူ့ကိုနင်ခေါ်ခဲ့တာဆိုတော့ နင်တာဝန်ယူပေါ့ ကဝေကတော့ ကြိုက်မှာမဟုတ်ဘူး "

ပြောပြီး ရှေ့ကနေ ထွက်သွားလေသည်။

စောလု မျက်နှာမကောင်းပါ။

စောက်ကော စောလုပါ ကရင်ကြီးတွေဖြစ်ကာ တကယ့်လူမျိုး စစ်စစ်တွေလိုလည်း မဟုတ်ဘဲ စကားပြောပုံက တစ်မျိုးတွေဖြစ်သည်။





ပြီးတော့ တောထဲမှာ သင်းကွဲနေထိုင်သလို ဖြစ်ပေမယ့် ရိုင်းရိုင်း စိုင်းစိုင်းပုံစံတွေလည်း မရှိ။

ဒုတိယတစ်ခါ အခက်အခဲ တစ်ခုကို ဦး ကျော်လွှားနိုင်ခဲ့ပြီး တဲဆိုတာကြီးကို ဘွားခနဲ တွေ့လိုက်ရတော့ အံ့ဩသွားရပြန်သည်။

တဲက တဲနဲ့မတူဘဲ။

တိုးတက်သပ်ယပ်သည့် ရွာကြီးတစ်ရွာမှာလို အိမ်ကြီး တစ်လုံးနှင့် တူနေသည်။

ဝါးနှင့်သစ်လုံးများချည်း သုံးထားသော်လည်း ပြတင်းတွေ တပ်ထားတာကအစ သေသပ်သည်။

ထို့ပြင် ကျောဘက်မှာ ကျောက်တောင်ကမူကြီး တစ်ခုကို ခံဆောင်ထားသဖြင့် လေကွယ်နေကွယ် ဖြစ်သည်။

ပတ်ဝန်းကျင်မှာ သစ်ပင်မြင့်ကြီးတွေ ဝိုင်းပတ်နေသည်။

သို့သော် အားလုံးသော မြင်ကွင်းတို့က သိပ်သည်းမှောင်မိုက် ခြင်းမရှိဘဲ ကြည်လင်လှပနေသည်။

အထဲမှာတော့ ဘာမှမရှိ။

ချက်ပြုတ်သည့်နေရာဟု သတ်မှတ်သော ဘေးဘက်အကာအရံ တစ်ခုသာ ဝါးထရံခြားလျက်ရှိပြီး အတွင်းတစ်ခြမ်းလုံးကို ကွပ်ပျစ်ကြီး ထိုးထားသည်။

အိပ်ရာထက်မှာ အညိုရောင် မိုးကာကြီးတွေ ခေါက်တင် ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးသဖွယ် တန်းထားသည့် ခေါင်းရင်းတန်းမှာ ညက်ညောအောင် သားရေပတ်သားကြိုးနှင့် ဘာတွေသည့်လိပ်ထားမှန်း မသိ။

" ဟိုအခန်းထဲမှာ စားစရာရှိတယ် နောက်ဖေးမှာ ရေကန်ရှိတယ် ကြိုက်တာကိုသွားလုပ် မစပ်စုနဲ့ လျှောက်မသွားနဲ့ "

စောလုက လက်ညှိုးတစ်ချောင်းထောက်၍ ကလေးမှာသလို မှာသည်။

ပြီးတော့ ရှေ့ကနေ ပြန်ထွက်သွားလိုက်တာ တဲထဲမှာ ဦးတစ်ယောက်ပဲ ကျန်ခဲ့သည်ထင်၏။

ကခေခိုသော နာမည်ဆန်းနှင့် လူကြီးကို တွေ့ရမည်ထင်သော မြင်လည်းမြင်ချင်မိသည့် ဦး၏မျှော်လင့်ချက်တွေ ပျက်သွားခဲ့သည်။

'စောလု ဒုက္ခပေးဦးမှာ' ဟု ကြိုတင်နိမိတ်ဖတ်ခဲ့သော လူကြီးကို စိတ်ဝင်စားနေမိသည်။

ဒီလူကြီးသုံးယောက်ဟာ ဘယ်လိုလူစားတွေလဲ။

✿ ✿ ✿ ✿ ✿



## အခန်း (၆)

" ဘာသတင်းထူးသလဲ ကိုဇော် "

မှုခင်းထောက်လှမ်းရေး နေဇော်က ခေါင်းခါလိုက်ပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။

ကျိုးပြတ်နေသော သစ်ခြောက်ပင် ပုတ်လေးများက ရှင်းလင်းကာ ပတ်ဝန်းကျင် မိုင်ဝက်လောက်ထိကို ဒီတိုင်းမြင်နေရ၏။

" ဆရာကျော်တို့ကော "

" ခုနကပဲ သတင်းပို့တယ် ပျောက်သွားတဲ့ မိန်းကလေးအပြင် အီလေးအီရွာကျော်လေးဘက်က တည်းခိုခန်းမှာလည်း မိန်းကလေး တစ်ယောက် ပြန်ရောက်မလာဘူးတဲ့ "

" ဟင် အီဇလေးအီဆိုတာ ဘာလဲ "

" ရွာနာမည်ပဲ ဒီကနေ အတော်ဝေးပါတယ် ကျွန်တော်လည်း သေချာမသိဘူး အဲဒီမိန်းကလေးက တည်းခိုခန်းကို ပြန်မ[illegible]တာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ရှိသွားပြီတဲ့ ''

နေဖော်ပြောလိုက်မှပဲ ဦးမျိုးသော် မျက်နှာပို၍ အိုစာသွားတော့သည်။

အမှုကိစ္စတွေက တစ်ခုမဖော်နိုင်သေးဘဲ နောက်တစ်ခု ထပ်ပေါ်သည်။

'' ဒီကိစ္စကော ခင်ဗျားဘယ်လိုတွက်မိလဲ ''

နှစ်ယောက်သား အဝေးဆီက ညို့မှိုင်းသော တောအုပ်ပျပျကို ပခုံးချင်းယှဉ် ရပ်ငေးရင်း ခဏတော့ ငိုင်နေခဲ့ကြ၏။

ပြီးမှ နေဖော်က လှည့်မကြည့်ဘဲ

'' ဦးသော် စဉ်းစားကြည့်လေ မေရှားဆိုတဲ့ မိန်းကလေး ပျောက်နေတာ ဘာမှန်းမသိသေးဘူး အခုနောက်ထပ် 'မဦး' ဆိုတာ ပျောက်နေတယ်ဆိုတော့ . . . ''

'' ဘာ မဦး . . . ဟုတ်လား ''

နေဖော်က ခေါင်းညိတ်၍ နာရီကို ငုံ့ကြည့်သည်။

ဒီနေရာမှာ ဦးနီနဲ့ဆုံဖို့လည်း ချိန်းထားသည်။

ခုထိရောက်မလာသေး။

'' မဦးဆိုတာက ဘယ်လိုပျောက်တာလဲ ပြောပါဦး ''

'' ကျုပ်ကြားခဲ့တာတော့ အဲဒီဘက်မှာ ခပ်ရှုပ်ရှုပ်ရောက်နေတဲ့ မိန်းကလေး တစ်ယောက် ပျောက်သလိုလို ဘာလိုလို ဒီသတင်းက ရေးကြီးခွင်ကျယ် မဟုတ်ဘူးပဲ ''





'' အခု ဟုတ်နေတယ် ဆရာ ဒီသတင်းကလည်း အကျယ်တဝင့်ပဲ ဒါပေမဲ့ မြဝတီက သူဌေးလီဟော့ရဲ့ သမီးမေရှား သတင်းက အကြီးအကျယ် ဖြစ်နေတော့ နောက်တစ်ခုက ဘာလိုလို ဖြစ်သွားတာမျိုး''

စကားဖြတ်ပြီးမှ နှစ်ယောက်မျက်နှာချင်းဆိုင် ဖြစ်ကြသည်။

ချက်ချင်း စကားပြန်မဆက်မိကြဘဲ အတန်ကြာမှ

'' ကျုပ်ထင်တယ် ဒီဘက်ကို ကျုပ်တို့ဆုံးဖြတ်ချက်နဲ့ လိုက်လာခဲ့တာ မှန်နေပြီ 'ရင်ခွင်' ဒီဘက်မှာ ရှိကိုရှိရမယ် ဘယ့်နှယ်လဲ ''

'' ကျွန်တော်ကလည်း ဒီတိုင်းထင်တယ် မေရှားရဲ့အလောင်း မြစ်ထဲမှာ ပါလာမှာပဲလို့လည်း တွက်ပြီးသား ရင်ခွင်ရဲ့ လုပ်ထုံးလုပ်နည်းပဲလေ ဒါကြောင့် ဦးနီနဲ့ကျွန်တော် ကမ်းခြေတွေမှာ ပတ်ခွေနေတာ ''

'' မြစ်ခွဲတွေဒီလောက်များတာ ချောင်းတွေကလည်းပေါနဲ့ တို့တော်တော် အပင်ပန်းခံရမှာပဲ ကိုဖော် တစ်ခုဝမ်းသာဖို့ ရှိတာက မေရှားပျောက်သွားတဲ့ကိစ္စတို့ ဒီရောက်မှဖြစ်လာတာဟာ ရင်ခွင်ရဲ့ခြေရာကို ကောက်မိတာပဲ ပျောက်သွားပုံအချက်အလက် ခြေရာလက်ရာ အားလုံးက အသတ်ခံရဖို့ပဲဖြစ်နေတာ မိန်းကလေးက ညှို့သည်ဆိုပဲ''

'' ဟုတ်တယ် သူ့ရဲ့လက်ကိုင်အိတ်ထဲမှာလည်း ရင်ခွင်ရဲ့ စိရင်ချက်မှတ်တမ်း တစ်ခုရှိနေတယ်ဆိုတော့ ဒီမိန်းကလေးဟာ ရင်ခွင်ကို စိတ်ဝင်စားနေတဲ့သူ ဖြစ်ဖို့ လုံးဝသေချာတယ်လေ ရင်ခွင်က မိန်းကလေးတွေကိုရှာဖွေတဲ့ကောင် မဟုတ်ဘူး သူ့ဆီရောက်သွားရင်သာ ချမ်းသာမပေးတာ ဒီမိန်းကလေး ရင်ခွင်နဲ့တွေ့သွားတာ သေချာပါတယ်



www.burmeseclassic.com

www.burmeseclassic.com



" ဒီနေရာမှာ စဉ်းစားဖို့ရှိနေပြီကွ သူကရင်ခွင် ဒီမှာရှိနေတာကိုသိလို့လား "

" အဲဒါက လျှို့ဝှက်ချက်ဖြစ်လိမ့်မယ် မေရှားက အသက်သုံးဆယ်ရှိနေပြီဆိုတော့ ရင်ခွင်နဲ့ သိပ်အလှမ်းမဝေးခဲ့ဘူး ဆရာ ရင်ထဲမှာရှိခဲ့ဖူးထားရင်လာချင်ရင်အနီးလေးဆိုတဲ့ စကားရှိတယ် ဒီကို ရောက်လာတာကိုက အချိန်းအဆက်တွေနဲ့ ဖြစ်ချင်ဖြစ်နေမှာ "

ဦးမျိုးသော်က ခေါင်းညိတ်၍ ဘောင်းဘီခါးပတ်ထဲကို လက်မနှစ်ချောင်းသွင်းလိုက်ပြီး ခါးထောက်သည်။

ရင်ခွင်ကိုတမ်းတမ်းစွဲသွားကြသော မိန်းကလေးတွေ အကြောင်းပြောမိတိုင်း လျှပ်တပြက်ဝင်လာသည်က ကိုယ့်သမီးမျက်နှာ။

" သိချင်တဲ့ တစ်စုံတစ်ရာကို သိခွင့်လည်းရှိနေသားနဲ့ ရင်ဘတ်ကြီးထဲမှာ ဖိသိပ်ပြီး 'ဦး' ဘယ်လိုလုပ် အိပ်ရမလဲ ဖေဖေ "

" ရပါတယ် ဖေဖေ့လိုပဲ ဦး ခံစားဖူးသွားပြီ "

" နောက်ထပ် ဖေဖေ ဘာလုပ်ခဲ့သလဲ "

ပြန်တွေးမိတိုင်း သမီးပြောခဲ့သော စကားတွေကိုပဲ အထပ်ထပ်ကြားနေမိသည်။

ပြီးတော့ သမီးလည်း ဒီမြို့မှာရှိနေသည်။

သူ့မှာဘယ်လိုမှ မအားလပ်သောကြောင့် ပြည့်မြို့သန့် ဆိုတာကိုလည်း မရှာနိုင်သေး။

သမီး ဒီမှာပဲလား ပြန်သွားပြီလား။





တကယ်တမ်း ရင်ခွင်ကို စိတ်ဝင်စား၍ ကြိုးစားပမ်းစား သူ့ကိုတစ်ပတ်ရိုက် ပါလာတာဆိုလျှင်

သွေးတို့က နှလုံးသားမှ တဒိတ်ဒိတ်ခုန်ကာ နားထင်ကို ရိုက်ပုတ်လာကြသည်။

'မဦး . . .'

" ကိုဖော် "

ဦးမျိုးသော် နေဖော့လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်မိ၏။

သမီးနဲ့သူဖြစ်ခဲ့ ငြင်းခဲ့ရသမျှကို မျိုသိပ်ထားခဲ့သော်လည်း ရင်ထဲမှာ ပူလွန်းမက ပူလာကာ ဘယ်လိုမှ ထိန်းချုပ်မရတော့။

" အဲဒီ 'မဦး' 'မဦး' ဆိုတာ . . ."

ဦးမျိုးသော် စကားမဆက်နိုင်ဘဲ အံကြိတ်လိုက်မိ၏။

ဖြစ်နိုင်ခြေရှိသည်ဟု နေဖော် ခန့်မှန်းလိုက်မှာကို မကြားချင်။

" ပြောပါဆရာ ဆရာ ဘာတွေးမိလို့လဲ "

" သမီး . . . ကျုပ်သမီး သူမဟုတ်ပါစေနဲ့ . . . မိုက်လိုက်တာ"

ဦးမျိုးသော် တစ်ကိုယ်တည်း ရွေ့တ်ရင်း မျက်လုံးတွေ မှိတ်ပစ်လိုက်၏။

အံကြိတ်ထားသည့် မေးရိုးကြီးတွေ ထောင်ကားနေကြသည်။

ရှိခဲ့ဖူးသော အတွေ့အကြုံများအရ

သိနေခဲ့သော သမီး၏စိတ်ခါတ်နှင့် ဖွတ်ဘာရွတ်ဆန်မှု။

'မဦး' ဆိုသည့်တစ်ယောက်ဟာ ဖြစ်နိုင်ခြေ ရှစ်ဆယ်ရာနှုန်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိနေပါပြီ။

သူ့ရေရွတ်နေသမျှကိုကြားကာ နေဖော် မျက်နှာပျက်လာ၏။

မှုခင်းထောက်လှမ်းရေး အရာရှိပီပီ အဖြစ်ကို ဆက်စပ်တွေး လိုက်မိပြီ ဖြစ်၏။

" စိတ်ကိုဖြေပါ ဆရာ ဒါ သိပ်မဖြစ်နိုင်ပါဘူး "

ဦးမျိုးသော် မျက်လုံးတွေ ခပ်ဖြည်းဖြည်း ပြန်ပွင့်လာသည်။

နေဖော်က ဦးမျိုးသော် လက်ကောက်ဝတ်ကို အားပေးသလို ဖိဆုပ်ကိုင်လိုက်၏။

" အဲဒီ မဦးဆိုတဲ့ တစ်ယောက်အကြောင်း ခုပဲ ကျွန်တော် ပြောမလို့ပါ ရင်ခွင်နဲ့ပတ်သက်ခဲ့တဲ့ မိန်းကလေးတွေ အားလုံးကိုကြည့်ရင် ခပ်နိမ့်နိမ့်ထဲက တစ်ယောက်မှမရှိဘူး ဆေးကျောင်းသူ သုံးယောက် ကထိကတစ်ယောက် တစ်ယောက်က စိန်ကုန်သည် နောက်နှစ်ယောက် ဆိုလည်း နည်းပညာတက္ကသိုလ်က ကျောင်းသူတွေပဲ မိဘတွေကလည်း တကယ့်ဒိတ်ဒိတ်ကျဲ ကုန်သည်တွေ "

" အခု မဦးဆိုတာ ဘယ်လိုမိန်းကလေးလဲလို့ ခင်ဗျား သိလို့လား "

ဦးမျိုးသော် ကောက်ခနဲ မေးလိုက်တော့ နေဖော် မျက်မှောင် ကုတ်သွားသည်။

" မသိပေမယ့် ဘာမှမဟုတ်တဲ့ မိန်းကလေး တစ်ယောက် ဆိုတာတော့ အားလုံးပြောနေကြတာပဲ ဆရာ ဒီဘက်က ကော့စ်နှစ်ခုမှာ





မေရှားကအဓိက ပစ်မှတ်ပါ "

" ဥပဒေမှာ ကောလဟာလနဲ့ ဆုံးဖြတ်ပြီး စီရင်ချက်ချတာ ရှိသလား ကိုဖော် "

နှစ်ယောက်သား ငြိမ်သက်သွားကြလေသည်။

တကယ်တော့ နေဖော် သူ့ကိုဖြေသိမ့် ပြောပေးနေမှန်း ဦးမျိုးသော် သိသည်။

ဦးရစ်ပဝါဟာ မဦးဖြစ်နိုင်ခြေတွေ အများကြီးရှိနေလို့သာ သူ ဒီလောက်ထိ စိုးရိမ်ခံစားနေမှန်း နေဖော်သိသည်။

ဆက်နွယ်ပတ်သက်မှုတွေကလည်း အခြေအနေအားလုံးဟာ မဖြစ်နိုင်ဘူးလို့ ခေါင်းခါဖယ်ချပစ်လောက်စရာ ဘာမှမရှိ။

" မနှစ်သိမ့်နဲ့ ကိုဖော် ကျုပ်တို့တစ်တွေဟာ တာဝန်ထက် ဘာကိုမှဦးစားပေးလို့ မဖြစ်ဘူး ဖြစ်လာသမျှကို ရင်ဆိုင်ဖို့ အမြဲအဆင်သင့် ရှိနေရမယ့်သူတွေ ဘာတတ်နိုင်မှာလဲ တစ်ခုပဲ ကျုပ်အကူအညီ တောင်းချင်တယ် "

" ပြောပါ ဆရာ "

" မေရှားရဲ့ကော့စ်နဲ့အတူ မဦးရဲ့သတင်းကိုပါ ကျုပ် သေချာ သိပါရစေ "

" ကောင်းပါပြီ ဒီကော့စ်နှစ်ခုလုံးကို အဓိကထားပြီး အမြန်ဆုံး စုံစမ်းပါ့မယ် "

ထိုစဉ် ဆိုင်ကယ်သံသဲ့သဲ့ ကြားလိုက်ရပြီး ဘာမှမကြာသေးမီ



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ် သွေးနီ ပြေးတက်လာ၏။

" အကြောင်းထူးလာပြီလား "

ဦးမျိုးသော်ကပဲ မေးသည်။

သွေးနီက ခေါင်းညိတ်၍ ဂျာကင်ထဲက စာရွက်ခေါက်လေး တစ်ခုကို ထုတ်ယူပြီး တရိုတသေ လှမ်းပေးသည်။

" မေရှား ရေးခဲ့တဲ့စာပဲ ဆရာ ကျွန်တော် ဖိုတိုဆွဲလာခဲ့တာ စခန်းမှာလည်း အချက်အလက် အတော်လေး ရှိနေပြီ အရေးကြီးရင် ဆက်သွယ်ဖို့ ကုတ်နံပါတ် ကျွန်တော်ပေးခဲ့တယ် "

ဦးမျိုးသော်က စာကိုဖတ်ပြီး နေဇော့်လက်ထဲ ထည့်လိုက်၏။

ရှုပ်ရှုပ်

အပါးကိုပြောပြပေးပါ။

ရှား သူနဲ့ပဲ နေတော့မယ်

လိုက်မရှာပါနဲ့လို့

မေရှား

စာဖတ်ပြီးတော့ နေဇော်က ဦးမျိုးသော်ကိုကြည့်၏။

" ဒါဆို မေရှားက ခုထိအသက်ရှင်လျက်ရှိသေးတာပေါ့ စာမှာ နေ့စွဲမပါဘူး ဒီစာဘယ်နေ့က ရတာတဲ့လဲ ဆရာနီ "

ရှုပ်ရှုပ်ဆိုတာက မေရှားရဲ့အထိန်းတော် တရုတ်မလေးပဲ ဒီကောင်မလေးနဲ့ မေရှားက အတူတူလာကြတာ ရှုပ်ရှုပ်ဒီစာကိုရပြီး ဦးလီဟော့ဆီ ပြန်သွားပို့တာပဲ အခု ဦးလီဟော့ကိုယ်တိုင် စခန်းမှာ





အမှုလာဖွင့်တာ သူ့သမီးကို ရင်ခွင် ခိုးသွားတာပါ တဲ့ "

နေဇော်နဲ့ ဦးမျိုးသော် မျက်လုံးချင်းဆုံသွား၏။

မေရှားက ရင်ခွင်ရှိသည့်နေရာကို သိနေ၍ တကူးတက ရောက်လာခြင်းဆိုတာက သေချာနေပါပြီ။

ဒါပေမဲ့ စာကမြဝတီနဲ့ဒီ ခေါက်တုံ့ကူးနေခဲ့သည်မို့ မေရှား ခုထိအသက်ရှင်လျက် ရှိနေမနေဆိုတာက မသေချာတော့။

" အဆိုးထဲက အကောင်းပဲဆရာ ရင်ခွင် ဒီဘက်မှာရှိနေတာ လုံးဝသေချာသွားပြီ "

" မေရှား သွားပြီဆိုတာလည်း သေချာတယ်လို့ ကျုပ်ပြောချင် တယ် "

သွေးနီကထပ်၍ အတည်ပြု၏။

" ရင်ခွင်နဲ့ မေရှားက သူများနဲ့ပတ်သက်တာမျိုး မဟုတ်ဘဲ တကယ်ကျွမ်းဝင် ကြတာကော မဖြစ်နိုင်ဘူးလား ဆရာနီ သူ ရင်ခွင် ရှိတဲ့နေရာကိုသိပြီး တကူးတကကြီး ရောက်လာပုံက ဆန်းနေတယ်လေ ပြီးတော့ မေရှားဟာ စီးပွားရေးတက္ကသိုလ်မှာ အလှဘုရင်မဘွဲ့ကို သုံးနှစ် ဆက်တိုက် ရခဲ့တဲ့ မိန်းကလေးလို့ ကျွန်တော် အတိအကျ ကြားထားတာ"

သွေးနီက ခေါင်းညိတ်လိုက်ပေမယ့် မဲ့ပြုံးနှင့်ဖြစ်၏။

" ဖြစ်လာပုံကတော့ သူများထက်ဆန်းနေတာ အမှန်ပဲ ဒါပေမဲ့ ရင်ခွင်သတ်ခဲ့သမျှ မိန်းကလေးတွေကလည်း အလှဘုရင်မတွေချည်းပဲ ဆိုတာ မေ့လို့မရဘူးကိုဇော်ရဲ့ ပြီးတော့ ရင်ခွင်ရဲ့ ရည်ရွယ်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျူပ်တို့သုံးသပ်ခဲ့တာက မိန်းကလေးချည်း သတ်နေတာက သတ်ကို သတ်ချင်လို့ပဲ ဘဝကိုလည်း မပယူခဲ့ဘူး တဏှာကျွံခဲ့တာ မရှိဘူး မျက်နှာကို ဖျက်ဆီးပစ်တတ်တာကလည်း လှတာကိုမုန်းတာလို့ ပြောရင်ရသေးတယ်''

ပတ်ဝန်းကျင်မှာ လေပြည့်က ဝုန်းခနဲ ခုန်ထလာသော မြင်းရိုင်း တစ်ကောင်လို ချက်ချင်းကြီး ဝုန်းဒိုင်းကြဲသွား၏။

အမှိုက်သရိုက်များနှင့် ဖုန်မှုန့်တွေ လုံးထွေးဝဲပျံသွားသည်။ ခြေမျက်စေ့ ခြေသလုံးများထိ ကျောက်ခဲသလဲတွေ ပြင်းစွာရိုက်ပုတ်သွားကြ၏။

သုံးယောက်လုံး မျက်လုံးတွေမှိတ်ကာ မျက်နှာတွေပါ လွှဲထားကြရ၏။

ထိုအချိန်လေးတွင် ဦးမျိုးသော် မှိတ်ထားသည့် မျက်ဝန်းထဲမှာ ပေါ်လာသည်က 'ဦးရစ်ပဝါ'

✿ ✿ ✿ ✿ ✿



## အခန်း (၇)

လမင်းကြီးက ထိန်ထိန်သာနေသည်။

တဲရှေ့ကွင်းငယ်လေးထဲမှာ မီးပုံကြီးက အလျှံတညီးညီး တောက်လောင်လျက် တံစို့ထိုး၍ တန်းထိုးကင်ထားသော ယုန်ကင်က တဖျစ်ဖျစ် တရှဲရှဲ မြည်သံပေးနေ၏။

နီရဲနေသော ယုန်ကင်မှ အဆီတွေက မီးပုံထဲသို့ တပေါက်ပေါက် ယိုကျနေကာ မီးတောက်တွေက ဆီထိုးပေးနေသော မီးဖိုကြီးလို ဟူး ဟူး ဟဲ ဟဲ အားကောင်းနေ၏။

'' ကျက်နေပြီ ကောင်မလေး စားတော့မလား ''

'' ဟင့်အင်း ''

ယုန်ကင်နံ့ကမွှေးနေပေမယ့် အဲဒီပုံစံ စိုစိုစိစိကြီး ဦးမစားရဲပေ။ မီးပုံဘေးမှာ စောလုံနှင့်စောကဲတို့က ကြွေရည်သုတ် မက်ခွက်ကြီးများ ရှေ့မှာချလျက် မီးထိုးလိုက် မော့လိုက်။



www.burmeseclassic.com

www.burmeseclassic.com



ခွက်တွေထဲမှာ ဘာတွေမှန်းမသိပေမယ့် ရေမဟုတ်တာတော့ သေချာသည်။

တောထဲမှာ ဆိုပေမယ့် လူသူမနီးသော တောမဟုတ်။

တဲထဲမှာ ဆီ ဆန် ဆား အပြည့်အစုံ ရှိသည်။

ဝါးစင်လေးနှင့် မလိုက်ဖက်စွာ စည်သွပ်ဘူးတွေ နို့ဆီဘူးတွေက အစရှိ၏။

ပြီးတော့ ဆေးပုလင်းတွေ ဆိုသည့်အထဲမှာ ဝီစကီပုလင်းတွေလည်း တွေ့သည်။

သူတို့ကိုယ်တိုင် ချက်သော ခေါင်ရည်ဆိုတာလည်း အရက်ပဲ ဖြစ်၏။

ဦး ရောက်ကတည်းက မီးဖိုထဲဝင်မယ်ဆိုလည်းမရ။

ဘာပဲဖြစ်ဖြစ် ဘာမှကူညီ လုပ်ကိုင်ပေးခွင့်မရ။

ထို့အတူ ငြိမ်ငြိမ်လေး ထိုင်နေမှကြိုက်သည်။

ဘယ်မှ ထသွားတာမကြိုက်။

ခြေထောက်က သက်သာလားဟု မိုးလင်းတိုင်း မေး၏။

ဦး ဘာဖြစ်လို့မှန်း မသိဘဲ ဒီကနေ မသွားချင်သေးသည့်စိတ်က ရှိနေ၏။

ခြေထောက်ကလည်း ကံအားလျော်စွာ သိပ်အကင်းသေသွားတာမျိုး မဖြစ်သေးဘဲ ထော့နင်း ထော့နင်းမို့ . . .

" ကဝေက နင်အနာသက်သာရင် ပြန်လွှတ်ဖို့ ပြောနေတာ"





ဆိုသော စကားကို အတည်မပြုနိုင်ဘဲ ဖြစ်နေ၏။

ကဝေဆိုသည့် လူကြီးကိုလည်း ဦး ရင်ဆိုင်ချင်မိသည်။

ဒီလူကြီးကို ဖျတ်ခနဲ ဖျတ်ခနဲသာ မြင်ရသည်။

မျက်နှာချင်းဆိုင် မဆုံဖြစ်သေး။

ဆံပင်ရှည်ကြီးတွေ ကျောပေါ်မှာ ဖားလျားဖြန့်နေလျက် နဖူးကျယ်ကျယ် မျက်ခုံးထူထူနှင့်

ပြီးတော့ စူးရဲသော မျက်လုံးကြီးတွေကို ဦး ရင်းနှီးနေသည်။

ငယ်ငယ်ကတည်းက ဦးမျိုးသော် လက်ဖျားခါအောင် ကောင်းသော ဦးရဲ့မှတ်ဉာဏ်ထဲမှာ ဒီမျက်လုံးတွေဟာ ဖျတ်ခနဲသာ မြင်လိုက်ရသော ကျင်းဝမှာပေါ်လာသည့် မျက်လုံးများဖြစ်၏။

ဒါပေမဲ့ ဟိုမျက်နှာက ညိုညစ်ညစ် ထူပျစ်ပျစ်

ကွမ်းချိုးတက်နေသော နုတ်ခမ်းထူကြီးများနှင့် ဖြစ်၏။

ကဝေဆိုသော လူကြီးကတော့ ဖြူဖြူသန့်သန့် တည်လွန်းသော မျက်နှာကြီးက တရုတ်သိုင်းကားတွေထဲက ဂိုဏ်းချုပ်ပုဂ္ဂိုလ်ကြီးတွေလို ဟန်ပန်အပြည့်နဲ့ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီမျက်လုံးတွေကို ဦး မမေ့ပါ။

ကဝေဆိုတာ ဟိုလူကြီးပဲ ဖြစ်ရမည်ဟု တွက်သည်။

ဒါပေမဲ့ လူချင်းကမတူ

ဒီနေ့ညမှာတော့ ပေါ့ကုံမယ့်သဘော ရှိနေသဖြင့် သိချင်တာကို မေးဖို့ စိတ်ကူးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



" ဘဘ "

မျက်နှာတည်လွန်းသည့် စောကဲကိုပဲ ဦးတည်ခေါ်လိုက်၏။

စောကဲက မျက်နှာတည့်တည့် မလှည့်ဘဲ မျက်လုံးထောင့်ကပ်၍ စောင့်ကြည့်သည်။

" ကဝေဆိုတဲ့ဘဘက ဦးကိုသိနေတယ်မို့လားဟင် အဲဒီ ဘဘ ဦးရဲ့အသက်ကို ကယ်ဖူးပါတယ် သူဘာဖြစ်လို့ မျက်နှာမတူတာလဲဟင် "

စောကဲ မျက်နှာကြီး ချက်ချင်းလှည့်လာသည်။

မက်ခွက်ကိုကိုင်၍ မော့နေသည့် စောလုလည်း ဖျတ်ခနဲ လှမ်းကြည့်၏။

ထိုအခါ တည်တံ့လွန်းသည့် စောကဲမျက်နှာကြီးမှာ ထူးဆန်းသော အပြုံးတစ်ချက် ဖြစ်ပေါ်သွား၏။

ထို့နောက် ဆတ်ခနဲ ခေါင်းညိတ်ကာ

" ဟုတ်တယ် ဒါကြောင့် သူ့ကိုကဝေလို့ ခေါ်တာပေါ့ သူ နင့်ကို ကျင်းထဲမှာ ကျနေတာမြင်တယ် မသေစေချင်ပေမယ့် မကယ် ချင်ဘူး ဒါကြောင့် မသေအောင် ကူညီခဲ့ပြီး ထားခဲ့တာ ပြန်ရောက်တော့ စောလု တောထဲဝင်သွားတယ်ကြားပြီး နင်ပါလာမှာပဲ ဆိုတာတွက်မိ တာပေါ့ ဒီထောင်ချောက်က ငါတို့လုပ်ထားတဲ့ ထောင်ချောက်ပဲ တောကောင်လေးတွေဆို ခြေထောက်ပဲ ဗွပ်ရမှာ နင်က လည်ပင်းနဲ့ မိနေတော့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလာတဲ့သူမှန်းသိလို့ ကြိုးဖြတ် ပေးခဲ့တာတဲ့ ဒါပေမဲ့ စောလုခေါ်လာတာကို သူမကြိုက်ဘူး "





" အဲဒီဘဘက တောထဲမှာနေပြီး ဘာဖြစ်လို့ ပုံစံအမျိုးမျိုး လုပ်နေတာလဲ လုံးဝကိုမတူတာ တစ်ယောက်စီလိုပဲ "

" ဒါပေမဲ့ နင်သိနေတယ်မို့လား အဲဒီကိစ္စ သူသိရင် တော်တော် ဝမ်းနည်းသွားမှာ "

" ဘာဖြစ်လို့လဲဟင် "

" သူကိုက ရုပ်ပြောင်းရုပ်လွှဲကို ဝါသနာပါတာ ဒါတွေ သူ အပျင်းပြေ လုပ်နေတာမဟုတ်ဘူး ဂျပန်ကပြန်ရောက်ကတည်းက. . . "

" စော. . . ကဲ "

ခေါ်သံကြီးက ဟိန်းထွက်သွား၏။

ဦးပင် ပခုံးလေး ကျုံ့သွားမိသည်။

ရှမ်းဘောင်းဘီရှည်မှုန့်ကြီးနှင့် ဓားရှည်တစ်ချောင်းကို ဦးစိုက် ကိုင်လာသော ကဝေပုံစံကြီးက လရောင်အောက်မှာ မားမားကားကား ကြီး ဖြစ်နေသည်။

" စကားများတာ ငါမကြိုက်ဘူး မနက်မိုးလင်းရင် သူ့ကို ပြန်ပို့လိုက်တော့ ငါအလုပ်ရှိတယ် စားစရာကိုယူပြီး သွားကြ "

စောလုကော စောကဲတို့နှစ်ယောက်လုံး ခေါင်းတွေငြိမ်တူညိတ်၍ ထရပ်လိုက်ကြသည်။

လက်ထဲမှာ မက်ခွက်တွေကို ကိုင်ထားကြပေမယ့် ယုန်ကင် ကိုတော့ ဘယ်သူမှမကိုင်ကြပါ။

" မိန်းကလေး နင် သွားအိပ်တော့ "



www.burmeseclassic.com

www.burmeseclassic.com



ဦးက မီးပုံနှင့်လှမ်းလှမ်းမှာ ကားကားကြီးရပ်နေသည့် ကဝေ့ကို ခပ်စူးစူးလေး တစ်ချက်ကြည့်ပြီးမှ ထရပ်လိုက်၏။

တဲကြီးထဲရောက်တော့ မှောင်မိုက်နေလေသည်။

ဦး ရောက်တာ နှစ်ညအိပ်ခဲ့ပြီ ဖြစ်၏။

ဒီညပါဆို သုံးည

ညတိုင်းမှာ ဦး တစ်ယောက်ပဲ တဲထဲမှာ အိပ်ခွင့်ရသည်။

စောက်ဲတို့က အနေတည်သော်လည်း အားလုံးက သစ္စာသမာဓိ ကြီးမားကြသည့်မို့ ဦး စိတ်ချမ်းသာနေ၏။

ဒီညတော့ ခြေထောက်က သွားနိုင်လာနိုင်ပါပြီ။

မနက်ဖြန် မလွဲမသွေ ပြန်ရတော့မှာကိုလည်း သိနေ၏။

ဦး ကွပ်ပျစ်ကြီးပေါ်မှာ လှဲနေရာက ပြန်ကျုံးထသည်။

မီးတွေထိန်လင်းနေသည့် ရှေ့ကိုရှောင်ရှား၍ တဲ၏နောက်ကျော ဘက်ကို ထွက်လိုက်၏။

တော၏အရိပ်နှင့်လရောင်က ပန်းချီဆရာ အသက်ရှူ မှားအောင် လိုက်ဖက်လွှန်းနေပေမယ့် စိတ္တဇဆန်နေသည်။

တဲရှေ့မီးပုံမှ တဖျစ်ဖျစ် လောင်နေသော အသံတို့ကို ကျယ်လောင်စွာ ကြားနေရ၏။

တဲနောက်မှာ မြင့်မားသော သစ်ပင်နည်းသည်။

ကျောက်ကမူကြီးသာ မားမားကြီး ရှိနေကာ အောက်ခြေမှာ လမ်းကလေးလို ပတ်ခွေနေသည့် ခပ်ရိုပ်ရိုပ် အရာလေးအတိုင်း ဦး





တစ်လှမ်းချင်း လျှောက်ခဲ့၏။

တစ်ညလုံး ဦးအိပ်နေသည့်အထဲသို့ အနည်းငယ်မျှ ခေါင်းပြူ မကြည့်သော စောက်ဲတို့ အထဲမှာ သူမမရှိတာကို ဂရုစိုက်မိမှာ မဟုတ်။

အပြင်မှာအမြဲတမ်း သွားလာနေတတ်သော ကဝေဆိုသည့် လူကြီးနှင့် မဆုံဖြစ်ဖို့ဘဲ အရေးကြီးသည်။

တိတ်ဆိတ်လွန်းနေသော ညဉ့်၏ချောက်ချားခြင်းကို ပို၍ဂရုစိုက် နားစွင့်ရင်း ဦး ရှေ့ကိုပဲ ဆက်တိုးခဲ့သည်။

ဤမျှတိတ်ဆိတ်နေသည့် အချိန်မှာ ဘေးဒုက္ခတစ်ခုခုနှင့် ကြုံလျှင် ဦး လှမ်းအော်လိုက်တာနှင့် စောက်ဲတို့ ကြားကြမည်သာ။

ထိုအခါ စပ်စပ်စုစု လျှောက်သွားနေရ ကောင်းလားဟု ဆူပူ ကြိမ်းမောင်းခြင်းသာ ရှိချင်ရှိမည်။

ဦးကိုတော့ ကူညီကြမှာပဲ ဖြစ်၏။

ထိုလူကြီးသုံးယောက်ကို ဦးစိတ်ထဲမှ ထူးဆန်းသော အာရုံက ကြောက်ရွံ့စိတ်ကို လုံးဝမဖြစ်စေခဲ့တဲ့ စိတ်ချလက်ချကြီး ယုံကြည်နေခဲ့၏။

ခြေလှမ်းတို့က ရှေ့ကိုတရွေ့ရွေ့ တိုးခဲ့ရင်း ကျောက်ကမူကြီးက တောင်တစ်လုံးလောက် ကြီးမားထည်ဝါနေတာကို တွေ့လာရသည်။

ကွေ့ပတ်လျှောက်လာခဲ့ရင်း တစ်နေရာမှာ ဦး ခြေလှမ်းတွေ ခြေစုံရပ်တန့်သွားခဲ့၏။

" ဆောရီး မေရှား . . . မိန်းမတွေရဲ့ မျက်နှာကို ငါမုန်းတယ် ချစ်စကားတွေ ချိုတယ်ဆိုတာ စပျစ်သီးတစ်လုံးလောက် အရသာမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်တစ်ပုဒ်က မင်းပြောတာတွေထက် စိတ်ဝင်စားဖို့ ကောင်းတယ် သိလား မှတ်သွားဦး ရင်ခွင်က မချစ်တတ်ဘူး ''

ဦး ကြက်သီးတွေ ဖျင်းခနဲ ရှိန်းခနဲ ထကုန်သည်။

စကားသံက သူမရှေ့နားမှ တစ်လုံးချင်း တိုးတိုးလေးပဲ ထွက်ပေါ်လာတာဖြစ်၏။

ကြည်လင်ချိုရှသည့် လေသံက အဖျားခတ်မှာ နွဲ့သွားသည်။

စကားမဆုံး ဟွန့်ခနဲ ရယ်သံသဲ့သဲ့ကြောင့် လက်ဖျားနှစ်ဖက်မှာ ကျင်ခဲသွားခဲ့၏။

ရင်ခွင်

လူကိုမမြင်ရသေးဘဲ အသံနှင့် ဖြားယောင်းနေပါပြီ။

နေရာမှာ ငြိမ်သက်စွာရပ်လျက် လက်ဖဝါးနှစ်ဖက်ကို တင်ပါးလေးနှစ်ဖက်မှာ ဆန့်ကပ်ထားရင်း ဖိဆုပ်ပစ်လိုက်မိသည်။

ပင့်သက်ရှိုက်၍ စိတ်ကိုထိန်းလိုက်၏။

စောကဲတို့ ကာဝေတို့နဲ့ ရင်ခွင် ပတ်သက်နေသလား။

ဒါမှမဟုတ် ရင်ခွင်ကပဲ ဒီနားမှာလူတွေ ရှိနေတာကို ဂရုမစိုက်စွာ ရောက်လာခဲ့တာလား။

မေရှား

မေရှားဆိုတာ ဘယ်သူလဲ။

ရင်ခွင်ပြောသမျှ တုံ့ပြန်ပြောသံမကြားတာ ဘာ့ကြောင့်လဲ၊ သိချင်လာသည်။





ရင်ခွင်ကို မြင်အောင်ကြည့်ဖို့ မူလက ဆန္ဒများ ရှန်းကန်ထကြွလာကြ၏။

'' ဟာင် ''

သက်ပြင်းချသံသဲ့သဲ့က လေပြင်းတစ်ချက် ဟူးခနဲ အထုတ်မှာနားစည်ကို နီးကပ်စွာ ဖြတ်သန်းသွား၏။

ဦး ရှေ့ကိုတရွေ့ရွေ့ တိုးသွားမိ၏။

ဟာင်

ဦး ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။

ပန်းစွန်းနှင့်ထိနေသည့် ကျောက်နံရံမှာ ကျောပြင်လေး ကပ်ပစ်လိုက်မိတာ. တမင်တကာ မဟုတ်ပါ။

ဦး အရုပ်ကြိုးပြတ် ယိုင်ကျသွားတာ ဖြစ်၏။

သူမကြည့်လိုက်ချိန်မှာ မျက်နှာတစ်ခုကို ဓါတ်မီးနှင့်ထိုးလိုက်သည်က ကွက်တိဖြစ်သွားခဲ့၏။

ကျောက်တုံးကြီး တစ်တုံးမှာ ကျောမှီ၍ ထိုင်နေသော မိန်းမတစ်ယောက်။

ဒါပေမဲ့ သက်ရှိလူသား မဟုတ်ပါ။

မျက်ခွံတောင်တွေ ယှက်ချိမှိတ်လျက် နဖူးပါးပြင် နှုတ်ခမ်းစသည့် မျက်နှာတစ်ပြင်လုံးမှာ ဆွဲခြစ်ထားသော ဓားရာများနှင့် လည်ပင်းမှ ရင်ဘတ်ထိ ချင်းချင်းနီနေသော သွေးတို့က မြင်မကောင်း။

ဒါ မေရှား . . .



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင် မိန်းမတစ်ယောက် သက်လိုက်ပြန်ပြီ။

တဒိန်းဒိန်းခုန်၍ အသက်ရှူမှားချင်နေတာကို ဦး ထိန်းချုပ်လိုက်သည်။

သိုင်းသမားဆိုတာ စိတ်လှုပ်ရှားမှုကို ချက်ချင်းထိန်းချုပ်နိုင်စွမ်းရှိရတယ် ဒါကြောင့် သိုင်းသမားတိုင်း သမာဓိ ကျင့်စဉ်ကို ကျင့်ရတာ သမာဓိအားကောင်းလေ အောင်မြင်လေ ”

ဖေဖေ အမျိုးမျိုး လေ့ကျင့်စေခဲ့သော အကျိုးထူးများကြောင့် ဦး ချက်ချင်း စိတ်တွေငြိမ်သက်သွားသည်။

ဘာလုပ်မလဲ။

နောက်လှည့်ပြေးမလား။

ရင်ခွင် ဒီဘက်လှည့်လာတဲ့အထိ ရပ်စောင့်ကြည့်ရမလား။ နင်အသံပေးရဲသလား။

စိတ်က ကြောက်၍မဟုတ်ဘဲ ရင်ခွင်ဆိုသော ယောကျ်ား၏ ခပ်စောင်းစောင်း ပုံရိပ်ကို မြင်နေရသည်ကြောင့် ကတုန်ကယင်လှုပ်ရှားကာ ရုတ်တရက် ဘာကိုမှ မဆုံးဖြတ်နိုင်။

ထိုစဉ် နှုတ်ခမ်းစေ့၍ ရယ်သော အေးစက်စက်အသံနှင့်အတူ ရင်ခွင်ထရပ်၏။

ဦး ခြေလှမ်းနိုင်အောင် အံကြိတ်ရပ်လျက် မကြောက်မရွံ့ ရပ်နေလိုက်သည်။

“ သတ္တိတော့ ကောင်းသားပဲ ဘာသိချင်သေးလဲ ရှေ့တိုး





လာခဲ့လေ ”

ဦး ကိုယ်လေးဆတ်ခနဲ တုန်သွား၏။

သူမ ရှိနေတာကို သူသိနေသည်။

ရင်ခွင်က မျက်နှာတစောင်း လှည့်လာပြီး ဦးကိုစူးစိုက်ကြည့်နေပုံရကာ အလှမ်းကွာနေသဖြင့် သူ့မျက်နှာကို မမြင်ရ။

“ မင်း ဘယ်သူလဲ ”

“ ဦးရစ်ပဝါ ”

ခဏ တိတ်ကျသွားသည်။ ပြီးမှ

“ ဘာလာလုပ်တာလဲ ”

“ လူသတ်တမ်း ကစားနေတယ်ဆိုတဲ့ ရှင့်ကိုလာကြည့်တာ”

သူက ဦးရှိသည့်ဘက်ကို မျက်နှာမူ ရပ်လိုက်၏။

“ မဆိုးဘူး ဒါပေမဲ့ မင်းဘာဖြစ်သွားနိုင်တယ် ဆိုတာကော သိရဲ့လား ”

“ သိတယ် ဒါပေမဲ့ ဦး သူများတွေလိုတော့ မသေချင်ဘူး ဘာဖြစ်လို့လဲဆိုတော့ ဒီပြင်မိန်းမတွေက ရှင့်ကိုသဘောကျ မြတ်နိုးလို့ ပတ်သက်ဖို့ ကြိုးစားကြတာ ”

“ မင်းကကော ”

“ ရှင့်ရဲ့ကြောင်တောင်တောင် ဂေါက်တောက်တောက် လုပ်ရပ်တွေ ဘယ်ကမြစ်ဖျားခံလာတယ်ဆိုတာ သိချင်လို့ ”

“ ဘာထူးမှာမို့လို့လဲ ဒါတွေက မင်းအသက်ထက် တန်ဖိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



နေသလား ''

ဦး လှုပ်ရှားနေသည့်စိတ်ကို ထပ်၍တည်ငြိမ်အောင် ကြိုးစားသည်၊

ကြောက်နေလည်း နှစ်ခါသေဖို့ပဲ ရှိသည်။

မိဘတားတဲ့ကြားကလည်း ဖွတ်တိုးခဲ့တာ ကိုယ်ပဲ။

လုပ်ရဲခဲ့တယ်မို့လား ခံလိုက်စမ်း ဦးရစ်ပဝါ။

ဒီလိုလူမျိုးကို နိုက်မပြနဲ့။

သနားမခံနဲ့။

သူက နှလုံးသားမရှိဘူးဆို ကိုယ်ကကျောက်ရုပ် ဖြစ်လိုက်ပေါ့ လူလူချင်း ဘာမို့လဲ။

“ တန်ဖိုးဆိုတာ မိမိရဲ့တပ်မက်မှု အတိုင်းအတာနဲ့ ဆုံးဖြတ်တာမို့လား ရှင့်အကြောင်း ဦးသိချင်လို့ ဖေဖေနဲ့ အတိုက်အခံ ဖြစ်ခဲ့ရတာ တပ်မက်ခြင်းဆိုတဲ့ စိတ်က ရှင့်ကိုမဟုတ်ဘူး ဒါပေမဲ့ ဖြစ်အောင်လုပ်မယ် ဆိုတဲ့ စိတ်က ဒီရောက်အောင် ဖြစ်လာတာပဲ ရှင်ဟာ ကိုယ်လုပ်ချင်ရာ လုပ်ခွင့်ရနေတဲ့ ကျန်းမာရေး စာရွက်စာတမ်းတွေကိုတောင် ဖျောက်ဖျက်ပစ်ပြီး လူသတ်မှုတွေ ထပ်ကျူးလွန်နေတယ်ဆိုတော့ သိပ်ကိုစိတ်ဝင်စားစရာကောင်းနေတာလေ ''

ဦး ပြောသမျှ သူငြိမ်သက်စွာ နားထောင်နေသည်။

လေက တဟူးဟူး တိုက်ခတ်လာ၏။

လေထဲမှာ သွေးညှီနံ့တွေ စူးစူးဝါးဝါး ပါလာနေသည်။





ခုချိန်မှာ ရင်ခွင်ကို ကြောက်ဖို့ထက် ငုတ်တုတ်ထိုင်နေသည့် မေရှား အလောင်းကြီးကို ဦး ထိတ်လန့်လာ၏။

“ မင်းအဲ့ဖေက ရဲလား ''

သူ ဖျတ်ခနဲ ထမေးတော့ ဦး ခေါင်းညိတ်၏။

“ ဟုတ်တယ် အခုရှင့်ကို ဖမ်းမယ့်စစ်ဆင်ရေးမှာ ဦးရဲ့ဖေဖေက ခေါင်းဆောင်ပဲ ဘာလဲ ရှင် ဦးကိုဖမ်းချုပ်ပြီး အကျပ်ကိုင်ဖို့ စိတ်ကူးမိသွားပြီလား ''

“ ဘာ . . . ဟား ဟား ''

သူမျက်နှာမော့၍ ရယ်ပေမယ့် ကျယ်လောင်ခြင်း မရှိတဲ့ အလွန်နူးညံ့နေသည်။

“ မင်းပြောတာ ရှေ့နောက်မညီသေးဘူး စိတ်ဝေဒနာရှင်ဆိုတဲ့ ဂုဏ်ဖဲနဲ့ လုပ်မစားချင်လို့တောင် ဒါတွေကို ဖျောက်ပစ်ခဲ့သေးတာ မင်းအဖေကို ကိုယ်ကကြောက်နေမယ် ထင်လား ''

“ ဟွန်း အရှုံးမရှိတဲ့လူ မရှိဘူး ''

“ ဖြစ်တော့ ဖြစ်နိုင်တယ် ''

ပြော၍ ရင်ခွင် ရှေ့တိုးလာသည်။

ဦး ခြေတစ်လှမ်းဆုတ်လိုက်မိ၏။

ဒဏ္ဍာရီဆန်ဆန် သတင်းကြီးနေခဲ့သည့် ရွှေမင်းသားကို သူမ ရင်ဆိုင်တွေ့နေရပြီ။

ထိုသူဟာ လူသတ်သမား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှေ့မှာပဲ သတ်နေတာ ဖြစ်သည်။

ခုလည်း ကိုယ့်ထံသို့ တိုးရွေ့လာနေပြီ။

မပြေးနဲ့ မဆုတ်နဲ့ ဦးရစ်ပဝါ။

နင် စိန်ခေါ်ပြီးပြီမို့လား။

ဦး ထပ်မဆုတ်ဘဲ ရပ်နေလိုက်လျှင် ရင်ခွင်က သူမရှေ့မှာ ခြေစုံရပ်၏။

ဦး သူ့မျက်နှာကို မကြည့်ပါ။

'သူ့ပုံကိုကြည့်ပါရစေ' ဟု ဖေဖေ့ဆီမှာ အကြိမ်ကြိမ် ပြောခဲ့ဖူးသည်။

မိဘကို လှည့်ပတ်ကြိုးစား၍လည်း ဒီမျက်နှာကို မြင်ရအောင် ကြည့်ခဲ့သည်။

ထပ်ကြည့်ဖို့မလို။

ဝန်ခံရမည်ဆိုလျှင် ဦး မကြည့်မိအောင် နေနေရခြင်း ဖြစ်၏။

သူပြောသလို သူချောလို့ လှလို့ မူးမူးမိုက်မိုက် ဖြစ်ကုန်ကြတဲ့ အထဲမှာ သူမ မပါစေရ။

" ဦးရစ်ပဝါ ဟုတ်လား "

" အ . . . "

ဦး ပခုံးကို ဖျတ်ခနဲ ဖမ်းဆုပ်၏။

ဦး ကိုယ်တစ်ခြမ်း ဆုတ်ရှောင်ကာ သူ့လက်ကို ပုတ်ချပစ်လိုက်သည်။





သို့သော် မယုံနိုင်အောင် မြန်လွန်းသည့် သူ့လက်သည် ဦး လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပစ်ပြီးသား ဖြစ်သွား၏။

ထို့နောက် ဆောင့်နင်းချလိုက်သော ဦး၏ခြေထောက်

ဖက်တွယ်လိုက်သည့် တံတောင်။

တိုက်ကွက်အားလုံးကို လျှပ်စီးလက်သလို ပုတ်ထုတ်ဖယ်ချပစ်ခဲ့လျက် ဦး တစ်ကိုယ်လုံးသည် သူ့ကိုယ်နှင့် ဖိကပ်ခံလိုက်ရကာ ကျောနောက်မှာ ကျောက်သား. . .

လည်မျိုပေါ်မှာ သူ့လက်မောင်း . . .

" အား . . . အစ် "

နှယ်ကြိုးစာမိထားသည့် လည်တိုင်က ဒဏ်ရာဟောင်းက အရှိန်မပြေသေးသဖြင့် ဦး မျက်ဝန်းတွေ မှိတ်ပစ်လို့မရ။

အဆမတန် နာကျင်လျက် ခေါင်းတစ်ခုလုံးသည် လမ်းကြိတ်စက်အောက် ရောက်သွားသလို နား မျက်စိ နှုတ်ခမ်းများမှ သွေးတို့ ပေါက်ထွက်လာတော့မတတ် ထူအူသွား၏။

သူမ သေရတော့မည်ကို သိလိုက်၏။

မေရှားဆိုသည့် အလောင်းကောင်ကြီး ပုန်းခနဲခုန်ထကာ လက်ညှိုးထိုး၍ ဟားတိုက်ရယ်နေသလိုလို . . .

ထိုစဉ် လှုပ်ရှားမှုလိုလို လှုရိပ်လိုလို

ဝေဒနာအပြင်းအထန် ခံစားရင်းမှ မျက်စိရှေ့မှာပဲ ပိုးတဝါး မြင်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကူညီမည့်သူလား။

နောက်ဆုံး ထွက်သက်ဖြင့် အားခဲကြည့်မိသည်။

မေရှားအလောင်းကြီး ထလာခြင်းဖြစ်သည်။

သို့သော် အလောင်းကထလာတာ မဟုတ်ဘဲ တစ်စုံတစ်ယောက်က ဆွဲထူယူလိုက်တာဖြစ်သည်။

ထိုတစ်စုံတစ်ယောက်ကို သေချာကြည့်တော့

ကဝေ . . .

ဟုတ်ရဲ့လား ပြာဝေမဲပြာလာသော မျက်လုံးထဲမှာ ကဝေ၏ ဆံပင်ရှည်ဖားလျားကြီးက စွဲကျန်ခဲ့ပြီး . . .

✿ ✿ ✿ ✿ ✿



## အခန်း (၈)

" အား . . . "

တကယ်ပဲ လန့်ဖျန့်ကျူးအော်လိုက်တာ ဖြစ်သည်။

ဒါပေမဲ့ အသံမထွက်ပါ။

အဆမတန် နာကျင်သွားသည့် ကိုယ့်လည်ပင်းကို ပြန်အုပ်စမ်း၍ ဦး လဲကျသွား၏။

သူမ ဘယ်ရောက်နေတာလဲ။

လဲကျနေသည်က မြေမစစ်သော ကျောက်သားရောသည့် ကြမ်းပြင် မညီညာသော ကျောက်နံရံနှင့် ဘယ်ကိုကြည့်ကြည့် အပေါက်မရှိသည့် ကျောက်ဂူကြီးပဲ ဖြစ်နေသည်။

ဒါပေမဲ့ အလင်းရောင် ရှိနေပြန်သည်။

ထို့ပြင် သူမဘေးမှာ ပန်းချီဆွဲသော ကရိယာအစအနများ ပြန့်ကျဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သုံးလက်စနှင့်ဒီတိုင်း ပြန့်ကျဲနေသည့် ကင်းပတ်စတွေလည်း ရှိနေကာ ဒေါက်တင်ထားသော အသစ်စက်စက် ကင်းပတ်စပေါ်မှာ မျက်လုံးတစ်လုံးတည်းသာ ဆွဲထားသည့် မြွေပေါက်တစ်ကောင်၏ ဦးခေါင်းပုံ။

ထိုထက်ပို၍ ဦး မျက်လုံးတွေကို ခေါင်းရင်းပိုင်းကို နောက်ထပ် မော့မကြည့်ရဲတော့ပေ။

ဒီတစ်ခါ လန့်အော်မိလျှင် အသံမထွက်နိုင်ပေမယ့် အသက် ထွက်သွားနိုင်၏။

သူမ၏ ခေါင်းရင်းခပ်မြင့်မြင့်မှာ ဆံပင်ဖားလျားနှင့် တန်းလန်း ချိတ်ထားသော မိန်းမတစ်ယောက်၏ ခေါင်းပြတ်ကြီး ရှိနေသည်။

ဦး အသားတွေ ဆတ်ဆတ်တုန်လာ၏။

သတ်ပစ်လိုက်ပါလား။

ညကတည်းက လည်ပင်းညှစ်ခဲ့တာ ဘာလို့အသေမသတ် တာလဲ။

ရင်ခွင် ရှင်လာသတ်စမ်းပါ။

တအားအော်ခေါ်ပြီး ဦး လည်စင်းပေးလိုက်ချင်သည်။

ဒီအခန်းထဲ ထည့်ထားခံရတာ သေရတာထက် ဆိုးသေးသည်။

ဒါပေမဲ့ လည်ပင်းညှစ်ထားခံခဲ့ရသော လည်ပင်းတွေက စကား ပြောလို့ လုံးဝမရ။

မသေဘဲ သူမဘာဝပျက်ပြီ ထင်သည်။





သူမဘာဝ တကယ်ဆွံ့အသွားခဲ့မည် ဆိုလျှင်

" မင်း သတိရပြီလား "

ဦး အသံလာရာကို ကြည့်လိုက်၏။

ထိပ်ပြောင်ပြောင်နှင့် ထွားကျိုင်းသော လူကြီး။

ဦးက ထိုလူကြီး မျက်လုံးတွေကို စူးစိုက်ကြည့်နေ၏။

" မင်း ငါ့ကိုသိပါတယ် "

ကာဝေ

ဦး စကားမပြောနိုင်ပေမယ့် သူမမျက်ဝန်းလေးတွေကို ကြည့်၍ ကာဝေက နားလည်၏။

" သိတာများလွန်းရင် သေတတ်တယ်ဆိုတာ မင်းက ယုံမှ မယုံဘဲ "

ဟုပြော၍ ဦး အနားမှာလာရပ်၏။

ထို့နောက် ကြမ်းပေါ်မှာ ခွေခွေလေးလဲနေသည့် ဦး လက်မောင်း တစ်ဖက်ကို အရုပ်တစ်ရုပ်လို ဆွဲမလိုက်သည်။

" အ "

လှုပ်ရှားတိုင်း နာကျင်နေသည့် လည်ပင်းက မခံနိုင်။

သင်ဖြူးတစ်ချပ် ခင်းထားသည့် ခုတင်တစ်လုံးပေါ်မှာ သူမကို မညှာမတာစွာ ချလိုက်၏။

ထို ခုတင်သည် ခေါင်းပြတ်ကြီး၏ အောက်မှာဖြစ်လျက် ဦး မမြင်ချင်လို့လည်း မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်မလို့လဲ သတ်မယ်ဆိုသတ်ပစ်လိုက်ပါ ဒီထဲမှာမနေပါရစေနဲ့ အံကြိတ်ထားရင်း ဦးမျက်လုံးတွေမှိတ်၍ စောင့်နေလိုက်၏။

သို့သော် သူမထင်သလို မဟုတ်တဲ့ ကဝေ၏လက်ကြွမ်းကြီးက နှာကျင်နေသော လည်တိုင်နုနုသို့ ပွတ်သပ်လာသည်။

စိုစွတ်ပူရှိန်းသော ခံစားမှုနှင့်အတူ အလွန်ဆိုးဝါးသည့် အနံ့တစ်မျိုးက နှာခေါင်းထဲ စူးဝင်လာ၏။

လည်ပင်းကို ဆေးလိမ်းနေခြင်းဆိုတာ သိလိုက်၏။

ဦး မျက်လုံးတွေဖွင့်တာကို တမင်စိုက်ကြည့်နေပုံ ပေါ်သော ကဝေက မျက်လုံးချင်းဆုံတော့မှ

" မင်းကို မစပ်စုနဲ့လို့ မှာထားတာပဲ စပ်စုခဲ့တာ မင်းရဲ့ကံကြမ္မာပဲ ဆေးလိမ်းပေးနေတာကို ဘဝင်မြင့်မသွားနဲ့ မင်းကိုသူသတ်မှာ သူကဘယ်သူကိုမှ ချက်ချင်းမသတ်ဘူး မင်းကပိုဆိုးမယ်ထင်တယ် "

ကဝေ ပြောနေပုံက အနည်းငယ်မျှပင် ရယ်မြူးရိပ်မရှိ ပြောင်လှောင်လိုပုံလည်း မရှိပါ။

အပြစ်တင်ကဲ့ရဲ့နေသလိုမျိုးဖြစ်ကာ အသတ်ခံရမည့်လူကိုပဲ မကျေမချမ်း မုန်းတီးသံပေါက်နေ၏။

ရင်ခွင်နဲ့ သူတို့ပတ်သက်နေသလဲ။

ဒီကျောက်ဂူကြီးက တဲနောက်က ကျောက်တောင်ကြီး . . ဘယ်နေရာလဲ။

ယောက်ယက်ခက်အောင် စဉ်းစားရင်း တစ်စစဆက်စပ်





မိလာ၏။

ရင်ခွင်ဟာ ကျောက်တောင်အတုနှင့်အတွင်းမှာ လျှို့ဝှက်အခေါက်အဦး လုပ်ထားခဲ့သည်။

ဘယ်သူမှ မထင်မှတ် မရိပ်မိအောင် လှုပ်ရှားနိုင်ခဲ့တာ ဒါကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

ထို့ပြင် ကဝေကဲ့သို့ . . .

စောက်တို့လို လူတွေက ကူညီနေကြသည်။

ဒါဆို ရင်ခွင် လူတွေသတ်နေတာ ဘယ်လိုစီမံကိန်းနဲ့လဲ။

ဘာ့ကြောင့် သူတို့မတားဆီးကြတာလဲ။

" ဘာလဲ သိချင်တာတွေ သိပ်များနေပြီလား၊ မင်းမျက်လုံးထဲမှာ လောဘတွေ ပြည့်သိပ်နေတယ် ပဝါ ဒါကို ချုပ်တီးလိုက်ဦး မဟုတ်ရင် မင်း သူနဲ့တွေ့ပြီး မမေးမမြန်းလိုက်ရဘဲ အသေစောသွားလိမ့်မယ် ဒီအခန်းက တွက်တာနဲ့ ထောင်ချောက်တွေရှိတယ် "

လည်ပင်းတစ်ခုလုံးကို ဆေးရည်နဲ့အကြာကြီး လူးပေးနေပြီး ဂွမ်းစတစ်စနှင့် ရစ်ပတ်ထားခဲ့သည်။

ပြီးတော့ ထရပ်လိုက်၏။

ခေါင်းပြတ်ကြီးနဲ့ သူမကို ထားခဲ့တော့မည်။

ဦး မျက်လုံးတွေကို စိုက်ကြည့်၍ ကဝေက မဲ့လိုက်၏။

ကြောက်နေတာကို အကဲခတ်မိပြီး ကျေနပ်သွားတာမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦး မျက်လုံးတွေ မှိတ်ပစ်လိုက်ရပြန်သည်။

ကဝေ ဆွဲယမ်းသွားခဲ့သော ဦးခေါင်းပြတ်ကြီးမှ ဖားလျားကျနေသည့် ဆံပင်ရှည်တို့က ဦးမျက်နှာပေါ်မှာ မထိတထိ ဖြတ်လွှဲလျက် စိမ့်ခနဲ အေးခနဲ တိုးဝှေ့နေသော လေနှင့်အတူ ညှီစို့စို့အနံ့အသက်ကြီးက သိုးဝါးစွာ။



## အခန်း (၉)

မျက်လုံးတွေကို ဖွတ်အတင်းမှိတ်ထားသော်လည်း အိပ်ပျော်သွားခြင်းမရှိ၊ မျက်လုံးတွေ ကိုက်ခဲလာသည်။

ခေါင်းတွေလည်း မူးနောက်လာ၏။

အစာမရှိသော ရင်ထဲမှာ တုန်ယင်နှုန်းချိကာ အခြားသော ဝေဒနာများထက် မျက်လုံးမဖွင့်မိအောင်သာ ဦး ကြိုးစားနေမိသည်။

ဘယ်နေရာမှာ ဘယ်လိုပဲ သတ္တိမွေးမွေး မိန်းကလေးသဘာဝအားလုံးငှဲ့လျှိုး ပျောက်ကွယ်သွားသည် မရှိခဲ့ပေ။

တဟူးဟူး ဝေ့ဝဲနေသော လေအလျင်လည်း ရပ်သွားသည်။

ညှီစို့စို့အနံ့ကြီးလည်း ပျောက်ကွယ်သွား၏။

လှုပ်ခါနေသည့် ဦးခေါင်းကြီး ရပ်တန့်သွားပြီမှန်း သိလိုက်ပေမယ့် သူမရှိသည့်ဘက်ကို လှည့်လျက်သား ရှိနေမှာက သေချာပါသည်။

တစ်ကိုယ်လုံး တောင့်တင်းလာအောင် အံကြိတ်ငြိမ်နေက်



www.burmeseclassic.com

www.burmeseclassic.com



နေမိဆဲ ကျောက်သားပွတ်တိုက်သံ သဲ့သဲ့ထွက်ပေါ်လာ၏။

ပြီးတော့ မီးရောင်

မှိတ်ထားသည့် မျက်လုံးထဲမှာ မီးရောင်ဝင်းလာသဖြင့် ဦး ဝမ်းသာသွားသည်။

ကြည့်လိုက်တော့ အလွန်ပင်အားကောင်းသည့် မီးအိမ် တစ်လုံးကို ကိုင်လာသော ကဝေက မီးအိမ်ကို စားပွဲတစ်လုံးပေါ်မှာ ချထားလိုက်၏။

အပြင်မှာရှိသည့် တဲအိမ်ကြီးထဲမှာလို မဟုတ်တဲ့ ဒီကျောက်ဂူထဲ မှာတော့ တိုက်အိမ်မဟုတ်တာ တစ်ခုပဲ ကွာသည်။

အသုံးအဆောင် ပစ္စည်းပရိဘောဂ အားလုံးက မြို့ပေါ်မှာလိုပဲ ဖြစ်၏။

" မင်းဘာဖြစ်လို့ မထတာလဲ ခြေထောက်က ကောင်းနေပြီ မို့လား "

" ဦးကိုဒီထဲက ခေါ်သွားပေးပါ သတ်ဖို့ပဲဖြစ်ဖြစ် သေဖို့ပဲ ဖြစ်ဖြစ် "

ပြောချင်လွန်းသည့် ဆန္ဒကြောင့် အသံကထွက်သွားသည်။

အဆမတန် နာကျင်မှုကြောင့် ဦး ရှုံ့မဲ့နေကာ စကားကို ဆုံးအောင် မပြောနိုင်။

" မင်း ဒီလမ်းကြောင်းကို လာတာပဲ ပူမနေနဲ့ ကဲ ထ လိုက်ခဲ့ "





ပြောပြီး လှည့်ထွက်သွား၏။

မီးအိမ်ကို ထားခဲ့ပေမယ့် ဦး ထိတ်လန့်တကြား ကျုံးထသည်။

နုံးနေသည့် ကိုယ်ကိုခြေထောက်တွေက ရန်စောင်နေကြ၏။

မတ်မတ်ရပ်လိုက်သည်နှင့် ဒူးတွေတုန်လာ၏။

ဒါပေမဲ့ ကဝေက ရပ်စောင့်နေမှာ မဟုတ်ဘာကို သိသော ကြောင့် နောက်ကအပြေးတစ်ပိုင်း လိုက်ခဲ့ရသည်။

အပြင်ရောက်တော့ လမ်းကဘေးနှစ်ဖက်ကို ဖြောင့်တန်း နေသည်။

ကဝေဘယ်ဘက်ကို ထွက်သွားမှန်း မသိလိုက်။

လည်မျိုကို လက်နှစ်ဖက်နဲ့ သပ်ချဖိထားနေရင်း အလင်း ရောင်အားများနေသည့်ဘက်ကို ရွေးလိုက်မိသည်။

ညဆိုတာသိပေမယ့် ဘယ်နှစ်နာရီ ဘယ်အချိန်မှန်းမသိ။

ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှုက ချောက်ချားဖွယ် ကောင်းလွန်း လှကာ စိတ်ကိုဘယ်လိုပဲတင်းတင်း ရင်ခုန်ခြင်းက တိုး၍ဆောင့်နေ၏။

ကျောက်ဂူကအပြင်က မြင်ရသည့်ပုံစံမျိုးမဟုတ်ဘဲ မြေအောက် အဆောက်အဦးကြီး တစ်ခုလို ကျယ်ပြန့်နေသည်။

ဘယ်ကိုကွေ့လိုက် ကွေ့လိုက် လမ်းကရှိနေဆဲဖြစ်ကာ အခန်းတွေ ရှိနေမှန်းသိသော်လည်း တောင်နံရံကြား တစ်ခုမှာ လျှောက် နေရသလို ဖြစ်နေလေသည်။

ထိုစဉ် မီးတွေထိန်လင်းနေသော အခန်းတစ်ခန်းက အပြ



www.burmeseclassic.com

www.burmeseclassic.com



ကွေ့လိုက်သည့် ထောင့်ချိုးမှာ ပိတ်လျက်ပေါ်လာ၏။

အထဲမှာ ဘယ်သူမှမရှိ။

ရှေ့ဆက်သွားဖို့က လမ်းမရှိတော့သလို မှောင်မည်းနေသဖြင့် ထိုအခန်းထဲကိုပဲ ဦး ဝင်ခဲ့လိုက်သည်။

အထဲမှာ စားပွဲတစ်လုံးနှင့် ကပ်လျက် သံခုတင်ကြီးတစ်လုံး ရှိသည်။

ခုတင်ပေါ်မှာ မွေ့ရာအိပ်ခင်း ဘာမှမရှိဘဲ အလွန်လှပသော ဖြူစွတ်သည့် ယုန်မွေးကော်ဇောကြီး တစ်ခုကို ခေါက်တင်ထားသည်။

ဘာလုပ်တာမှန်း မသိ။

စားပွဲပေါ်မှာ ဓား ကတ်ကျေးနှင့် အသားရောင်သားရေ ပျော့ဖတ်လွှာ နှစ်ခု သုံးခု ပုံပန်းမကျ တင်ထားသည်။

ပြီးတော့ မိတ်ကပ်သေတ္တာတစ်လုံး အထဲမှာ မိတ်ကပ်ရှိမရှိ မသိပါ။

ထို့ပြင် မျက်နှာစာနံရံမှာ နွယ်တချို့ တန်းလန်းကျလျက် ကျောက်ကြိုကြားမှ တိုးထွက်ပေါက်နေသည့် မြက်ဖုတ်သစ်ပင်တွေလည်း ရှိ၏။

ထူးခြားနေသည်က အခန်းမျက်နှာ ရှေ့မှာပဲ ကျင်းချိုင့်ကြီးက ခံနေသည်။

စိုစွတ်နေသည့် အရောင်ကိုကြည့်၍ အထဲမှာ ရေရှိနိုင်သည်ဟု တွက်မိသည်။ ထို့ကြောင့် ဦး ရှေ့တိုးလိုက်မိပြန်သည်။





ရပ်လိုက် တိုးလိုက်နှင့် ကျင်းနှုတ်ခမ်းပေါ် ရောက်လာသည်။

ရပ်၍နားစွင့်တိုင်းလည်း ကိုယ့်အသက်ရှူသံမှလွဲ၍ ပတ်ဝန်းကျင်က ပကတိ တိတ်ဆိတ်နေဆဲ။

ပတ်လည်နံရံ ကျောက်ခွက်တွေထဲမှာ မီးအိမ်ကြီးသုံးလုံး ရှိနေသဖြင့် အလင်းရောင်ကတော့ ဖွေးဖွေးလှုပ် လင်းထိန်နေသည်။

ရင်ခွင် ဘယ်မှာလဲ

သူရှိတဲ့ဆီကို ခေါ်သွားမလိုလိုနှင့် ကဝေက သူမကို ဘာဖြစ်လို့ ထားခဲ့ရတာလဲ။

အခန်းတွေ ရှိနေနိုင်မှန်း သိပေမယ့် အားလုံးပိတ်ထားလျက် ဒီဘက်ခန်းကိုပဲ ဖွင့်ပေးထားခဲ့တာ ဒီထဲကိုပဲဝင်စေလိုခြင်း ဖြစ်သည်။

ခံတ်ထဲမှာယောက်ယက်ခတ်အောင် တွေးနေရင်း ခြေလှမ်းတို့ကို ရပ်ပစ်ဖို့လည်း စိတ်မကူးဘဲ ဦး တရွေ့ရွေ့တိုးသည်။

ကျင်း နှုတ်ခမ်းပေါ်မှာ ရပ်မိတော့ အောက်ခြေကို ငုံ့ကြည့်လိုက်မိ၏။

နီကျင်ကျင်ရေတွေက အောက်မှာ ငြိမ်သက်နေသည်။

တိတ်ဆိတ်လွန်းနေသည့် မရိုးသားသော ဆူညံမှုကို ဆဌမ အာရုံထဲမှာ ထုတ်နုတ်ခံစားနေဆဲ။

“ အား ”

ခြေတစ်ဖက်မှာ နင်းထားသည့် မြေသားကပဲ့ကြွေ သွားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ဥာဏ်စောင့်၏။

လှုပယိုင်ခနဲ ဖြစ်သွားသည်နှင့် လက်ကလျှပ်ရှားလိုက်ပြီးသား။

ဦး ဖမ်းဆုပ်လိုက်မိသည်က ခုံခြေထောက်တစ်ဖက်ဖြစ်ကာ ကိုင်မြှောက်လိုက်သလို ဖြစ်သွားသည့်ခုံက စားပွဲခြေထောက်မှာ တစ်ဖက် ချိတ်သွားသည်။

စားပွဲကလူကိုယ်ကို မခံနိုင်ဘဲ ရွေ့လျားသွား၏။

သို့သော် မညီညာသော ဂူနံရံမှ အစွန်းထွက်နေသော ကျောက်ခွက်ထဲမှာ ငြိသွားသောကြောင့် နေရာမှာပင် ရပ်တန့်သွားခဲ့၏။

ဦးကိုယ်လုံးသည် ရေပြင်ပေါ် မရောက်မီမှာပင် တန်းလန်းကြီး ဖြစ်သွားလေသည်။

ခုံခြေထောက်က တန်းကိုလက်နှစ်ဖက်နှင့် မိအောင်ဆွဲ၍ ဦး ပြန်တက်ဖို့ ကြိုးစားသည်။

ထိုစဉ်

ရေပြင်က လှုပ်ရှားလာ၏။

ရှည်မျောမျော သဏ္ဍာန်ကြီးက သူမခြေဖျားဆီ လျှောတိုက်၍ ဦးမော့လာသည်။

ဦး ထိတ်လန့်သွားသည်ဟု။

မိကျောင်းဆိုတာကို အပြင်မှာ မြင်ဖူးပေမယ့် ခုလို ကိုယ့်ကို ဝါးဖို့မျိုဖို့ ပါးစပ်ကြီးဖြဲ မော့လာသောအခါ တစ်ခါမှမမြင်ဘူးခဲ့သော သတ္တဝါကြီးတစ်ကောင်လို မျက်လုံးပြူးလျက် ငုံ့ကြည့်မိသည်။





ရုတ်တရက် ခြေထောက်ကို ရုတ်ဖို့ပင် မေ့သွားခဲ့၏။

သို့သော် သေဘေးနှင့်ကြုံတော့ မိကျောင်းက လှမ်းဆွဲလိုက်သည်နှင့် ခြေထောက်ကိုလွှဲ၍ ကွေးပစ်လိုက်မိသည်။

" ဝုန်း "

မိကျောင်းကအမြီးနှင့်ရိုက်၍ ဝုန်းခနဲ ပြန်ကွေ့၏။

နောက်ထပ် တိုးတက်လာပုံက ခြေထောက်နားမှာ ပို၍နီးကပ်သွားသည်။

အမြီးကြောင့် ဝုန်းခနဲလွင့်ပျံ့လာသည့် ရေနီတွေ ဦး ကိုယ်မှာ စိုရွှဲနေပြီ ဖြစ်၏။

မိကျောင်းက အကြိမ်ကြိမ် ကြိုးစား၍ မမိသောအခါ ဒေါသ ပိုကြီးလာသည်။ ပို၍ ပြင်းထန်လာ၏။

လက်တွေနာကျင်လာသဖြင့် ဦးလည်း ဒေါသထွက်နေပြီ ဖြစ်သည်။

ကြာလျှင် သူမ မိကျောင်းပါးစပ်ထဲ ပြုတ်ကျတော့မည်သာ။

ကြောက်သည့်စိတ်ထက် မခံချင်စိတ်က ပို၍ဖြစ်ထွန်းလာ၏။

ကိုယ့်လက်ထဲရောက်နေတဲ့ သံပန်းတစ်ယောက်ကို လွယ်လွယ် လေးသတ်ပစ်လို့ ရနေလျက်နှင့် ဒီနည်းတွေသုံးစရာလား။

ပြီးတော့ ကိုယ်က မိန်းကလေး။

မိန်းမတစ်ယောက်အပေါ် ယောက်ျားရင့်မာကြီးတွေ သုံးသည့် နည်းက ဤမျှအောက်တန်းကျလွန်းတော့ ရွံရှာလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင် ဆိုတဲ့လူ့ ဒါတွေကြောင့် နာမည်ကြီးနေတာဆိုလျှင် သူမအသက်စွန့်၍ စိတ်ဝင်စားမိခဲ့သမျှ အလွန်ရင်နာဖွယ် ကောင်းပေတော့မည်။ -

ငါ ဘာလို့သေရမှာလဲ။

စိတ်ကို မရမက ပြန်ဆွဲယူ၍ ကြောက်အားလန့်အား ဆုပ်ထားမိသည့် ခုံခြေထောက်က လက်တစ်ဖက်ကို ဖြုတ်လိုက်သည်။

ညာဘက်ဖိနပ်ထဲမှာ အမြဲရှိနေသည့် ဓါးကိုခဲခဲယဉ်းယဉ်း ထုတ်ယူသည်။

ထိုစဉ် ဝုန်းခနဲသံကြီးကြားလိုက်ရပြီး ကိုယ်မှာရေတွေ ဖျန်းခနဲ စိုရွှဲလာ၏။

ဦး အံကြိတ်ကာ ဓားကိုလက်ပြန် ပေါက်ချလိုက်သည်။

သူမ မှန်းလိုက်တာ ကွက်တိပဲ ဖြစ်သွား၏။

ဒေါသတကြီး ဖြိုဟလာသည့် မိကျောင်း၏ ပါးစပ်ကြီးထဲသို့ ဓားက ဦးစိုက်ထိုးဆင်းသွားခဲ့ပြီး

" ဝုန်း ဝုန်း "

ချေပြင်တစ်ခုလုံးမှ ရေများသည် စက်ဖြင့်မှုတ်ထုတ်ပစ်နေသလို တဝုန်းဝုန်း ဘောင်ဘင်ခိုက်နေ၏။

နီသောရေတွေက ညှိုညစ်ညစ် အနီရောင် တစ်ချက်ရဲသွားပြီး လှုပ်ရှားရုန်းကန်မှုများနှင့် အတန်ကြာ ဆူညံနေသည်။

ဦး လောလောဆယ် အန္တရာယ်တစ်ခုက လွတ်မြောက်





သွားသော်လည်း အပေါ်ပြန်ရောက်ဖို့ကို ဘယ်လိုမှကြိုးစားမရ။

ထိုစဉ်

သူမ၏လက်တစ်ဖက်ကို တစ်ယောက်က တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

ပြီးတော့ ဦး ကိုယ်လုံးလေး ကြွတက်ပါသွားလေသည်။

ခြေထောက်တစ်စုံ၏ ခြေရင်းမှာ ဦး ခွေကျသွားသည်။

မည်းညစ်နေသည့် အလွန်တုတ်ခဲသော ခြေချောင်းကြီး ပိုင်ရှင်ဟာ ကဝေပဲဖြစ်၏။

အခုချိန်ထိ ဘယ်ဟာက အစစ်မှန်းမသိနိုင်သေးသည့် ကတုံးမျက်နှာကြီးက တွေ့စကထက် ပို၍ အကြည့်ရဆိုးနေ၏။

" သေသွားပြီလား "

အသံက ခပ်လှမ်းလှမ်းမှ ဖြစ်သည်။

ရင်ခွင်

နတ်စောင်းသံကို မကြားဖူးခဲ့ပေမယ့် ရင်ထဲမှာ လှုပ်ခနဲ ဖြစ်သွားအောင် ဆွဲဆောင်သွားနိုင်၏။

ဆုတ်ဖြဲပစ်ချင်လောက်အောင် ဖြစ်တည်ခဲ့ဖူးသည့် ဒေါသတို့ကို တဒင်္ဂ မေ့လျော့စေခဲ့သည်။

ပြီးတော့ မွှေးရနံ့တစ်မျိုးဟုသာ ကင်ပွန်းတပ်ရန် လွယ်ကူနိုင်မည့် အလွန်နူးညံ့ သိမ်မွေ့သည့် ကိုယ်သင်းနံ့တစ်ချက် အရင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦး မျက်နှာရှေ့မှာ အနက်ရောင် လင်းတောက်နေသည့် ရှူးဖိနပ် တစ်စုံနှင့် ရပ်လာသော ခြေအစုံကို မြင်လိုက်ရသောအခါ ဦး စိတ်တွေ တင်းခနဲပြန်ဖြစ်၏။

" သေသွားပြီ သခင်လေး ကျုပ်ကိုအပြစ်ပေးပါ "

ခြေအစုံသည် သူ့မမျက်နှာရှေ့မှ ကျင်းဝသို့ ဟိုးလျှောက်သွားသည်။

ခဏရပ်နေပြီးမှ ဒီဘက်ပြန်လှည့်၏။

ဦးဆီသို့ ပြန်လျှောက်မလာတော့တဲ့။

" တံခါးသွားဖွင့်ထား "

ဘယ်လိုအချိန်းအချက်တွေနဲ့ ပြောဆိုအမိန့်ပေး နေကြမှန်း မသိပါ။

အဖြစ်နိုင်ဆုံးကို ဆက်စပ်တွေးလိုက်တော့ သေသွားပြီဆိုတာ ကျင်းအိုင်ထဲက မိကျောင်းကို ရည်ရွယ်ခြင်း ဖြစ်နိုင်၏။

ကဝေ ထွက်သွားသည့် ခြေသံပျောက်သွားလျှင် ရာဇဝင်က သူ့မနားကို လျှောက်လာသည်။

မျက်နှာတစောင်းလဲနေသည့် ရှေ့မှာပဲ ခြေဖျားထောက်ထိုင်၏။

ထို့နောက် မာကျောသော တစ်စုံတစ်ရာနှင့် ဦးရဲ့ပိနေသော ပါးပြင်ကိုပင့်ကော်လိုက်သည်။

သူ့မျက်နှာ၏အရိပ်ကို အစွန်းကလေး မြင်လိုက်သည်နှင့် ဦး မျက်လုံးတွေကို မှိတ်ချပစ်လိုက်သည်။





" သူ့ကိုသမီး မကြည့်ရဘူး သူ့ကြောင့် မူးမိုက်ရူးသွပ်ကုန်ကြတဲ့ မိန်းကလေးတွေ ဘာဖြစ်ကုန်လဲ သိလား အဲဒါ သမီးယုံလား မယုံဘူး မို့လား ရင်ခွင်ဆိုတဲ့လူ ရာဇဝင်တွင်ခဲ့တာ ဘာကြောင့်လဲဆိုတာ ဒီ့ထက် ပိုမသိချင်နဲ့ သမီး ဒုက္ခရောက်သွားမယ် "

ဖေဖေ့ စကားတွေကို နားထဲမှာ ပြန်လည်ကြားယောင် လာမိသည်။

စတွေ့တော့ . . . ည . . .

ခုလည်း ညပဲဖြစ်သည်။

ဒါပေမဲ့ အပြင်မှာက မီးရောင်မရှိ။

အခုမီးရောင်အောက်မှာ

မကြည့်နဲ့ ဘာဖြစ်ဖြစ် မကြည့်နဲ့။

သူ့အသံကိုတောင် နင် လှုပ်ရှားစိတ်ရှိတာ လူကိုမမြင်တာ အကောင်းဆုံး နင်က ဘာမို့လဲ ကိုယ့်စိတ်နဲ့ဦးနှောက် အလုပ်ရှုပ် မခံနဲ့။

" ဦးရစ်ပဝါ "

ဦး နှုတ်ခမ်းကို စေ့ထားသည်။

အောက်ဘက်ပါးမှာ ပင့်ကော်ထားသည့် မာကျောသော အရာက မမော့လိုသော ဦး မျက်နှာကို ပင့်မော့စေလိုသောကြောင့် ပို၍ အားစိုက်လာသည်။

ပါးပြင်မှာ နာကျင်မှုက သိသာစွာ ခံစားလာရ၏။

" ငါ့ရဲ့အဖော်ကို မင်းသတ်ပစ်လိုက်တဲ့အတွက် မင်းအတွ



www.burmeseclassic.com

www.burmeseclassic.com



လည်း အလားအလာ မကောင်းနိုင်တော့ဘူးဆိုတာ သိရဲ့လား ''

'' ရှင့်ကို ဦးပြောပြီးသားပဲ ရင်ခွင် အဓိပ္ပါယ်မရှိ လူတွေ လျှောက်သတ်နေတဲ့ အရူးတစ်ယောက် လက်ထဲရောက်သွားကတည်းက ရှင်တော်ပြီး ဦးကည့်လို့ပဲ ကြိုက်သလို စီရင်စမ်းပါ ''

'' ကောင်းတယ် ''

အသံနှင့်အတူ ပါးပြင်မှာ ပင့်ကော်ထားသည့် မာကျောသော အရာက ရုတ်ဖယ်သွား၏။

'' သေရဲနေတဲ့သူကို သတ်ရတာ နှမျောစရာတော့ ကောင်းတယ်ကွ ကိုယ့်ရှေ့ကို လောဘတွေ တစ်ပွေ့တစ်ပိုက်နဲ့လာပြီး သေရတော့မယ်ဆိုမှ မျက်ရည်ခံထိုးကြတာလေ အဲဒါမျိုးကျတော့ အရသာရှိရှိနဲ့ ပါးပါးလှီးချရတာ အဓိပ္ပါယ်ရှိတယ် ''

သူ့စကားကိုကြားတော့ ဦးက စက်စုပ်စွာ မဲ့ပစ်သည်။

ကြောက်သည့်စိတ်တွေကော လှုပ်ရှားမိသော ခံစားချက်များ အားလုံးက ယူထုတ်ပစ်လိုက်သလို ပျောက်ကွယ်ကုန်၏။

'' အရူးဆိုတာ ဒီလိုပါပဲ ''

ဟု ပက်ခနဲ ပြောချလိုက်သည်။

'' ကိုယ့်ကိုပြောလိုက်တာလား ''

'' ဟုတ်တယ် ဒီနားမှာ ရှင်ပဲရှိတာ ရှင့်ကိုပြောတာပေါ့ ဟွန်း ဦးကိုရှင် သတ်ရတာ အရသာရှိသွားအောင် တစ်ခုတော့ ပြောရဦးမယ် အခု သေရမှာကို မကြောက်ဘူးဆိုပေမယ့် သိပ်ကိုကြေကွဲ ဝမ်းနည်းမိတာ





အမှန်ပဲ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်းနေတဲ့ လူစွမ်းကောင်းကြီး ဦးမျိုးသော်ရဲ့ ရင်သွေးရတနာ တစ်ပါးကို အရူးက သတ်လို့သေသွားတယ်ဆိုရင် သေနတ်မမှန် ဓားမထိဘဲ စိတ်ထိခိုက်လို့ ဖေဖေသေသွားနိုင်တယ် ''

'' အဟွန်း ''

တစ်ချက်တည်း လည်မျိုထည့်ပစ်ချင်အောင် ဒေါသ ဖြစ်သင့်သော စကားကို ရင်ခွင်က ရယ်သည်။

အရူးမို့ ဆန့်ကျင်ဘက် ခံစားချက်တွေ ဖြစ်နေတာလား။

သူက ဦးလည်တိုင်ကြားမှာ ညပ်ခွေနေသည့် ဆံပင်တွေကို ကိုင်ထားသည့် မာကျောသောအရာနှင့် ထောက်၍ ခပ်ဆတ်ဆတ် ဖယ်ထုတ်ပစ်လိုက်၍

'' လူနှစ်ယောက်ကို တစ်ချိန်တည်း မသတ်တတ်တဲ့ ငါ့ အကျင့်သာ မရှိခဲ့ဘူးဆိုရင် မင်းသေနေတာကြာပြီ ''

ပြောပြီးမှ သူထရပ်လိုက်သည်။

ငြိမ်သက်နေသဖြင့် မျက်လုံးဖွင့်ကြည့်တော့ အနားမှာ သူ မရှိတော့ပါ။

ခြေသံမကြားအောင် ဘယ်လိုလျှောက်၍ ပျောက်ကွယ်သွားမှန်း မသိ။

အနားမှာဘယ်သူမှ မရှိတော့မှ ဦး ထထိုင်လိုက်သည်။

ထို့နောက် မတ်တပ်သေချာ ရပ်မိသည်နှင့် ကာဝေ ပြန်ရော



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

" ကျုပ်နဲ့လိုက်ခဲ့ "

တစ်ချိန်တည်း နှစ်ယောက်မသတ်ဘူးဆိုတော့ လောလောဆယ် သူမ မသေနိုင်သေးဘူးဟု တွက်မိသွားသည်။

ကဝေ ဦးဆောင်သွားသည့် နောက်ကိုလိုက်ခဲ့ရင်း နားစရာ အခန်းတစ်ခန်းကို မြင်ရသည်။

စားစရာများ ပါလာမလားဟုလည်း တွေးလိုက်မိ၏။

" ဘယ်လိုအကျပ်အတည်း အခက်အခဲပဲရှိရှိ အစား အသောက်ကို မပျက်စေနဲ့ လူမှာအာဟာရနဲ့ခွန်အား အမြဲရှိနေမှ အကြံ အစည်ကောင်း၊ ထွက်တာ လှုပ်ရှားသွားလာနိုင်မှာ ဒါပေမဲ့ သတိနဲ့စား သတိနဲ့သွား "

သေမှာသာသေရော ဆာနေတာကို ဝအောင်စားဖို့တော့ ဆုံးဖြတ် ထားလိုက်မိသည်။

သို့သော် ဦးထင်တာနဲ့ တခြားစီပါ။

" အဲဒီထဲကို ဝင်သွား "

ကဝေကပြောပြီး တံခါးတစ်ဝက် ဖွင့်ထားသည့် ရှေ့မှာ ခြေစုံ ရပ်၏။

အခန်းတစ်ခန်းပဲမို့ ဦး အမှတ်တမဲ့ လှမ်းဝင်ခဲ့သည်။

အခန်းထဲ လုံးလုံးရောက်သည်နှင့် သံပြားထူနှင့်တံခါးချပ်က အသံမြည်အောင် ဆောင့်ပိတ်သွားလေသည်။





'ဟင်' ခနဲ ဖြစ်သွားသော်လည်း ဦး နောက်ကျသွား၏။

အခန်းသည် အလွန်ကျဉ်းမြောင်းလျက် မီးရောင်ဖျော့ဖျော့ အောက်မှာ ဘာတွေမှန်း မသိသော အမှိုက်ပုံတစ်ခုလို အပုံကြီးတစ်ခုသာ အလယ်မှာရှိ၍ ပရိဘောဂ ဘာပစ္စည်းမှမရှိ။

သေချာရှေ့တိုးကြည့်လိုက်တော့ ပစ္စည်းအတိုအထွာတွေ စုပုံ ထားသည့် တကယ့်အမှိုက်တွေပဲ ဖြစ်နေသည်။

ဆိုးဝါးသည်မှာ ဆံပင်အတိုအရှည် ဖြတ်စများနှင့်အတူ ဦးရေခွံလို သွေးညှိနံ့ရောသော ဘာမှန်းမသိတာတွေကြောင့်

" ကျလီ . . . ချပ် "

တံခါးဖွင့်လိုက်သလို ဘာသံမှန်း မသိသောကြောင့် ကဝေ ရောက်လာသလားဟု ထင်၍ လှည့်ကြည့်လိုက်ပေမယ့် တံခါးပိတ်လျက် သားမှာ ဘယ်သူမှလည်းမဟုတ်။

ထိုစဉ်

အလွန်ကျယ်လောင်သော မြည်သံများနှင့် မျက်လုံးထောင့်မှာ မည်းမည်းသဏ္ဍာန်တွေ ပုပုရွရွ ဖြစ်လာသဖြင့် ဖျတ်ခနဲ နောက်လှည့် မိသည်။

" အမလေး "

ဦး လန့်ဖျန့်အော်ကာ ထခုန်လိုက်မိသည်။

ကြွက်တွေ မနည်းမနော။

အကုန်လုံး ရွယ်တူဆိုဒ်တူတွေဖြစ်ကာ အခန်းထောင့်



www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေမှ တိုးထွက်နေကြကာ မြေပြင်မှာ အဝတ်စနက် အုပ်ချလိုက်သလို မည်းမည်းလှုပ်သွား၏။

" ဟင့်အင်း . . . သွား . . . ရှူး "

ဦး ဘယ်ချောင်ပြေးကပ် ရမှန်းမသိ။

" အား . . . "

ကြမ်းတစ်ပြင်လုံး ကြွက်များနှင့်ပြည့်သွားသောအခါ ဦးတည်လိုက်တိုင်း ခြေထောက်အောက်မှာ ဖိခနဲ ဖျစ်ခနဲ

ဘယ်လောက်ပဲ တက်နင်းမိပေမယ့် ကြွက်တွေက လျော့ပါးမသွားဘဲ ဦးကိုယ်ပေါ် ပြေးလွှားတက်ကြ၏။

" အား . . . လုပ်ပါဦး ရင်ခွင် ရှင် . . . ရှင် လူယုတ်မာ . . . အား "

ဦး ခုန်ပေါက်ချရင်း တံခါးဆီ ပြေးသွား၍ ကန်ပစ်လိုက်သည်။ ပြီးတော့ တအားထုချပစ်ကာ

" ရင်ခွင် . . . ရင်ခွင် ရှင်တံခါးဖွင့်ပါ ဖွင့်ပေး . . . အား . . . ဦး တောင်းပန်ပါတယ် တခြားနည်းနဲ့ ကြိုက်သလို သတ်ပစ်ပါ ဒီလောက်ထိ မယုတ်မာပါနဲ့ အား "

ဦး ဘောင်းဘီက ခါးပတ်ကို ဆွဲဖြုတ်လိုက်သည်။

ခါးပတ်နဲ့သိမ်းရိုက်ရင်း ခုန်ပေါက်ပြေးလွှားနေရသဖြင့် ဘောင်းဘီက ကိုယ်မှာမရှိတော့။

သို့သော် အိမ်နေရင်း ဝတ်နေကျပုံအတိုင်း ပေါင်တစ်ဝက်ရှိသော





အနီရဲရဲ ဘောင်းဘီတိုတစ်ထည် ရှိနေသေးသဖြင့် သူမပုံပျက်ပန်းပျက် မဖြစ်သေး။

ကြွက်များသည် ခြေဖမိုးကအစ ခြေသလုံးထိကို ကိုက်ဖဲ့ကြသော်လည်း ခန္ဓာကိုယ် အထက်ပိုင်းကိုတော့ ဆင်းတက်လျှောက်ပြေးနေသည်မှလွဲ၍ ကိုက်ဖဲ့ခြင်းမပြု။

သို့သော် မကိုက်တတ်သော တီကောင်တို့ဖားတို့ကိုတောင် ကြောက်တတ်ကြသည့် မိန်းကလေးတို့ သဘာဝက ဒီနေရာမှာ ဒုက္ခပေးတော့သည်။

ဦး ထခုန်သည်။

အရှိန်နှင့်ပစ်ကျပြီး ခြေထောက်အောက်မှာ ဖိခနဲ နင်းမိတာနှင့် မြောက်ခနဲ ပြန်ခုန်၏။

လက်ခါချ ခေါင်းခါချနှင့် တစ်ကိုယ်လုံး ချာလပတ်ယမ်းကာ ချွေးတွေကော မျက်ရည်တွေပါ ရွှဲနစ်သွားသည်။

အသားဆတ်ဆတ် တုန်ကာ လက်ထဲက ခါးပတ်လွတ်ကျသွား၏။

မျက်နှာရှေ့ကို လက်နှင့်ယမ်းခါပစ်လိုက်ရင်း

" လူယုတ်မာ အရူး ငါ့ကိုတံခါးဖွင့်ပေး နင် သတ္တိမရှိဘူးလား ဟင် အား . . . "

ဦး ကြွက်တွေပေါ်သို့ ခွေကျသွားလေသည်။

ကိုယ်ကိုမှောက်ချ ပစ်လိုက်သဖြင့် ကြွက်တို့က သူမ ကိုယ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ

" နွှီ နွှီ. . . ပြွတ် . . . ပြွတ် "

အသံတွေဆက်တိုက် ထွက်လာပြီးနောက် ကြွက်တွေ ပြေးလွှားသံက ပို၍ဆူညံသွား၏။

ခဏအတွင်းမှာပင် သူ့မကိုယ်ပေါ်မှာ ကြွက်တွေမရှိတော့ဘဲ ကြွက်သံတွေပါ ပျောက်ကွယ်တိတ်ဆိတ် သွားခဲ့သည်။

" ကျွတ် ကျွတ် "

ဦး နေရာမှ လူးလဲထလိုက်သည်။

ခြေသလုံးဖွေးဖွေးမှာ သွေးစီးကြောင်းများနှင့် မြင်လို့မကောင်း အသံတစ်ချက် ကြားလိုက်ရပြီး တံခါးချပ်ကြီး ပွင့်သွား၏။

အနက်ရောင် ရှူးဖိနပ်ကို မြင်လိုက်တာနှင့် ဦး ကျားနာ တစ်ကောင်လို ဝုန်းခနဲ ခုန်ထ၏။

" ဟိတ် "

" ဖြန်း "

" ဝုစ် "

" ဖက် "

" အား "

အသက်ကို ဆုပ်ဖမ်းမထားတော့ဘူး ဆိုသည့်ဆုံးဖြတ်ချက်များနှင့် ဦး၏လှုပ်ရှားမှုက လျှပ်ပြက်သလို မြန်ဆန်သွား၏။

ပြင်းထန်သော ထိခတ်သံတစ်ချက်မှာ အသက်ပေးရကျိုး





နပ်သွားမိ၏။

လက်ဖဝါးမှာ စပ်ဖျင်းသွားသည်။

သူလည်း အတော်ခံရမှာပါ။

သူ့များအသက်တွေကို အပြုံးမပျက် သတ်ခဲ့သော မျက်နှာမှာ ကောက်ကွေ့ကြောင်းတွေ ရှုပ်ထွေးသွားမည့် အဖြစ်ကို ကြည့်ပေမယ့် မြင်နေသည်။

သို့သော် ဦး ကြာကြာမပြုံးလိုက်နိုင်။

သူ့ကိုထိခိုက်အောင် ဝုန်းခနဲတစ်ချက်သာ မိုက်ရူးရဲ လှုပ်ရှား လိုက်နိုင်ပြီး

" အင့် . . . "

ဗိုက်မှာတစ်ချက်

နောက်ထပ် ကိုယ်ကိုမတ်မတ် မရပ်နိုင်မီ ဖက်ပိုးမှာ ပူထူ သွား၏။

ဘယ်ဘက်ပဲ လှည့်ရှောင်ရှောင် သူက ကိုယ့်ရှေ့မှာချည်း ဖြစ်နေကာ ဦး ၏ကိုယ်လုံးဟာ သူ၏ဝမ်းသပ်ခံ ဖွဲ့အိတ်ကြီးလိုဖြစ်နေ၏။

အလွန်မှတော်နေပြီဟု ဖေဖေအားပါးတရ ချီးကျူးခဲ့ဖူးသော ဦးရဲ့အရည်အချင်းတွေ သူ့ရှေ့မှာ ဘယ်ရောက်ကုန်ပြီလဲ။

ပထမဆုံး ဦး၏ရိုက်ချက်ကို အလစ်ငိုက် ခံလိုက်ရခြင်း ဖြစ်ပုံ ရကာ တကယ်တမ်း ရင်ဆိုင်နေရသည့် ရင်ခွင်ဟာ ဦးရှေ့မှာ ပျောက် သွားလိုက် ပေါ်လာလိုက် ရိုပ်ခနဲ ဖျတ်ခနဲ သူ့အရိပ်ကြားမှာ ဦး လဲ့ချ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေသည်။

ဒါပေမဲ့ ဦးကလှသာရှုံးမည် ပါးစပ်ကအရှုံးမပေး။

“ ရှင်နိုင်ပြီ ရင်ခွင် သတ်ပစ်လိုက် ခါးနဲ့ပဲမွှန်းမွှန်း နုပ်နုပ်ပဲ စင်းစင်း ကြိုက်သလို လုပ်ပစ်လိုက် မိကျောင်းနဲ့တိုက်ပေး . . . ကြွက်နဲ့ တို့ပေးနဲ့ထပ်ပြီး အောက်တန်းမကျပါနဲ့ မိန်းမတစ်ယောက်ကို ရှင် ဘယ်လို နည်းနဲ့ပဲနိုင်နိုင် သူ့ရဲကောင်း မဖြစ်နိုင်ဘူးဆိုတာ မှတ်ထား ”

ဦး ထုတိုင်လိုက်သည့်ရှေ့မှာ သူက နီးနီးလေး ကပ်ထိုင်သည်။

သူမ နှစ်သက်သော်လည်း မနှစ်မြို့နိုင်သည့် ကိုယ်သင်းနံ့ တစ်ချက် ကျိုစယ်သွား၏။

ပြီးတော့စိမ်းမြသော မွေးညင်းတို့ဖြင့် နီမြန်းသွယ်လျနေသော လက်တစ်ဖက်ကို အနက်ရောင် နံချပ်ကူတစ်ချောင်းအား ဆုပ်ထားလျက် မြင်ရ၏။

လှသောနုသော မိန်းကလေးတစ်ယောက်၏ လက်ချောင်းများထက် ကြည့်ကောင်းနေသော လက်တို့ကို စူးခနဲတစ်ချက် ကြည့်ပြီး ဦး မျက်နှာလွှဲပစ်သည်။

သူက နံချပ်ကူထိပ်ဖျားနှင့် ဦး လွှဲပစ်သည့် မျက်နှာလေးကို ဖျတ်ခနဲ ပြန်ဆွဲ၏။

ဦးက ဆောင့်ခါပစ်သည်။

သူက ဦးမေးဖျားလေးကို လက်ဖဝါးနှင့် ညှပ်ကိုင်လိုက်၏။

“ မင်း ကိုယ့်ကိုမကြည့်ရဲတာလား ”





သူ့နှုတ်ဖျားက ထွက်သက်လေက ဦး နှုတ်ခမ်းဖျားလေးတွေ နွေးသက်စွာ ထိခတ်သွား၏။

ဦး မျက်လုံးတွေ မှိတ်ပစ်လိုက်တာကို မဖွင့်ဘဲ မဲ့လိုက်သည်။

“ မကြည့်ရဲဘူးဆိုရင် ရှင်သိပ်ချောလွန်းလို့ဆိုပြီး အဆိပ်တက် သွားဦးမယ် မကြည့်ရဲတာ မဟုတ်ဘူး မကြည့်ချင်တာ ယောကျ်ားတန်မယ့် မာယာတွေများနေတဲ့ ရှင့်မျက်နှာ နတ်သားလောက် ချောနေလည်း ဦး ကတော့ မစင်ပုံတစ်ပုံလိုပဲ မြင်တယ် ဒါ ကြည့်စရာမှ မဟုတ်တာ ”

မေးဖျားမှာ ဆုပ်ထားသည့် လက်ချောင်းတွေ ခပ်ဖိဖိ ဖြစ်သွားတော့ ဦးမျက်နှာလေး မဲ့သွားသည်။

ဒါပေမဲ့ အံကြိတ်ထားလျက်

“ သတ်ပစ်လိုက်လေ ရှင့်ကို ဒီလောက်တစ်စစီ ဖွဲ့ရွဲပြောနေတာ ရှင့်မှာ မာနမရှိဘူးလား ”

“ ဟုတ်တယ် မင်းက ကိုယ့်ထက်ပိုတယ်၊ အဲဒါ ကြိုက်တယ်”

“ အား . . . ”

ဦး ငယ်သံခနဲ ဖြစ်သွားကာ ဖက်တွယ်လိုက်မိသော အရာက သူ့လည်တိုင်ဖြစ်နေ၏။

ဦးကိုယ်လုံးလေးကို ဖွေ့ခနဲပွေ့ယူလိုက်ပြီး သူဘယ်သွား နေတာလဲ။

ဦး မျက်လုံးဖွင့်လိုက်တော့ အလန့်တကြား

သို့သော် သူ့မေးဖျားဆီမှာပဲ အကြည့်ကိုလွှဲကာ အံကြိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

သွားပြန်ပြီ။

ဒီတစ်ခါ ဘာသတ္တဝါတွေနဲ့ တွေ့ပေးမှာလဲ။

ဘယ်လိုဆိုးဝါးခြင်းမျိုးနှင့် စီရင်ဦးမှာလဲ။

မိန်းမသားပီပီ ကြောက်တတ်သော စိတ်ကြောင့် မျက်ရည်တွေ မျက်တောင်ဖျားမှာ စိုစွတ်လာ၏။

ဦး သေရမှာကို ရင်ဆိုင်ရဲသော်လည်း . . .

ကြွက်တွေထက်ဆိုးဝါးတာ ဘာရှိသေးလဲဆိုသော ကြောက်ခွဲခြင်းများနှင့် . . .

✿ ✿ ✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၁၀)

" လှိုင်ကြီး ဆေးပဝါလုပ်လာပေးပါ "

အနီရောင် အပွင့်ရိုပ်တွေပါသော မွေ့ရာပေါ်သို့ ဦးကို သာသာလေးချသည်။

အပြင်က ဝင်လိုက်လာသည့် ဦးသိသော ကဝေသည် အနားမှ မခွာသေးဘဲ

" သူ့ကိုဟိုဘက်မှာ ရွှေ့ချလိုက်ပါလား သခင်လေး ကျုပ်ကုပေးပါ့မယ် "

" သွားယူခဲ့ပါ "

အနည်းငယ် တင်းသွားသလိုရှိသည့် စကားသံအဆုံးမှာ ကဝေလှည့်ထွက်သွားသည်။

ရင်ခွင်က အနီရောင်ရင့်ရင့် စောင်တစ်ထည်ကို ပေါင်သားဝင်းဝင်းလေးတွေ ပေါ်နေသော ဦး ကိုယ်ပေါ်သို့ လွှားတင်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူမှလွဲ၍ အားလုံးကို လိုက်ကြည့်နေသည့် ဦးမျက်လုံးထဲမှ တစ်ခန်းလုံး မွှေးပျံ့ပျံ့နှင့် မြို့ပေါ်မှာလို ခေတ်မီအိမ်သုံးပစ္စည်းတွေ ပြည့်နေသော အပြင်အဆင်များကို အံ့ဩလို့ မဆုံး။

ရင်ခွင်က မွေ့ရာဘေးမှာ ဝင်ထိုင်လိုက်တော့ ဦး မျက်နှာကို တစ်ဘက်လှည့်ပစ်ရင်း ခါးထိခြုံထားသည့် စောင်စကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိသည်။

" မင်းကို ကိုယ်ခံပညာ ဘယ်သူသင်ပေးတာလဲ "

" ရှင့်အတွက် ကစားဖော်အဆင့်ပဲ ရှိတယ်လို့ ကြွားဦး မလို့လား"

" မဟုတ်ပါဘူး မင်းကိုယ့်ပါးကို ရိုက်လိုက်နိုင်တာပဲ "

" အဲဒါ ဦးတော်လို့ မဟုတ်ဘူးလေ ရှင်က ရှင့်လက်ထဲက သားကောင်ဆိုပြီး အထင်သေးလိုက်လို့ အရိုက်မိသွားတာ "

" သိုင်းသမားကောင်းဆိုတာ အရိုက်မရှိရဘူး ရှေ့မျက်လုံး နှစ်လုံးထက် ကျောကမျက်လုံးတွေက ပိုပြီးစွမ်းအား ရှိရတယ် မင်း၊ တော်ပါတယ် "

ဒီလူဟာ လူကိုမြှောက်တင်လိုက် ဆွဲချလိုက်။

အခု မွေ့ရာပေါ်တင်ထားပြီး တော်ကြာ ဘယ်ထဲသွားပစ်ချ မှာလဲ။

ကျောအောက်က နူးအိနေတာကို ခံစားရင်း ကြွက်တွေကို မြင်ယောင်လာကာ ဦး စိမ့်ခနဲ ဖြစ်သွား၏။





" ရှင့်မှာ ဘယ်လိုအစီအစဉ်တွေ ရှိသေးလဲ ရင်ခွင်၊ အကောင် ပလောင်တွေထဲ ထည့်ပေးပြီး တပ်မနိုပ်စက်ပါနဲ့ မာယာတွေလည်း ဆင်မနေနဲ့ တစ်ခါတည်း သေအောင်သတ်ပေးပါ "

" ဘာမာယာလဲ ဦးရစ်ပဝါ . . . ကိုယ့်မှာ မာယာတွေ ရှိနေတယ်လို့ မင်း ပြောလိုက်တာလား "

" မာယာက သိပ်ကိုလှတဲ့ စကားလုံးပါ ရှင်က ဒီ့ထက် အများကြီး ပိုတယ် "

" ဒီဘက်လှည့်ပြော "

" အို . . . "

ရင်ခွင်က ဦးမေးဖျားလေးကို ဖျတ်ခနဲ ဆွဲလှည့်၏။

မျက်လုံးချင်း ဆုံလိုက်မိသည့် ခဏမှာ ဦး တစ်ကိုယ်လုံး အပူထိ ခံလိုက်ရသည့် ဖယောင်းသားလို

ရင်ခွင်က ဦး မျက်လုံးတွေထဲကို စူးစိုက်ကြည့်သည်။

ဦး သူ့အကြည့်ထဲကနေ ဖယ်ခွာထွက်ပြေးဖို့ မေ့နေခဲ့၏။

ရှည်သော ဂုတ်ထောက်ဆံပင်ကသပ်သပ်

အလယ်ခွဲပုံစံ မပီမပြင်ကျလျက် နားသယ်စပ် ဆံဖျားများက ရှင်း၍ စိမ်းမြနေသည်။

ဆံပင်ရှည်ပေမယ့် ဘုတ်သိုက်စုတိုင်လ် ထွင်ထားတာမျိုး မဟုတ်ဘဲ သပ်ရပ်ချောမွေ့နေသည်။

ယောက်ျားတစ်ယောက် ဆိုသည့်အပေါ်မှာ နှုတ်ခမ်းနီသော သဘင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့လွန်းသော ကောင်းခြင်းများနှင့်သူဟာ ပုံပြင်ထဲက မင်းသား တစ်ပါးနှင့်တူနေ၏။

နက်မှောင်သော ဘောင်းဘီရှည်နှင့် ရှပ်လက်ရှည်က ဘယ်လို အရောင်ကွဲ အစက်အပြောက်မှ မရောသော်လည်း သူ့ကိုယ်ပေါ်မှာတော့ မရိုင်းဘဲရှိ၏။

ရင်ခွင်က တင်းတင်းစေ့ထားသည့် နှုတ်ခမ်းကို လျှော့ချကာ အနည်းငယ် လွန့်နေသည့် မျက်ခုံးအစုံကို ဖြေ၏။

မျက်ဝန်းမှာ ရယ်မြူးရိပ်သမ်းလျှက် ရန်လိုခြင်းမရှိတာကို ဦး မြင်အောင်ပြသည်။

" မျက်နှာပြန်မလွှဲပါနဲ့ ကိုယ့်ကိုမင်းကြည့်နေပါ သူများအတွက် ကိုယ့်မျက်နှာက အဆိပ်အတောက် ဖြစ်ခဲ့ပေမယ့် မင်းသာမှ မဖြစ်စေ ရဘူး "

" ရှင် ဦးကို မသတ်ဘူးလား ဒါမှမဟုတ် ရှေ့ကိုကိုးဖို့အတွက် တစ်လှမ်းပြန်ဆုတ်တဲ့ သဘောနဲ့ မာယာများနေတာလား "

သူ့နှုတ်ခမ်း တင်းခနဲ စေ့သွား၏။

" မာယာဆိုတဲ့စကား မင်းနောက်ထပ် မသုံးမိပါစေနဲ့ ကိုယ် ဘယ်သူ့ကိုမှ ဟန်ဆောင်မဆက်ဆံဘူး သာယာမှုတစ်ခုအတွက်နဲ့ အချစ်ကို ရှေ့တန်းတင်ပြီး ဟန်ဆောင်ပန်ဆောင် ရောက်လာတာတွေကို ရွံတယ် အထူးသဖြင့် အလှအပတစ်ခုကို အမိကကိုးကွယ်ပြီး သာယာ ချင်တဲ့ မိန်းမတွေကို မကြိုက်ဘူး "





ဦးက လှဲနေရာမှ ထထိုင်ဖို့ ကြိုးစား၏။

ဗိုက်ထဲက အသမတန် အောင့်သွားကာ တော်တော်နှင့် ထိုင်လို့ မရ။

ရင်ခွင်က ဒူးနှစ်ဖက်ပေါ် တံတောင်နှစ်ဖက်ထောက်၍ လက်ဖဝါး ချင်း ဆုတ်ထားရာမှ မဖြေ။

ဦး အသည်းအသန် ထိုင်ဖို့ကြိုးစားနေတာကို မျက်တောင်ဖျား တို့မွေးစင်းလျက် တိတ်ဆိတ်စွာ ကြည့်နေသည်။

ဦးက သေချာထိုင်နိုင်တော့မှ ခေါင်းကိုခြေထောက်လုံးအောင် ပြန်ဆွဲတင်လိုက်ပြီး ခပ်လွှဲလွှဲ သူ့မျက်နှာကိုမော့ကြည့်၏။

သို့သော် မွေးစင်းချထားသော မျက်တောင်ဖျားတို့ နောက်ကွယ် က မျက်ဝန်းတို့ကို မကြည့်မိအောင် မျက်နှာပြန်လွှဲ၍

" ဘယ်မိန်းမ ဘယ်လိုအကျင့်ပဲရှိရှိ ရှင် အနေသာကြီးပါ ဦး ပြောတာက သူများကိုသတ်ရင် ရှင်အဖမ်းခံရမှာပဲ ရှင်ဂရုမစိုက် သလိုလုပ်ပြီး ကိုယ်ရဲ့လွတ်ရာလွတ်ကြောင်း ဖြစ်တဲ့ ဆေးမှတ်တမ်း တွေကိုတောင် ဖျောက်ပစ်ရတာ တကယ်တော့ မကြောက်လို့ မဟုတ်ဘူး ရှုံးတာ ကြောက်လို့ ရှင်ခုလို တစ်ထီးတစ်နန်းဆောက်ပြီး ပုန်းနေရတာပေါ့ ဘာပဲဖြစ်ဖြစ် ဥပဒေဆိုတာ အလင်းရောင်ပါ "

ဦး သူ့ကိုရဲရဲတင်းတင်း လှည့်ကြည့်ပစ်လိုက်၏။

မမိုတ်မသုန် စိုက်ကြည့်နေသော ရင်ခွင်နှင့် မျက်လုံးချင်း ဆုံ၏။



www.burmeseclassic.com

www.burmeseclassic.com



" တချို့က တကာယ်ရူးတာ တချို့ကျတော့ သူများမလုပ်ဝံ့တာ မလုပ်နိုင်တာကို လုပ်ပြပြီး နိုင်ငံကျော်ချင်တာ ဘာဖြစ်ဖြစ် တစ်စုံတစ်ရာဟာ အစွန်းရောက်လာရင် အဲဒါ စိတ္တဇပဲ "

" မှင်း ဘာပြောချင်တာလဲ "

" ရှင် လူသတ်နေတာတွေကို ရပ်ဖို့ပဲ လူတစ်ကိုယ် စိတ်တစ်မျိုးဆိုတာ ရှင်ကြားဖူးမှာပေါ့ လူချင်းတူပေမယ့် စိတ်ချင်းကွဲကြပါတယ် "

" ဦးရစ်ပတိ မင်းလွတ်မြောက်ဖို့ပဲ မင်းပြော ငါမင်းကို စိတ်ဝင်စားတာ ဒါတွေ မဟုတ်ဘူး "

" ဦးက ရှင်စိတ်ဝင်စားဖို့ ကြိုးစားနေတာမှ မဟုတ်တာ ရှင့်လုပ်ရပ် အထူးအဆန်းတွေကို စိတ်ဝင်စားလို့ ဒီထိစွန့်စားပြီး ထွက်လာတာ ပြောပြီးပြီပဲ သေရမှာထက် လူဖြစ်ရှုံးနေတာက ပိုကြောက်ဖို့ကောင်းတာ ရှင့်အလှအပ ရှင်ပိုင်သမျှ စည်းစိမ်အခြံအရံတွေ အခုရှင့်အတွက် ဘာအဓိပ္ပါယ်ရှိသလဲ နောင်ရေး လမိုက်ညမှာ ညည့်နက်လေမှောင်လေပဲ ဘယ်မှာလဲ ရှင့်အတွက် အလင်းရောင် "

" မလိုဘူး "

သူ့အသံက ပြတ်တောက်သွားသော စောင်းကြိုးသံလို ဂီတသံစဉ်တစ်ခု မဟုတ်သော်လည်း ကြည်လင်ပြတ်တောက်လျက်

ထိုစဉ် ကြွေရည်သုတ် ဇလုံအဖြူကြီး တစ်လုံးကို 'မ' လျက် ကာဝေ ပြန်ရောက်လာ၏။

ဇလုံထဲမှာ အငွေ့ထွက်နေသည့် အဖြူရောင် စောင်ကြီး





တစ်ထည်နှင့်

" ထားခဲ့ လှိုင်ကြီး မိုးလင်းရင် သူ့ကိုပြန်ပို့ဖို့ စီစဉ်ထားပါ"

"မဖြစ်ဘူး သခင်လေး သူက . . ."

" ဘာလို့မဖြစ်ရမှာလဲ "

" မဟုတ်ဘူး ရဲတွေဒီနားထိ ရောက်နေကြပြီ သခင်လေးကိုတောင် . . ."

"လှိုင်ကြီး ကျွန်တော်ပြောသလို လုပ်မှာလား လှိုင်ကြီး စီစဉ်ချင်တာလား "

" ကောင်းပါပြီ မပြောတော့ပါဘူး "

ကာဝေ ချက်ချင်း ထွက်ခွာသွား၏။

သူက ဒီအခါကျပြန်လှည့်သည်နှင့် ဦး အမှတ်တမဲ့ ဖြစ်သွားသည့်လက်ထဲက စောင်ကို ဆတ်ခနဲ ဆွဲဖယ်ပစ်လိုက်၏။

" အို ဘာလုပ်တာလဲ "

" မင်း ကိုယ်ပေါ်က အဝတ်တွေ ချွတ်ပစ်လိုက် "

" ဘာ . . . ဘယ်လို "

" ဒီမှာ ရေငွေ့မသေခင် လုပ်ရမှာ မင်းချွတ်မှာလား ကိုယ်ချွတ်ရမလား "

" ဟင့်အင်း . . . အို . . . မလိုပါဘူး "

ဦး ရုက်ရုက်နှင့် စောင်ကိုပြန်ကောက်သည်။

ရင်ခွင်က ဆတ်ခနဲ ဆွဲယူကာ လွှင့်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



" မင်းကိုယ်မှာ အတွင်းဒဏ်ရာတွေကော ခြေထောက်က ကြွက်ကိုက်ထားတာတွေကော ဒီပဝါနဲ့ ဆယ့်ငါးမိနစ် အုပ်လိုက်ရင် အားလုံး ဒဏ်ကြေသွားမယ် အနာတွေကျက်သွားမယ် "

ဦး နှုတ်ခမ်းလေး ဟသွားမိသည်။

ဒီပဝါက ဘာမို့ဒီလောက် စွမ်းနေတာလဲ။

ဟင့်အင်း စွမ်းပစေ မချွတ်နိုင်ဘူး။

ပေါင်တိုလေးနဲ့ သူ့ရှေ့မှာ နေရတာတောင် မသင့်လျော်မှန်း စိတ်ကခံစားမိနေခဲ့တာ။

ဦး ခေါင်းခါလျက် ဖရိုဖရဲ ကျလာသည့် ဆံပင်တွေကို နားရွက်တစ်ဖက်နောက်မှာ ဖြစ်သလို သိမ်းထည့်လိုက်ပြီး

" နေပစေ ဒါသေလောက်တဲ့ ဒဏ်ရာတွေမှ မဟုတ်တာ ဦးက ရှင့်လက်ထဲမှာ အမိခံလိုက်ရကတည်းက ကိုယ့်ကိုယ်ကို သေလူလို့ သတ်မှတ်ပြီးသား ကိုယ့်ကိုကိုယ်တောင် သေမှာမစိုးဘူး ရှင်ပူဖို့မလိုပါဘူး ဖေဖေ့ဆီ ပြန်လွှတ်ဖို့ စိတ်ကူးရှိရင်လည်း လမ်းလျှောက်နိုင်ရင် ရပြီ "

သူ ငြိမ်သက်နေသဖြင့် ဒေါ်တွေ မောတွေနဲ့ ပြောပြီးမှ ဦး မျက်လုံးဝေ့၍ ခိုးကြည့်မိသည်။

သူက မျက်မှောင်ကုတ်၍လည်း ပြုံးတတ်သေးသည်။

ဒါ မချိုမချဉ် လှောင်ပြုံးလား။

သို့သော်

" သေချင်နေလို့ကိုပဲ သေခွင့်မပေးနိုင်တာ "





" အား "

ဦး ရှူးရှူးဝါးဝါးလန့်အော်လိုက်သံလေးက အခန်းထဲမှာ ပဲ့တင်ထပ်သွားလေသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နမ္မတ်သန့်စင်နေသော ရွှေမင်းသားနှင့်တူသည့် ယောက်ျား တစ်ယောက်၏ ရှုပ်နှောင်မှုဟာ ဤမျှတင်းကျပ်မြဲမြံနေသည်က ယုံချင်စရာပင်မရှိ။

ဒါဆို ဦးကစဉ်းစားမှဲနေခဲ့တာလား။

မဟုတ်နိုင်ပါ။ ဦး မိမိ၏ သိက္ခာ၊ အရှက်တရားကြောင့် အပြင်းအထန်ငြင်းခဲ့သည်။ ဘယ်လိုမှမရ။

ရုန်းပယ်ရင်း မောလျလာသောအခါ ရေစင့်တွေထနေသဖြင့် ရေချွေးဖက်ကြီးတစ်စဟု တင်ခဲ့သည့် ဆေးပဝါအေးစက်စက်က သူမကိုယ်ပေါ် လွှမ်းခြုံသွား၏။

" ရှင် . . . ရှင်သွား။ ဒီကနေထွက်သွားစမ်းပါ "

ရှက်လွန်းသဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။

မျက်ရည်တွေက မိုးသည်းသည်းရွာချလိုက်သလို မျက်တောင်များတို့ကိုပါ ပူးတွဲစိုရွှဲကုန်၏။





ရေခဲတုံးကြီးကို ဖက်ထားရသလိုဖြစ်နေသည့် စောင်ကိုလည်း အေးသည်မထင်ဘဲ အတင်းအကျပ်ဆွဲကာပ်ခြုံလိုက်မိ၏။

ရင်ခွင်က တည်ငြိမ်သောမျက်ဝန်းများဖြင့် စိုက်ကြည့်၍

" ထွက်သွားလို့မရဘူး။ ကိုယ်ပါမှဖြစ်မှာ "

" ဟင့်အင်း . . . သွား "

ဦး ရှောင်ရှားပေမယ့် မရ။

ခပ်ပါးပါး နူးနူးညံ့ညံ့လေးမို့ ဆေးပဝါဟုခေါ်ပုံရသော စောင်ပါးလေးကို အနားစမှကိုင်၍ ဦးမျက်နှာပြင်ကို ခပ်ဖိဖိပွတ်သည်။

လက်ပြန်ရိုက်ချက်မိထားသဖြင့် ပါးချိတ်ခုလုံး နာကျင်ကာ ယောင်နေမှာကို သိသည်။

နှုတ်ခမ်းအောက်မှပင် သွေးကျခဲ့သေးသည်။

သိုဒဏ်ရာက ပဝါနဲ့တို့ကပ်နေတော့ အေးတာကတစ်မျိုး၊ နာတာကတစ်မျိုး၊ မွှေးရနံ့ဖြစ်သော်လည်း ဆေးနံ့မှန်းလည်းသိသာနေ ပျက် ပဝါကကိုယ်ပေါ်ရောက်မှ အငွေ့တွေ ပိုထွက်လာသည်။

ပွတ်တိုက်ပေးနေရင်း နာကျင်မှုက သိသာစွာလျော့ကျသွားသည်။ ရင်ခွင်က မပြတ်တမ်းစီးကျနေသည့် မျက်တောင်ကော့လေး များကြားမှ မျက်ရည်တို့ကို စူးစိုက်ကြည့်နေသည်။

ပဝါနဲ့ကိုယ် ထိတိုက်ပွတ်သပ်ပေးနေရမည်မို့ သူ့လက်တို့က လည်တိုင်၊ ကျောမှအောက်သို့ တဖြည်းဖြည်း ဆင်းကျသွား၏။

ဦး သူ့လက်ကို တွန်းလှတ်၍ အတင်းကုန်းထသည်။



www.burmeseclassic.com

www.burmeseclassic.com



" ငြိမ်ငြိမ်နေစမ်း "

" ဟင့်အင်း. . . မလုပ်နဲ့တော့ "

ဦးသူ့ကို တိုက်ခိုက်ဖို့ပါ ကြိုးစားတော့သည်။

ဒါဟာ အရှက်အတွက်ဖြစ်၏။

သို့သော်. . . တခါတရံ မှန်တိုင်းထဲမှာလည်း ကဗျာကလေးတွေ သီခဲ့ကြဖူးလေသည်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၂)

တိတ်ဆိတ်စွာနစ်သက်ခဲ့ဖူးသောရနံ့နှင့် အနီရဲရဲရှပ်အကျႌတစ်ထည်က ဦးကိုယ်ပေါ်ရောက်နေပြီ။

ရှိုက်သံမဲ့သော ငိုကြွေးခြင်းဖြင့် တိတ်ဆိတ်စွာကျနေသော မျက်ရည်စက်တို့ကို ငုံ့ကြည့်ပြီး ရင်ခွင် ဆံပင်တွေကို သူ့ဘာသာ ထိုးဖွလိုက် ပြန်သပ်ချလိုက်။

" ကိုယ်မှားသွားတယ် "

အလွန်တည်ငြိမ်သည့်မျက်နှာက ထိန်းချုပ်မရအောင် ပျက်ယွင်းနေခဲ့၏။ ဧလသံကို ပုံမှန်အတိုင်းဖြစ်ဖို့ အတော်ကြိုးစားနေပုံရပေမယ့် အဖျားခတ် တုန်ခါနေ၏။

သူ ထရပ်လိုက်မိသည်။

ပြီးတော့ ပြန်ထိုင်၍ ငိုနေသည့်ဦးကို စိုက်ကြည့်သည်။

" ကိုယ်ဘယ်မိန်းမကိုမှ မထိကိုင်ခဲ့ဖူးဘူး။ ရှပ်ရှင်ရိုက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးတစ်လက်နဲ့ပဲ။ သုံးကားပြီးတော့ သူ့ကိုကိုယ်သစ်ပစ်လိုက်တယ်။

သူလေသံသည် တွေ့စကလို ကိုယ့်ကိုယ်ကို ဂုဏ်ယူဝင့်ကြွား နေသော စိတ်ဝေဒနာ၀န်ဆန် စကားသံမျိုးမဟုတ်ဘဲ စိတ်ပျက်ရှုပ်ထွေး နေသည့် အငွေ့အသက်တွေ ပါဝင်နေ၏။

" ကိုယ်ရုပ်ရှင်ရိုက်ဖို့ဖြစ်လာတာကော၊ အချစ်ကိုတပ်မက်ကြတဲ့ မိန်းမတချို့ကို သတ်ပစ်ခဲ့တာကော၊ အားလုံးက ရည်ရွယ်ချက်တစ်ခု တည်းပဲ။ ဒါဟာ. . . ကိုယ့်စိတ်ထဲမှာ သိပ်ကိုမုန်းတီးခဲ့တဲ့ မိန်းမ တစ်ယောက်နဲ့ ဆင်ဆင်တူလာတဲ့ မိန်းမဆို အကုန်သတ်ပစ်ဖို့ "

သူ့ကိုမကြည့်ပေမယ့် ဦးမျက်တောင်ဖျတ်ခနဲခတ်၍ နားစွင့် ထားမိသည်။

သူက ဦးကိုငဲ့ကြည့်ပြီး ဆက်ပြောနေသည်။

" မိန်းမကို ရွံစရာလို့ပဲမြင်ခဲ့တဲ့ ကိုယ့်မျက်လုံးထဲမှာ မင်းရှိ မနေတာ ဘာဖြစ်လို့မှန်း ကိုယ်မသိဘူး။ ဘယ်မိန်းမမှ မင်းလို ကိုယ့်ကို မဆက်ဆံဘူး။ ကိုယ့်ပါးကိုရိုက်ခဲ့တဲ့အချိန်မှာ မင်းဟာ အသွင်ကွဲပြား တဲ့ မိန်းမဖြစ်ခဲ့တာထင်တယ်။ ရိုက်ခံထိလိုက်တဲ့အာထိ ကိုယ်သတိ လက်လွတ်ဖြစ်ခဲ့တာလည်း မင်းကျူမှုပဲ "

ဦးနှုတ်ခမ်းလေးကိုက်၍ မျက်နှာလွှဲပစ်လိုက်သည်။

" မထင်မှတ်ဘဲမှားသွားတာပါ။ အဲဒီလောက်ထိဖြစ်ခဲ့တာ ကိုယ့်ကိုယ်ကိုလည်း မကျေနပ်ဘူး၊ တကယ်ဆို ဒီကိစ္စတွေကို ကိုယ်သိပ်ကို မုန်းတီးခဲ့တာ "





" ရှင်ထိကိုင်မိတဲ့ မင်းသမီးကို သတ်ခဲ့တယ်ဆို။ ခုဦးကို သတ်မလို့ စကားတွေခံနေတာလား။ မလိုဘူး။ ဦးက ရှင့်လက်ခုပ်ထဲက ရေပဲ "

" သိတယ်၊ အဲဒါမင်းပြောဖို့မလိုဘူး။ ရင်ခွင်ဆိုတဲ့ဘဝမှာ သူများတိုက်တွန်းလို့လုပ်ခဲ့ရတာ မရှိဘူး၊ တားဆီးလို့လည်း ရပ်နေလိုက် ရတာ လုံးဝပဲ။ မင်းကို ဒီလိုပြုမူမိဖို့ အနိုင်ကျင့်ရတယ်ဆိုတဲ့ စိတ်မျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူး။ စိတ်လည်းမဝင်စားဘူး။ မင်းကို သတ်ဖို့ မသတ်ဖို့အတွက် တစ်သက်လုံး မပြောဘူးတဲ့ စကားတွေပြောပြပြီး အချိုသတ်စည်းရုံးနေဖို့လိုသလား "

" ရှင်. . . ဦးကိုသတ်မပစ်တော့ဘူးလို့ စိတ်ကူးရှိရင် ခုပြန်လွှတ် ပေးပါ "

အပြင်မှာ လင်းနေပြီလားမသိ။

မှောင်နေသေးလားမသိ။

နေ့မှန်းညမှန်း ခွဲခြားလို့မရတော့။

ဒီထဲရောက်မှ ဦးမူးမေ့လဲရလိုက်၊ သတိပြန်ရလိုက်။ အမြဲတမ်း လင်းနေသော နံရံခွက်တွေထဲမှ မီးအိမ်များကြောင့် ဘာမှမှန်းလို့မရ။

ထို့စဉ်

" သခင်လေး၊ သူ့ကိုပြန်ပို့လို့ရပြီ "

လူမမြင်ရဘဲ ကစေအသံထွက်ပေါ်လာ၏။

သူမ သိတာ ကဝေပဲဖြစ်ကာ၊ ရင်ခွင်ခေါ်တော့ လှိုင်ကြွပါ



www.burmeseclassic.com

www.burmeseclassic.com



ကြားသည်။

နားမည်အစစ်ကတော့ ဘာမှန်းမသိသေး။

ကဝေအသံကြားသည်နှင့် သူထရပ်လိုက်သည်။

" မင်းသက်သာပြီလား "

ဦးဘာမှမပြောဘဲ ကိုယ်ပေါ်က အနီရောင်စောင်ကို ဖယ်ပစ်လိုက်၏။

ဟိုး ခြေရင်းမှာ အဖြူရောင်သေးပဝါ။

သူ့မကိုယ်ပေါ်မှာတော့ ရင်ခွင်၏ ဘောင်းဘီရှည်အနက်နှင့် ရှပ်အနီ။ တစ်ကိုယ်လုံးဟာ လူကောင်းပကာတိအတိုင်းပြန်ဖြစ်နေတာလည်း ဦးဝမ်းမသာနိုင်ပါ။

နှုတ်ခမ်းကိုက်ထားသည့်ကြားမှ မျက်ရည်က ဝေ့တက်လာပြန်သည်။

သူ့မ ရဲ့ဆီစွာ ထွက်လာခဲ့တော့ မဝံ့နိုင်မှန်း သိလျက်နဲ့ဖြစ်သည်။ ခုလို ဘဝကို ပုံပေးပြီး သိက္ခာမဲ့အရှက်ရစေဖို့မပါ။

" ပဝါ "

သူအခေါ်ပြောင်းသွားတာကို ဦးသတိထားလိုက်မိ၏။

ဦးကိုယ့်ကိုယ်ကို ဦးလို့ပြောလျက်နှင့် ကဝေကခေါ်တော့လည်း ပဝါပဲဖြစ်၏။

ဦးရှေ့မှာသူက ပိတ်ရပ်လိုက်ပြီး

" မင်းစိတ်ထဲမှာ ဘာတွေဖြစ်သွားလဲ "





" ဖယ်ပေးပါ။ ရှင့်ကိုရှင်ပဲ နားလည်အောင်ကြိုးစား။ သူများကို စိတ်မဝင်စားနဲ့ "

" သူများမဟုတ်ဘူး။ မင်းကိုမေးနေတာ "

ဦးက လွန်စွာနာကျည်းသော မျက်ဝန်းများနှင့်မော့ကြည့်၏။ ဒါပေမဲ့ သူ့မ သာ မျက်နှာလွှဲခဲ့ရတာ။

" ဘာမှမလိုတော့ဘူး "

" လိုတယ်. . . မင်း "

သူသည် စကားတစ်ခွန်းကို အလွန်အမင်း ပြောရခက်နေပုံမျိုးနှင့်။ မျက်စိမျက်နှာပျက်လျက်၊ နောက်ဆုံး တက်ခေါက်လေသည်။

ဦးနှုတ်ခမ်းလေးမှဲ့၍ လှည့်ထွက်လိုက်လျှင် ရင်ခွင်က ဦးလက်ကလေးကို ဖမ်းဆွဲထားလိုက်ပြီး

" တကယ်လို့ ဒီနေ့ မင်းနဲ့ကိုယ်နဲ့ပတ်သက်မှုကြောင့် တစ်နေ့နေ့မှာ ရှုပ်ထွေးလာရင် ကိုယ်လည်း ဒီအချိန်ထိ ရှိနေသေးရင်၊ မင်းကို ကိုယ် ခွင့်လွှတ်လို့ မရတော့ဘူး "

အံကြိတ်သံနှင့်ပြောပြီး လက်ကိုလွှတ်လိုက်သည်။

သူ့စကားကို ဦးနားမလည်ပါ။

ဒါပေမဲ့ သူ့ရှေ့ကနေ လွတ်မြောက်ခြင်းသည်သာ အရေးကြီးနေသည်မို့ သူ့စကားကို ဦးနားမလည်ပါ။

အခန်းဝကျတော့ ခြေလှမ်းက တုံ့သွားသည်။

ဘယ်သူကမှ မတိုက်တွန်းရဘဲ နောက်ကိုသမင်လည်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိ၏။

သူသည် ရပ်နေလျက်မှ လက်သီးနှစ်ဖက်ကို တင်းကျပ်နေအောင် ဆုပ်ပစ်လိုက်၏။

နောက်ကိုတော့ အနည်းငယ်မျှပင် စောင်းငဲ့၍ မကြည့်ပါ။

မိန်းမတွေကို သတ်ရတာ ဝါသနာပါခဲ့သော လူဆိုးတစ်ယောက်၏ လက်တွင်းမှ ဦးလွတ်မြောက်ခဲ့တာဟာ ယုံတမ်းစကားလား။

" အမေ့ "

ဒီဘက်လှည့်လိုက်သည်နှင့် ရှေ့မှာမားမားကြီး ရပ်နေသော ကဝေ၏ ကတုံးပြောင်ပြောင်ပုံစံကြီးကြောင့် ထိတ်လန့်သွားမိသည်။

ကဝေက သူမ၏ ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်၏။

ဦးပါးပြင်လေးတွေ ရဲတက်သွားကာ ဒေါသလည်း ဖြစ်သွား၏။

" ဦးကိုပြန်ပို့ပေးပါ "

လေသံမာမာနှင့်ပြောလိုက်တော့ ကဝေက လှည့်ထွက်သွားသည်။ ဦး နောက်ကနေ တိတ်ဆိတ်စွာလိုက်ခဲ့မိသည်။

သူမဖြတ်သန်းခဲ့ရဖူးသော အခန်းတွေမဟုတ်တဲ့ ငါးထပ်ရှိသော လှေကားကို တက်လိုက်ပြီး ထအောင့်မှာပဲ တံခါးချပ်ကြီးတစ်ခုရှေ့ကို လိုက်လာခဲ့သည်။

ကဝေက ဘေးက မောင်းတံတစ်ခုကို ဆွဲ၍ တံခါးဖွင့်လိုက်ရင်း

" မင်း တကယ်ပြန်မလို့လား ပဝါ "

ပွင့်သွားသည့် တံခါးရှေ့မှာ ပိတ်ရပ်ပြီးမေး၏။





" မပြန်လို့ ဦးကဘာလုပ်နေရမှာလဲ၊ ဘာလဲ၊ ရင်ခွင်က အပြင်ရောက်ရင် သတ်ပစ်လိုက်လို့ အမိန့်ပေးလိုက်လို့လား "

ကဝေ့မျက်နှာကြီးက အပြင်ဘက်က နေအလင်းရောင်ကြောင့် နီရဲခက်ထန်သွားတာ သိသာလှ၏။

" ဟုတ်တယ်၊ အဲဒီအမိန့်ကို ကျူပ်ကစောင့်နေတာ မပေးလို့ သိပ်ကိုအံ့သြနေတာ၊ မင်းသူနဲ့ လွန်ကျူးခဲ့ပြီမို့လား။ ဒါဟာ မင်းကို လုံးဝထွက်ခွာခွင့် မပြုသင့်တော့တဲ့ အပြစ်ပဲ။ မဟုတ်ရင် မင်းဒီမှာပဲနေရတော့မယ်။ အခု မင်းကိုမသတ်ဘူး။ ပြန်ခွင့်ပြုလိုက်တယ်။ သခင့်အမိန့်ကို အသက်ထက် တန်ဖိုးထားခဲ့ကြတဲ့ ကျေးကျွန်ကောင်းတို့ရဲ့ သစ္စာတရားသာ အစိကမဟုတ်ခဲ့ရင် ဒီနေရာမှာ မင်းကို ကျူပ်လုံးဝ အရှင်ထားခဲ့မှာ မဟုတ်ဘူး "

ပြောနေပုံက ခြိမ်းခြောက်တာမဟုတ်။ မျိုသိပ်ချုပ်တီးနေရသော လက်သီးဆုပ်ကြီးထဲမှ ဒေါသများကို ဦးမြင်နေရ၏။

သူသည် နောက်ကို ကျဲသောခြေလှမ်းများနှင့် သတ္တဝါကြီးတစ်ကောင်လို လှည့်ထွက်သွားရင်းမှ

" ငါတို့ ကိုယ်တော်လေးရဲ့ သွေးသားဟာ ပေါက်ကရလျှောက်ပြီး အမြစ်တွယ်ခွင့်မပြုနိုင်တဲ့ရတနာ၊ တစ်ကြိမ်တစ်ခါ မှားခဲ့တာလည်း ဒါမျိုးက ဖြစ်နိုင်တာပဲ။ ဒါကို မင်းဟာ. . . "

" ဒီမှာ "

ဦးကလည်း တွေဝေတတ်သည့် သူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ရဲ့ သွေးသားကတော့ ရတနာတဲ့။

စော်ကားခံရတဲ့ ကိုယ်ကတော့ ဘာလဲ။

" မိန်းမတစ်ယောက်ရဲ့အရှက်နဲ့ သိက္ခာက လူစိတ်ပျောက်နေတဲ့ အရူးတစ်ယောက်လောက် အဖိုးမတန်ဘူးလို့ ဘာဘပြောတာလား "

" တိတ်စမ်း "

လက်ကြီးတစ်ဖက် ရိုပ်ခနဲမြောက်တက်သွား၏။

ပြန်ကျလာတာကို သိသည်။

မလွတ်တော့ဘူးဆိုတာ သိပေမယ့် ပါးပြင်နှင့် လက်လေးသစ်လောက်အကွာမှာ ရပ်တန့်သွားခဲ့ပြီး

" ထပ်ပြောရင် မင်းပါးစပ်ထဲကသွားတွေ ကျွတ်ကျန်ခဲ့လိမ့်မယ်။ သခင်လေးကို အရူးလို့ဘယ်တော့မှ မပြောနဲ့ "

လက်ကြီးကို ပြန်ရုတ်သိမ်းသည်။

လျှောက်ထွက်သွားသည့် သူနောက်ကို ဆက်လိုက်သွားတော့ ညက ဦးလျှောက်ခဲ့သည့် ကျောက်တောင်ကမူကို ပတ်ခွေနေသော လမ်းကလေးပေါ် ရောက်လာ၏။

တကယ်တော့ ဒါဟာ ကျောက်တောင်အစစ်မဟုတ်ခဲ့ပေ။

အထဲမှာ အဆောင်ဆောင်အခန်းခန်းနှင့် လူဆိုးတစ်ယောက် ပုန်းခိုနေထိုင်မှန်း ဘယ်လိုလူမျိုးကမှ ရိပ်မိနိုင်မှာမဟုတ်။

ကဝေက ကျောက်တောင်အကွယ်မှ တစ်ဘက်သို့ မရောက်မီ တုံ့ရပ်သွား၏။





နေခြည်ပွင့်သစ်စ လေပြည်ညင်းနှင့် ရောနေသော အလင်းရောင်အောက်မှာ နှစ်ယောက်သား မျက်နှာချင်းဆိုင်ရပ်မိကြသည်။

ကဝေက သူ၏ နားရွက်အောက်ကို လက်ချောင်းများ ထိုးသွင်း၍ ဆွဲယူလိုက်သောအခါ မဲညစ်သော မျက်နှာနှင့်ကတုံးကြီးက တစ်ခုချင်း ကွာကျသွားလေသည်။

နီကျင့်ကျင့် ကတုံးလွှာကြီးအောက်မှာ အဖြူရောင် ကျိုးတို့ကျဲတဲနှင့် ဂုတ်မထောက်တစ်ထောက် ဆံပင်က ခပ်ပါးပါး။

လေးထောင့်စပ်စပ်မျက်နှာမှာ ထူတန်းနေသော မျက်ခုံးနှစ်ဖက်နှင့် ထူပြည့်သည့် နှုတ်ခမ်းတစ်စုံကြောင့် မဟာနဖူးကျယ်နှင့် လူကြီးသည် စောစောက ကတုံးပုံစံနှင့် ဘာမှမဆိုင်။

" ကျုပ်နာမည်က ခမ်းလှိုင်၊ မျိုးရိုးစဉ်ဆက်ကတည်းက 'မဟော်' စံအိမ်ကြီးမှာ အမှုထမ်းခဲ့ကြတာ။ သခင်လေးဟာ သိပ်ကို သနားစရာကောင်းပါတယ်။ သူဟာ မဟာအနွယ်တော် မိန်းကလေးတစ်ယောက်နဲ့ သာမန်ယောကျ်ားတစ်ယောက်က မွေးဖွားခဲ့တဲ့ တစ်ဦးတည်းသော သား။ သူ့ဘုန်းကံကြောင့် တခြားအနွယ်တော်တွေထဲမှာ ဘယ်သူမှ ရင်သွေးမရခဲ့ကြဘူး။ ဒါပေမဲ့ အကောင်းနဲ့အဆိုးက ဒွန်တွဲနေတော့ အားလုံးထဲမှာ အဆင်းအားဖြင့် နတ်သားတစ်ပါးလို တင့်တယ်ပါရမီထူးကြောင့် စိတ်စွမ်းအား မြင့်တယ် "

ကဝေတဖြစ်လဲ ဦးခမ်းလှိုင်က ဦး၊ စိတ်ဝင်တစား နားထောင်နေသည့် မျက်ဝန်းလေးတွေကို စိုက်ကြည့်ပြီးမှ ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



" ဆိုးဝါးခဲ့တာက၊ စည်းစိမ်ချမ်းသာ ကြီးလွန်းလို့ပဲ။ ပြီးတော့ မိန်းကလေးတစ်ယောက်လို့ ဒုက္ခရောက်ရတာ သူ့ရဲ့ချောမောတင့်တယ်မှု"

ဦးခမ်းလှိုင်က အရွက်ကျဲကျဲရှိသော သစ်ပင်အောက်ကို လျှောက်သွားပြီး လက်နှစ်ဖက်နောက်ပစ်လျက် ပင်ယံထက်ကို မော့ကြည့်နေ၏။

ဖရိုဖရဲ ဆံပင်တို့က ပခုံးနားမှာ တန်းလန်းကျလျက် သူ၏ ချွေးမြေ့ခြနေသော မျက်ဝန်းများကတော့ ဟိုးအဝေးသို့ မှိုတွဲနေကြလေသည်။

ခရမ်းရောင်ဖျော့မှာ ဘောင်းဘီရှည်မှုပ်ကြီးနှင့် ရှမ်းအင်္ကျီလို လက်ဖားဖားနှင့် ဝတ်ရုံကြီးက သူ့ကိုယ်ပေါ်မှာ အင်္ကျီဝတ်ထားသည်နှင့်မတူ။

သူသည် ဦးထွက်ပြေးမှာလည်း၊ စိုးပုံမရ။

နောက်ကိုပင် လှည့်မကြည့်ဘဲ

" သူ့ကို ရွှေလင်ဗန်းနဲ့အချင်းဆေးပြီး မြပုခက်နဲ့သိပ်ခဲ့တာ။ ငယ်ငယ်လေးကတည်းက စာသင်ကျောင်းကိုသွားရင် သူများကလေးတွေလို အတန်းထဲက ခုံမှာ မထိုင်ရဘူး။ သူက ဆရာ၊ ဆရာမတွေရဲ့ ရင်ခွင်ထဲမှာ။ ရှစ်တန်းကာစပြီး အတန်းလည်းမတက်ရတော့ဘဲ အလွတ်ပြေရင်းနဲ့ သူ့ဘွဲ့ရခဲ့တာပဲ။ သူ့မျက်နှာဟာ ဘယ်လောက်ထိ ဆွဲဆောင်အားပြင်းသလဲဆိုရင် သခင်မကြီးဟာ သခင်မလေးကို သာမန်ယောကျ်ားတစ်ယောက်နဲ့ နီးရာလိုက်ပြေးလို့ ခွဲလို့ရရင်ရ၊ မရရင် သတ်ပစ်ခဲ့ဆိုတဲ့





အမိန့်နဲ့ ရှာဖွေခဲ့တာတောင် ပြန်တွေ့တော့ ကလေးကရှစ်လ ကလေးကိုမြင်ပြီး မျိုးရိုးမာန်မာနနဲ့ ဝါးသွားလိုထက်တဲ့ အမိန့်တွေကို ရုတ်သိမ်းခဲ့ရတယ်။ မိသားတစ်စုလုံးကို စံအိမ်ပေါ်ခေါ်တင်ခဲ့တယ် "

" သူ လူတွေ သတ်နေတဲ့အကြောင်း ဦးသိခွင့်ရှိရင် သိပါရစေ"

ဦးခမ်းလှိုင်က ဖျတ်ခနဲ လှည့်လာသည်။

" ရှိတယ်။ မင်းကိုပြောမလို့ ဒီစကားတွေနဲ့စနေတာ၊ နံပါတ်တစ်အချက် သခင်လေးကို မျိုးရိုးမာနနဲ့ ဆုံးဖြတ်ပြီး သတ်ပစ်ခဲ့တယ်"

" ဟင်. . . ဘယ်သူကလဲ၊ ဘယ်သူ့ကိုလဲ "

" သခင်လေးရဲ့ဘွားတော်က သားမက်ဖြစ်တဲ့သူကို "

" ဒါကတော့ ရက်စက်တာပဲ "

" မင်းဝေဖန်ဖို့မလိုဘူး။ ပြောတာကို နားထောင်ပါ။ ဒါဟာ စံအိမ်ရဲ့အိမ်တွင်းရေး၊ များများသိရင် အသက်မရှည်တတ်ဘူးဆိုတာ မမေ့ပါနဲ့ "

ဦးခမ်းလှိုင်က သစ္စာကြီးမားသော အထိန်းတော်ကြီးပီသပါ၏။

အရှင်သခင်ကို ထိပါးသည်နှင့် ထိပ်ပုတ်ခံလိုက်ရသည့် မြွေပွေးလို အဆိပ်ပြင်း ချက်ချင်းခေါင်းထောင်လာသည်။

" ဒါဟာ မသိမသာဖြစ်ခဲ့ပေမယ့် နောက်တော့ သခင်လေးသိသွားတယ်။ ဒါက နံပါတ်တစ်အကြောင်း။ အဲဒါကြောင့် သူ့ပခင်မဲ့ရတယ်ဆိုပြီး လုံးဝအခန်းအောင်းနေလိုက်တာ၊ ဘယ်သူ့ကိုမှ စကားမပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နှငယ်တဲ့နှလုံးသားမှာ သူ့ဖခင်ရဲ့ စိတ်နဲ့ မယ်တော်ကပါ လုံးပါးပါးခဲ့တော့။ အဲဒီကစပြီး စိတ်ဝေဒနာအမှောင်ထဲမှာ သူနစ်မွန်းနေတာ "

ဦးခမ်းလှိုင်က တဖြည်းဖြည်းမြင့်တက်လာသည့် နေရောင်ခြည်ကို တစ်ချက်မော့ကြည့်ပြီး နှုတ်ခမ်းကို ဖိပိတ်လိုက်သည်။

ပြီးမှ ပြန်လှည့်လာပြီး

" သခင်လေး ကိုးတန်းအရွယ်ကတည်းက ခဏခဏပျောက်ပျောက်သွားတတ်တာ၊ ဒါပေမဲ့ သခင်လေးဘယ်သွားသွား ကျုပ်က သခင်လေးဘေးမှာပါတယ်။ ကိုယ်တိုင် မွေ့ပိုက်ထိန်းကျောင်းခဲ့ရတဲ့ ကလေးမို့ အရှင်သခင်လို့လည်း ကိုးကွယ်တယ်။ ရင်သွေး တပည့်လေးလို့လည်း စောင့်ရှောက်ခဲ့တယ်။ ကျုပ်တတ်ထားတဲ့ ပညာအားလုံး မခြွင်းမချန် သင်ပေးပြီး သခင်လေးအနားကခွာမထုတ်နိုင်အောင် ချဉ်းကပ်ခဲ့ရတယ်။ နောက်တော့ သခင်လေး အပြီးအပိုင်ခွဲထွက်လာတဲ့ အချိန်မှာ ပြဿနာစခဲ့တာက သခင့်မကြီးရဲ့ ဒုတိယသားတော်ရဲ့ အိမ်ထောင်ရေးပေါ့။ သခင်လေးရဲ့ဇနီး ရွှေမာယာက ရင်ခွင်ကို ပြန်ခေါ်မယ်။ ပြန်ရှာမယ်။ ဖွတ်ဖြစ်လာတယ်။ အစကတော့ ကိုယ့်ရဲ့မတ်တော်မို့လို့ ပူပင်သလိုလိုနဲ့ နောက်တော့ ရင်ခွင်မရှိရင် မနေပါဘူးလို့ ဖြစ်လာတာ "

" ဟင် "

ဦးက တအံ့တသြဖြစ်သွား၏။

" နောက်ထပ်၊ အကြီးဆုံးကိုယ်တော်လေးရဲ့ ဇနီးကလည်း





ဒီလိုပဲ ထဖြစ်တယ်၊ သူတို့တွေရောက်လာခဲ့ကြတာက ကိုယ်တော်တွေကို မြတ်နိုးလို့မဟုတ်ဘဲ ရင်ခွင်ကိုလိုအပ်လို့ဆိုတာ ဖွင့်ပြောတော့ သခင်မကြီးကော သားနှစ်ယောက်ကော စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲတွေဖြစ်ကုန်ကြတာပေါ့။ ပထမဆုံး သားကြီး ကားမှောက်ပြီး ဆုံးသွားတယ်။ နောက်တော့ သခင်မကြီး၊ သားလတ်ဆုံးမယ့်ညကတော့ သခင်လေးဆီရောက်လာတယ်၊ အစ်ကိုလတ်ဆုံးတာကော၊ သခင်မကြီးဆုံးတာကော 'မင်းကြောင့်'ဆိုတဲ့ လက်ညှိုးထိုးပြီး ကျုပ်ရှေ့မှာပဲ အကြီးအကျယ်ထဖြစ်ကြတယ်၊ အဲဒီညကပြန်တော့ သူလည်း ကားမှောက်ပြီးဆုံးတာပဲ ဘယ်သူတွေ၊ ဘယ်နေရာမှာ ဆုံးပါးကုန်ကြမှန်း မသိလောက်အောင် သခင်လေးက အဝေးရောက်နေတော့ နောက်ဆုံးကိုယ်တော်လတ်ဆုံးပြီးမှ အသုဘအခမ်းအနားကို ရောက်ခဲ့တာ၊ အားလုံးပြောင်းလဲကုန်တဲ့ စံအိမ်ကြီးမှာ ပိုပြီးရှုံ့ရှာဖို့ကောင်းတာက မိန်းမတစ်ယောက်ရဲ့တပ်မက်မှုပဲ "

ဦးခမ်းလှိုင်က ထိုစကားအရောက်မှာ ဦးရှေ့ထိလျှောက်လာပြီးမှ စကားဆက်၏။

" နာရေးပြီးရင်ပြန်မယ်ဆိုတော့ အဲဒီမနက်အရုဏ်မှာ သခင်လေးကို ကျုပ်သွားခေါ်တယ်။ သခင်လေးဘာလုပ်နေတယ်ထင်လဲ၊ ရွှေမာယာကို ခုတင်ခေါင်းရင်းမှာ ခေါင်းနန်နဲ့မှီထိုင်ထားပြီး မျက်နှာကို ကျကျနန ဓါးနဲ့ခြစ်နေတာ "

ဦး လက်သီးလေး မသိမသာ ဆုပ်၍တံတွေးကို မျိုချမိသည်။

" ကျုပ်ကိုမြင်တော့ သူကျွန်တော့်အခန်းထဲဝင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းပဲပြောတယ်။ နောက်ဆက်ပြောတာက သူ့တစ်ရက်နေဦးမယ်တဲ့ ”

ဦးခမ်းလှိုင်က သက်ပြင်းချလိုက်ပြီး

“ နောက်တစ်နေ့ကျတော့ အစ်ကိုကြီးဖြစ်သူရဲ့ဖနီးပန်မြိတ်သွယ်ကို သူသတ်ပစ်တယ်၊ သူလုပ်သမျှ ကျုပ်မတားဘူး။ အပြစ်မှမဟုတ်တာ။ အားလုံးကို ကျုပ်ကိုယ်တိုင် ဖျောက်ဖျက်ပစ်ခဲ့တာ၊ ဒါပေမဲ့ နောက်တစ်ယောက်ကျတော့ သူ့စိတ်တွေဟာ သိပ်ကိုကြမ်းတမ်းနေပြီ။

သိုသိပ်ဖို့ ဖုံးလွှမ်းဖို့လည်း သူမသိတော့ဘူး။ ကျုပ်က ဖုံးကွယ်ဖျောက်ဖျက်နေတာကိုလည်း အပြစ်တင်၊ မာန်မဲပြီး ဓါးတစ်လက်နဲ့ စခန်းကိုသွားတယ်။ အဲဒီမှာပဲ သူ့ကိုစစ်ဆေးလိုက်တော့ စိတ်ကျန်းမာရေးမှာ ချို့ယွင်းချက်ဖြစ်နေတာကိုတွေ့ပြီး ဆေးကုသခံခဲ့ရတာ။

“ ရုပ်ရှင်မင်းသားဖြစ်ခဲ့တာက ဘာအကြောင်းနဲ့လဲ ”

“ လူသတ်ချင်လို့လေ၊ သူချောတာကို ဘယ်မိန်းမသဘောကျပြီး ရောက်လာဦးမလဲလို့ စိန်ခေါ်ချင်တာ ငွေရှိသလောက်သုံးပြီး မဖြစ်ဖြစ်အောင်လုပ်ခဲ့တာပဲ ”

“ ဒါကတော့ အလှအပကို မမက်မောတဲ့ မိန်းကလေးမရှိဘူး”

“ မင်းကကော ”

ဦးမျက်နှာလေး ပျက်သွားပေမယ့် ဆတ်ခနဲမော့၏။

“ သဘာဝအတိုင်းဖြစ်တဲ့ တိမ်တောင်မှ အရောင်ကွဲသေးတာပဲရှင်၊ မြူပြင်ထိန်းကျောင်းမှုအသီးသီးအောက်မှာ ကြီးပြင်းခဲ့ကြတဲ့လူတွေ





အသီတွေ စရိုက်တွေ တူနိုင်ပါ့မလား။ ဦးမက်မောတယ်လို့ပြောတဲ့ အလှအပဆိုတာက တစ်မျိုး ”

“ အဲဒါပဲ။ သူရှာတဲ့မိန်းမဆိုတာလည်း တစ်မျိုးပေါ့။ သူက လိုက်သတ်နေတာမဟုတ်ဘူး။ သူ့ဆီကို လိုက်လာကြတာ။ ရုပ်ရှင်ရိုက်တယ်ဆိုတာလည်း ဘယ်တော့မှ ရုံတင်ခွင့်မရခဲ့လိုက်ဘူး။ ဒါပေမဲ့ ရင်ခွင်ကတော့ လျှမ်းလျှမ်းတောက် လူသိများသွားခဲ့တယ်။ တကယ့်အနုပညာသည်အဖြစ် ရပ်တည်ခွင့်ရခဲ့တာမဟုတ်ဘဲ ရုပ်ရှင်မင်းသားမို့ စွဲလမ်းသလိုလိုပုံစံနဲ့ ရင်ခွင်ဘယ်မှာရှိတယ်ဆိုတဲ့ အသံနောက်တကောက်ကောက်လိုက်ကြတာ. သူဟာ နံ့ချုပ်ကူနဲ့ ဒဏ်ရာမထင်အောင် သတ်နိုင်တယ်။ သတ်ပြီးမှ မျက်နှာကိုမွှန်းတာ ”

“ အဲဒါ မတရားတာဘဲ၊ ကိုယ့်အလှအပနဲ့ကျတော့ ဖြားယောင်းပြီး ”

ဦးခမ်းလှိုင်မျက်လုံးတွေ လက်ခနဲ ပြေးဝင်လာ၏။

“ သူ့ရဲ့အလှဟာ စိတ်ဝေဒနာပဲ၊ လူသတ်ခွင့်ရနေဖို့က သူ့မျက်နှာ ဒီတိုင်းဖြစ်နေဖို့ လိုအပ်တယ်လို့ ခံယူထားတာ။ ကြာလာတော့ သခင်လေး ရဲ့ အထီးကျန်ခြောက်သွေ့လာတာကို မကြည့်ရက်လို့ ကျုပ်ဖြောင်းဖျကြည့်တယ်၊ လုံးဝမရဘူး။ သူဟာမင်းသတ်ခဲ့တဲ့ မိကျောင်းပေါက်လေးနဲ့ တစ်နေကုန်အောင်စကားပြောပြီးနေနိုင်ခဲ့တာ။ ဒီကောင်ကြီးကသခင်လေးကိုသိပ်ခင်တာ။ ရေကန်ထဲချထားလိုက်တာလည်း သိပ်မကြာသေးဘူး။ အလေ့အကျင့်ရှိထားခဲ့တဲ့ သတ္တဝါဆိုတော့ ယုစိမ်းလုံးဝ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘူး။ မင်းကို ကန့်ထဲရောက်အောင် ဖန်တီးခဲ့တာက ကျုပ်ပါ။ အဲဒါ သခင်လေးရဲ့ အမိန့်မပါဘူး ''

'' ဘာဖြစ်လို့လဲဆိုတော့ မင်းက ရဲအုပ်ရဲ့သမီးဖြစ်နေလို့ ''

ဦးခမ်းလှိုင်က မျက်နှာအနည်းငယ် လွှဲလိုက်ပြီး

'' မင်းသူ့အပေါ်ကို သတ်ပစ်ခဲ့တယ်၊ သူ့ကိုစိန်ခေါ်တယ်၊ အားလုံးကို ခွင့်လွှတ်လိုက်ပြီး သူကိုယ်တိုင် မင်းကို ဆေးပဝါနဲ့ကုပေးခဲ့တာ။ ကျုပ်လုံးဝ နားမလည်နိုင်ဘူး။ ပြီးတော့ သူလုံးဝကင်းရှင်းဖြတ်တောက်ခဲ့တဲ့ အနေအထားမျိုးနဲ့ မင်းကို သူဆက်ဆံခဲ့တယ်။ ထူးထူးခြားခြား မှဲ့ပြုံးတွေပျောက်ပြီး ဆွေးမြေ့ရှုပ်ထွေးနေတဲ့ သခင်လေးမျက်နှာပေါ်က ပြောင်းလဲမှုကို ဒီနေ့ ကျုပ်သတိပြုမိလိုက်တဲ့အတွက် မင်းကိုဖြစ်စဉ်တွေ ပြောပြနေတာ။ စိတ်ဝေဒနာဆန်ဆန် တိမ်းစောင်းမာကြောနေခဲ့တဲ့သခင်လေးရဲ့အာရုံတွေကို လှုပ်ခတ်တိမ်းစောင်းကန်အောင် လုပ်နိုင်ခဲ့တာမင်းပဲရှိတယ်။ မင်း ကျုပ်ကိုကူညီပါ ''

စကားက ဤသို့အဆုံးသတ်လိမ့်မည်ဟု ဦးမထင်ခဲ့သဖြင့် ခပ်ကြောင်ကြောင်နှင့် ပြန်ကြည့်မိသည်။

ဦးခမ်းလှိုင်သည် အရောင်မျိုးစုံရှုပ်ထွေးနေသော မျက်ဝန်းများနှင့် ဦးကိုစူးစိုက်ကြည့်လိုက်ပြီး

'' မင်းမပြန်ပါနဲ့ ''

'' ဘာ ''

'' သခင်လေးနဲ့ရောယှက်ပေါင်းဖက်ပြီးမှ မင်းကို ကျုပ်ဒီတိုင်း





မလွှတ်လိုက်နိုင်ဘူး။ ဒါခြိမ်းခြောက်တဲ့ စကားမဟုတ်ဘူး။ ကျုပ်ရဲ့ သခင်အတွက် ကျုပ်ရဲ့ဆုံးဖြတ်ချက်ပဲ။ သူဘယ်လို သဘောထားနဲ့ လွှတ်ပေးလိုက်တာပဲဖြစ်ဖြစ် သူ့ဒုက္ခရောက်မယ့်အဖြစ်ကို ကျုပ်ကြည့်နေမှာ မဟုတ်ဘူး ''

'' သတ်ပစ်လိုက်ပါ ဘာဘာ၊ ဦးက စူးစမ်းစွန့်စားချင်တဲ့စိတ်နဲ့ ဒီကိုရောက်ခဲ့တာ။ ဖေဖေမရမက တားနေတဲ့ကိစ္စဟာ ဘယ်လောက်အရေးပါနေသလဲဆိုတာ သိဖို့ ဖွတ်ထွက်လာတာ။ ရင်ခွင်ဘာကြီးပဲဖြစ်နေနေ ဦးဂရုမစိုက်ဘူး။ သူနဲ့လည်း မနေနိုင်ဘူး ''

'' ဟုတ်တယ်၊ ကျုပ်သိပြီ၊ သူမင်းကို ထူးဆန်းစွာသက်ဝင်သွားခဲ့တာ အဲဒါကြောင့်ပဲ။ မလိုချင်ရင်ရတာပဲလေ။ လိုချင်သူတွေကျတော့ သူကိုယ်တိုင် ရက်ရက်စက်စက် သတ်ခဲ့တာ ''

'' ဘာဘ ဦးကို သွားခွင့်ပြုမှာလား၊ ဒီမှာပဲ သတ်ပစ်မှာလား''

ဦးခမ်းလှိုင်က ဦးကိုနားလည်ရခက်သော မျက်လုံးများနှင့် စိုက်ကြည့်၏။

ဖြူနုသွယ်လျသော ဆံပင်တိုပျော့ပျော့ပါးပါးကလေးနှင့် မိန်းကလေးတစ်ယောက်ဟာ ထူးခြားစွာရှည်လျားကော့နက်နေသော မျက်တောင်ဘူထူလေးများမှလွှဲ၍ လှလိုက်တာဟု ပြောရလောက်အောင် အစိတ်အပိုင်း မရှိပါ။

မျက်ခုံးတန်းလေးနှစ်ဖက်သည်လည်း ခပ်ရေးရေး။ စိမ်းညို့ညို့နှုတ်ခမ်းပါးလေးတွေကလည်း ကလေးဆန်နေသည်၊ ဒါပေမဲ့ ထူးခြားသည်



www.burmeseclassic.com

www.burmeseclassic.com



က မျက်ဝန်းကလေးများမှာ စူးတောက်နေတတ်သော မာန၏ အရောင်များဖြစ်၏။

မျက်ဝန်းတို့မှာ ဂျစ်ကန်ကန်၊ ဂရုမစိုက်တတ်သည့် အမူအရာများက ဆွဲဆောင်မှုတစ်ခုလို ဖြစ်နေသည်။

အကြည့်ရဲသလို အပြောရဲ၏။

ရင်ခွင် သွေးအေးစွာ သတ်ပစ်ခဲ့သော မိန်းမလှလေးများနှင့် နူးညံ့တာ၊ လှပတာ၊ ဘယ်နေရာမှမဆိုင်။

သို့သော် သူမကို သခင်လေးက စွဲလမ်းသွားခဲ့ပြီ။

ဦးခမ်းလှိုင်ရှေ့တစ်လှမ်း ထပ်တိုး၏။

" ကျုပ်တို့ဟာ အမိန့်တစ်ခုကို အသက်ထက် တန်ဖိုးထားတာမှန်တယ်။ မင်းကိုလည်း မသတ်ချင်ဘူး။ ဒါပေမဲ့ မင်းပြန်သွားရင် သခင်လေး အဖမ်းခံရတော့မှာ၊ သေရေးရှင်ရေး နှစ်ရပ်ကြားမှာ အမိန့်ကို ကျုပ်ဖယ်ထားရတော့မယ် "

" သတ်ပစ်လိုက်ပါ "

ဦးက ရဲဝံ့စွာထပ်ပြော၍ မျက်လုံးတွေကို မှိတ်ထားလိုက်၏။

ထိုအခါ ဖေဖေ့မျက်နှာသေးမှာ သူ့ပုံရိပ်က တွဲလျက်ပေါ်လာ၏။

ဖွတ်အတင်းပေးချွေခဲ့သော အနမ်းများကိုသတိရကာ လူတစ်ကိုယ်လုံး ဆတ်ခနဲ တုန်လေသည်။

ဒါ စွဲလမ်းတာလား။ မဟုတ်ဘူး။ မေ့လိုက်စမ်း။

ဦး မသိမသာ အံကြိတ်မိ၏။





" ဒါဟာ မဖြစ်တဲ့ နောက်ဆုံးမှုပါ။ စဉ်းစားပါဦးပဝါ၊ သူဖြစ်ဖြစ် ကျုပ်ဖြစ်ဖြစ် သတ်ပစ်ခဲ့ရင် မင်းသေမှာပါ။ ခုလည်း မင်းသေရဲနေပါတယ်။ လူတစ်ယောက်အတွက် သေတာထက်ကောင်းတဲ့ ရှင်သန်ခြင်းတစ်မျိုးမျိုးဆိုတာ ရှိနေတယ်ဆိုတာ မမေ့ပါနဲ့။ မင်း သူလူသတ်တာကို တားဆီးခဲ့တာ ကျုပ်ကြားခဲ့ပါတယ်။ ဒါဟာ မမြင်ရတဲ့သံယောဇဉ်ပါပဲ၊ တစ်ညပဲဖြစ်ဖြစ် ခဏပဲဖြစ်ဖြစ် စိတ်ချင်းဆက်သွယ်မှုဟာ သိပ်ကို ဆန်းကြယ်တယ်ပဝါ၊ မင်းရဲ့မာနကို နည်းနည်းလေး ချကြည့်လိုက်စမ်းပါ။ သခင်လေးကို မင်းတကယ်တိမ်းညွတ်ခဲ့တာ ဖြစ်မဖြစ် "

ဦးကိုယ်ထဲမှာ ပူနွေးသော အပူစီးကြောင်းတစ်ခု လျှပ်စီးလင်းသလို ဖြတ်ဝင်သွားလေသည်။

လက်ဖျားခြေဖျားတို့သိ ကျင်ခဲအေးစက်သွား၏။

သူမ ပြန်မတွေးရဲ။

" သခင်လေးကို သာယာနူးညံ့လာအောင် သူ့ဘဝ စိုပြေလန်းဆန်း ပြီး အလင်းရောင်လေးဖြစ်လာအောင် မင်းပဲ စွမ်းဆောင်နိုင်လိမ့်မယ်လို့ ကျုပ်မျှော်လင့်တယ်။ ကြိုးစားကြည့်ပေးပါ။ ဒါကို ကူညီတယ်လို့ ကျုပ် ယူဆပါတယ်။ ဒီအတွက် သခင်လေးရဲ့လက်နဲ့ မင်းမသေစေရဘူး။ ကျုပ် အသက်နဲ့ရင်းပြီး အာမခံထားပါ့မယ်၊ မင်းကူညီပါ။ မင်းကို မင်း ဒီနေရာမှာ သေဆုံးသွားပြီလို့ မှတ်လိုက်နိုင်မယ်ဆိုရင် ဒါကို မင်းလက်ခံ နိုင်မှာပဲ "

ဦး မျက်လွှာချလျက် တုတ်တုတ်မျှ မလှုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



“ တော်ကြာ စောကဲတို့ ဒီနားကို ဖြတ်သွားကြတော့မှာ မင်းဆုံး ဖြတ်လိုက်ပါ ပဝါ ”

“ စောကဲတို့က ဘဘတို့နဲ့ ဘယ်လိုပတ်သက်တာလဲ ”

“ မပတ်သက်ပါဘူး။ ဒါက သူတို့နေရာ၊ ဂူဆောက်ပြီးတာနဲ့ သူတို့ရောက်လာတာပဲလေ။ အဲဒါကြောင့် သူတို့ကို ကူညီရင်းနဲ့ ကျုပ်က ပဲ ဒီမှာ တစ်မျိုးနေတာ။ သူတို့ဘာမှ မသိဘူး ”

ဦး မျက်နှာငုံ့လိုက်စဉ်တွင် ဝတ်ထားသည့်အင်္ကျီမှ ကိုယ်သင်း ရနံ့ကြောင့် နှုတ်ခမ်းသားလေးတစ်ဖက်ကို ဖိကိုက်ထားလိုက်မိ၏။

သူမ တွေဝေခဲ့မိပြီ။

✿ ✿ ✿ ✿ ✿



# အခန်း (၁၃)

တစ်ကိုယ်လုံး ရဲတောက်နေသည်။

ရှပ်အင်္ကျီအနီရောင် လက်ရှည်ကို ကြယ်သီးစုံတပ်၍ ဝတ်ထား

၏။

ဘောင်းဘီအနီရောင်က အပြောင်သားလို လက်တောက်နေ

သည်။ ထို့ပြင် ပလက်တီနမ်ကြိုးများနှင့် ခါးပတ်က ခါးမှာ ထင်းနေ၏။

အမြင်အားဖြင့် အရောင်နှင့်ဆင်ထားပုံက ပြဇာတ်ဆန်ဆန်

ရှိုင်းချင်သလို ဖြစ်နေပေမယ့် ရင်ခွင်ဆိုသူ၏ ကိုယ်ပေါ်မှာတော့ ဝတ်စုံ

နှင့်ခါးပတ်ကြောင့် ဖိတ်ဖိတ်လက်နေသော အနီရောင်က အိပ်မက်ဆန်၏။

ကြောင်တောင်တောင်ပုံစံက စိတ္တဇဆန်ဆန် ချောမွေ့နေသည်။

အရောင်နုနုကို နှစ်သက်ပုံရသည့် သူ့ကိုယ်ပေါ်မှာ အနီဖြစ်ဖြစ်

အနက်ဖြစ်ဖြစ် ဆင်တူ။ ခပ်ပြိုန်းပြိုန်းတွေသာ ရှိနေတတ်၏။

ဒါပေမဲ့ လှနေသည်။



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာလွှဲပစ်ချင်စရာမရှိ။

နူးညံ့ချောမွတ်သည့်မျက်နှာ။

လူလူချင်း အတူတူပါပဲလို့ ပြောမယုံနိုင်အောင် ရှင်းသန့်စိုပြေနေသော အသားအရည်။

သူဟာ သွေးအေးရက်စက်သည့် လူသတ်သမားပါလို့ ဘယ်လိုပြောလို့မှ ယုံချင်စရာမရှိပါချေ။

ရင်ခွင်သည် ဦးပြန်ရောက်လာချိန်မှာ အနီရောင်ဝတ်စုံနှင့်ဖြစ်နေပြီး စီးထားသော ရှူးဖိနပ်ကို ခုတင်ပေါ်မှာ ထိုင်နေလျက်မှ ငုံ့၍ ကြိုးချည်နေသည်။

ဦးအခန်းဝမှာရပ်လိုက်ပြီး ခဏလေးမှာပဲ ဖျတ်ခနဲမော့ကြည့်၏။

သူမော့ကြည့်လာတာကို စိုက်ကြည့်နေခဲ့သော်လည်း သူမော့လာတော့ ဦးမျက်ဝန်းတွေကို လွှဲပစ်လိုက်မိသည်။

" မင်း. . . ဘာလို့ပြန်လာတာလဲ "

သူဦးရှိရာကို လှည့်လာသည်။

အပြင်ထွက်ဖို့ပြင်နေသည့်လား။

ဒါမှမဟုတ် ဒီတိုင်းပဲ နေစနကျလားမသိ။

သူ့ကိုယ်မှ မွှေးပျံ့ပျံ့ကိုယ်သင်းနံ့က ပို၍မွှေးနေသည်။

နုသစ်လတ်ဆတ်နေ၏။

သူ့ကဲ့သို့ ဒဏ္ဍာရီထဲက မင်းသားတစ်ပါးဟာ ဦးနဲ့မှ ဘာဖြစ်လို့





ငြိတွယ်ပတ်သက်နေခဲ့တာလဲ။

သူဟာ ရာဇဝင်လူဆိုးပဲဖြစ်ဖြစ် ကမ္ဘာကျော်ဝရမ်းပြေးဖြစ်ဖြစ် သာမန် လူတစ်ယောက်မဟုတ်။

သူ့မျိုးနွယ် သူ့ဘဝမှာလည်း မင်းသားတစ်ပါး။

မကောင်းမှုပင်ဖြစ်သော်လည်း သူက နိုင်ငံကျော်ခဲ့သည့် မင်းသားပဲဖြစ်၏။ သူ့ဆီချဉ်းကပ်ရောက်ရှိလာသမျှ မိန်းကလေးတို့လည်း သေခဲ့ကြရပြီး ဦးကိုတော့ ချမ်းသာပေးခဲ့၏။

သူ့အနားကို နီးကပ်လာလေ၊ ဦးရင်တွေခုန်လာလေ။

" သခင်လေးရဲ့လက်နဲ့ မင်းမသေစေရဘူး "ဟု ဦးခမ်းလှိုင်ပြောခဲ့သေးသည်။

ဒါဟာ သေဖွယ်ကိစ္စရှိနေသောကြောင့်လား။

အများပြောကြသလို သူဟာ စေဒနာရှင်တစ်ယောက်ပဲဖြစ်လေရာ လျှပ်တပြက်ပြောင်းလဲနေနိုင်သည့် သူ့စိတ်မှာ စောစောက စိတ်တွေဖြစ်ချင်ဖြစ်လည်း

ခုဖြစ်ပို့မလား။

စိုးရိမ်စိတ်ကြောင့် ထိတ်ခနဲဖြစ်သွားမိပေမယ့် သေရမှာကို ကြောက်လွန်း၍တော့ မဟုတ်ပါ။

ကိုယ်ဟာ လွတ်မြောက်လာပြီးမှ အသေခံဖို့ မိုက်မဲစွာရောက်ရှိလာခဲ့သော မိန်းမမိုက်တစ်ယောက်အဖြစ် ရှေ့ကသေသွားကြသူများအတိုင်း နာမည်ဆိုးနှင့် မတွင်စေချင်။


www.burmeseclassic.com

www.burmeseclassic.com



ဦးအံ့ကြိတ်၍ တစ်ကိုယ်လုံးကို လျှော့ချပစ်လိုက်သည်။ နောက်တစ်ဆင့်မှာ ရင်ဆိုင်ဖို့ကြိတ်၍ ပြင်ဆင်၏။

ကိုယ်ပြန်ရောက်ခဲ့ဟာက ရှေ့ဆက်ရင်လည်း ဦးခမ်းလှိုင်၏ လက်ကလွတ်နိုင်မှန်းသိ၍ဖြစ်သည်။

ဘာဖြစ်ဖြစ် ကိုယ့်ဆန္ဒရှိခဲ့သည့်အတိုင်း အဖြစ်သင့်ဆုံးကို ဆုံးဖြတ်ခဲ့၏။

သေရမည်ကိုလည်း လည်စင်းပေးလိုက်ဖို့ ဘယ်တော့မှ စိတ်မကူးပါ။ ဦးရှေ့မှာ သူရပ်လိုက်ပြီး ငြိမ်သက်သွားတော့ ကိုယ့်ကိုငုံ့မိုးစိုက်ကြည့်နေမှာပဲဟု တွက်မိသည်။

သူ့ထံမှ သက်ပြင်းချသံ သဲ့သဲ့ကြားရပြီး

" မင်းကို ကိုယ်မတိုက်ခိုက်ဘူး။ ပြင်ဆင်ထားတာတွေ လျှော့ချလိုက်ပါ "

ဦးမျက်ခွံနဲ မော့ကြည့်မိ၏။

မျက်လုံးချင်း ဆုံမိစဉ် မျက်နှာပြန်လွှဲတော့ ရင်ခွင်က ဦးမျက်နှာလေးကို လက်နှစ်ဖက်နှင့်ကားထားပြီး

" မကြောက်တတ်ဘဲနဲ့ ဘာဖြစ်လို့ ရှောင်ချင်တာလဲ "

" မကြောက်ဘူးဆိုတာက ဦးဘက်က လိပ်ပြာသန့်နေလို့လေ၊ ရှင်ချောလို့၊ လှလို့ ဦးရောက်ခဲ့တာမဟုတ်ဘူး။ အဓိပ္ပါယ်မရှိတာတွေ ဘာဖြစ်လို့လုပ်နေတာလဲဆိုတာကို စိတ်ဝင်စားလို့ "

" ဆက်ပြော "





သူ ဦးပါးလေးကို တစ်ဖက်လက်ခုံနဲ့ ကာထားပြီး အတင်းအကျပ် မော့ထားသော်လည်း ဦးက မျက်တောင်ကော့လေးတွေကို စင်းချထားပြီး သူ့ကိုမကြည့်မိအောင်နေသည်။

" ရှင်က ဖြားယောင်းနိုင်စွမ်းရှိတဲ့သူပဲ၊ ရှင့်မျက်နှာကို မမြင်လေကောင်းလေ မဟုတ်ဘူးလား "

" ကိုယ်ဖြားယောင်းတာ မဟုတ်ဘူး "

" ဖြားယောင်းနိုင်တဲ့သူလို့ ပြောတာပါ "

" ဒါပေမဲ့ အလှအပကို မက်မောပြီး ကိုယ်ရှိတဲ့နေရာကို ရောက်လာရင် မှန်းတယ် "

" ဦးလည်း မိန်းမတစ်ယောက်ပဲ၊ လာခဲ့တာက မဟုတ်ပေမဲ့ မူးမိုက်စေနိုင်တဲ့ မျက်ဝန်းတွေရှေ့မှာ ပြောင်းလဲသွားခဲ့ရင် "

" မင်းကို ကိုယ်သတ်ပစ်မှာစိုးလို့လား "

" မစိုးပါဘူး ဦးကိုယ်ဦး ပျော့ညံ့သွားမိမှာ စိုးတာ၊ ရည်ရွယ်ချက်တွေ မပျောက်ချင်တာ၊ ယောကျ်ားတစ်ယောက်ရှေ့မှာများ အူယောက်မိဖို့ဖြစ်လာရင် ကိုယ့်ကိုယ်ကို အရင်စီရင်မှာ "

" ခုကော "

" ရှင့်ကို သာယာပြီး ရောက်လာတယ် ထင်လို့လား "

" ဘာကြောင့်ဖြစ်ဖြစ် မင်းကို ကိုယ်မသတ်မှာသေချာတယ်။ ဒါဆို ရပြီလား "

" ဘာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" မင်းမျက်တောင်တွေ ဖွင့်လိုက်ပါ "

စင်းချထားသည့် ဦးမျက်တောင်ကော့ကော့လေးတွေ ဖျတ်ခနဲ လှုပ်ခတ်သွားသည်။

ရင်ခွင်က စိုက်ကြည့်နေ၏။

တဖြည်းဖြည်း ပင့်တက်လာသည့် မျက်တောင်ဖျားလေးတွေကို ကြည့်နေရင်း အညိုရောင်ရင့်ရင့် မျက်ဝန်းလေးတွေကို မြင်ရတော့ သူ့နှုတ်ခမ်းမှာ ခပ်လွန့်လွန့် အပြုံးတစ်ခု ဖြစ်တည်သွား၏။

" ချစ်စရာလေး "

တိုးတိုးလေးပြောသည်။

ပြီးတော့ ဦးမျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ထဲမှာ မော့ယူပြီးဆံစလေးတွေကို ဖယ်ရှား၏။

ပြီးတော့

ဦးတစ်ကိုယ်လုံး အေးစက်ကျင်ခဲသွားခဲ့သည်လား။

ခွေးသော အနမ်းတို့သည် နှင်းမုန်တိုင်းထဲက နှင်းပွင့်နှင်းဖတ်လေးတွေလို ဦးအတွက်တော့ အေးခနဲ ကျင်ခနဲ။

✿ ✿ ✿ ✿ ✿



# အခန်း (၁၄)

သူက ဦးလက်ဖဝါးလေးကို ပန်းတစ်ပွင့်ကြွေသွားမှာ စိုးသလို တွေးဆုပ်ထားသည်။

ရှေ့ကို ခြေတစ်လှမ်းမှ မကြောစေဖို့ ဦးနဲ့ဘယ်ချင်း ညာချင်း ခြေလှမ်းညီအောင် လျှောက်၏။

ထိကိုင်မှန်းမသိအောင် နူးညံ့လွန်းသော သူ့လက်ဖဝါးထဲမှာ ဦးလက်ကလေးက ငြိမ်ငယ်စွာရှိခဲ့ရ၏။

သို့သော် ရင်ခွင်သည် ဦးတစ်ကိုယ်လုံးကို မထိရက်၊ မကိုင်ရက်အောင် မြတ်နိုးသော ယုယခြင်းများနှင့်။

" ဖြည်းဖြည်းလျှောက်၊ အားလုံးကျောက်ခင်းတွေချည်း မဟုတ်ဘူး၊ မသိရင် အန္တရာယ်ဖြစ်နိုင်တယ်၊ ကမင်လုပ်ထားတာ "

လမ်းလျှောက်နေရင်း ရှင်းပြသည်။

တစ်ခါတစ်ခါ ဦးခါးလေးကို အသာလေးထိန်းဖက်ပြီး 'မ'ချီလိုက်တာမျိုး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းမှားသွားသည့်အခါ ဆွဲဖက်၍ လျှောင်ထွက်လိုက်တာ မျိုး။

" ဘာဖြစ်လို့ ထောင်ချောက်တွေ လုပ်ထားတာလဲဟင် "

" ကိုယ့်ဆီကို မိတ်ဆွေလာဖို့မှ မရှိတာ "

" မိတ်ဆွေတွေလာကြတာပါ။ ချစ်လို့လာကြတာပဲဟာ၊ ရှင်က ရန်သူလိုသတ်မှတ်ခဲ့တာ မဟုတ်ဘူးလား "

" အဲဒါတွေ မပြောနဲ့ "

ကျောက်ဂူလမ်းကလေးတွေထဲမှာ လျှောက်ပတ်ဝင်ခဲ့ရင်း နေရောင်ဝင်နေသည့် နေရာရောက်တော့ မြင်ကွင်းအားလုံးက ပြောင်းလဲသွား၏။

အလွန်အေးချမ်းသာယာသော တောတောင်သဘာဝနှင့် အောက်ဖက်မှာ ချောင်းရိုးငယ်လေးတစ်ခု။

အရောင်အသွေးစုံနေသော ပန်းရောင်စုံတို့က အမျိုးအမည် မသိသော်လည်း နတ်တို့ ဖန်ဆင်းသော ဥယျာဉ်လို။

ဦး တမေ့တမော ငေးနေမိသည်။

" ချောင်းရေကလည်း ကြည်နေတာပဲ၊ ဒါဘာနေရာလဲဟင် "

" တမလွန်ဥယျာဉ် "

" ဘယ်လို "

ဦးဖျတ်ခနဲ လှည့်ကြည့်တော့ ရာဇဝင်က ပြုံးပြသည်။

" ဟုတ်တယ်၊ လူသတ်ပြီးတိုင်း ကိုယ်ဒီကနေ မျှောချလိုက်တာ၊





ဘာပဲဖြစ်ဖြစ် ရဲတွေလက်ထဲရောက်သွားတာပါလေ။ ကိုယ့်ဘဝအတွက် အဓိပ္ပါယ်အရှိဆုံးက အဲဒါပဲ "

ပြောနေရင်း သူက ကျောက်ခုံလေးတစ်ခုမှာ ခပ်နွဲ့နွဲ့မှီရပ်သည်။ ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် ဦးလက်ကလေးကို လှမ်းဆွဲ၍ ရင်ခွင်ထဲမှာ ပိုက်ထားလိုက်သည်။

ဦးသည် သူ့ရင်ခွင်ထဲတွင် ကျောလေးမှီရင်း စိတ်တို့ဟာ နူးညံ့သွားလိုက်၊ ချောက်ချားသွားလိုက်။

ဒါဟာ အိပ်မက်တွေလား။

သူမ အိပ်မက်ထဲမှာ လမ်းလျှောက်နေခဲ့သည်လား။ မချစ်တတ်သည့် ယောက်ျားက သူမကို ယုယနေသည်။

မချစ်တတ်ဖို့ကြိုးစားရင်း သူမ နယ်ကျွံခဲ့မိသည်။

ကိုယ်ဟာ သူ့ရဲ့ဇနီး

ဒါပေမဲ့ ချစ်သူမဟုတ်။

သူ့ကို သူမသဘောကျနေသည်။ နှစ်သက်မိသည်။ သို့သော် သူဟာ မချစ်သင့်သည့်သူ

ဒါပေမဲ့ သူပြုသမျှကို သူမ သာယာကြည်ဖြူစွာပဲ

" ပဝါ "

" ဟင် "

" ကိုယ့်ကို ကြောက်နေလား "

ဦးနဲ့ပါးချင်းကပ်၍ စကားပြောလိုက်တော့ သူ့နှုတ်ခမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



တို့က ဦး၏ပါးပြင်လေးမှာ ထိကပ်လာ၏။

ဦး သူ့လက်တွေပေါ်မှာ ထပ်ကိုင်ထားသည့် လက်ဖဝါး လေးနှစ်ဖက် ကျည်ခဲသွား၏။

မှုန်ကုပ်ယိုင်လဲသွားတော့မတတ် သူ့ထိတွေ့လာတိုင်း ဦးဘယ်လိုမှ အံကြိတ်ပင့်သက်ရှိုက်၍မှ တင်းထားလို့မရ။

သူဟာ ကတယ်ပဲ မူးမေ့ရူးသွပ်စေတဲ့သူလား။

" ဦး လွတ်လွတ်လပ်လပ် နေပါရစေ "

အကျပ်အတည်းများစွာအနက်မှ သူ့ရင်ခွင်ထဲက ရုန်းထွက်ခွင့်ကို ဦးဘယ်လိုကြိုးစားရမှန်းမသိ။

" ဒီတိုင်းပဲနေပါ "

ပြော၍ ရင်ခွင်က သူ့လက်နှစ်ဖက်ကို ထပ်ပိုက်လိုက်တော့ ဦးကိုယ်လေးက ရင်ခွင်ထဲမှာ မြုပ်ကွယ်လုလု။

" စိတ်ဖုံးဖုံးချလိုက်ပါ ပဝါ၊ မင်းဟာ ကိုယ့်အတွက်ပါ။ နောက်တစ်ကြိမ်ပြန်ဝင်လာပြီးမှ မင်းအခုထွက်သွားမယ်ဆိုလည်း ကိုယ်ခွင့်မပြုတော့ဘူး။ မင်းရင်ထဲမှာ ကိုယ့်ကိုကြောက်နေတာတွေ ကိုယ့်ကို အရူးတစ်ယောက်လို၊ စိတ်ဝေဒနာလူသတ်ကောင်လို တစ်ခြားသူက တစ်ခြားတစ်ယောက်အဖြစ်မြင်ပြီး မှားပြီလားလို့စိတ်တွေများနေတာကို ဖျောက်လိုက်ပါ "

အို

ဦး ရင်တွေခုန်လာသည်။





သူ့မရင်ထဲမှာ တွေးလိုက်သမျှ သူဘာလို့ သိနေတာလဲ။

" မင်းရဲရင့်တာကို ကိုယ်ကြိုက်တာ၊ ဒီတိုင်းပဲနေပါ။ မတွေဝေနဲ့၊ မင်းကိုယ့်ကိုရူးသွပ်မယ်ဆိုလည်း ကိုယ်လက်ခံမယ်။ သူများတွေ ရူးသွပ်တာကို ရှုံ့ပေမယ့် မင်းကိုယ့်ကို စိတ်ဝင်စားတာလေးဖြစ်ဖြစ် ကိုယ်လိုချင်တယ်။

ရင်ခွင်က ဦးလက်လေးကို တစ်ပတ်လှည့်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။ ပြီးတော့ အရောင်လက်နေသည့် မျက်ဝန်းလေးတွေကို စိုက်ကြည့်၏။

" မင်းဒီမှာ ကိုယ်နဲ့ တစ်သက်လုံးနေရတော့မှာ "

" ဦး ပြန်မလာခဲ့ရင်ကော "

" မင်း အသက်ရှင်မှာ မဟုတ်ဘူး "

ပြောနေရင်း သူ ဦးကို ဖျတ်ခနဲငုံ့နမ်းသည်။ ရှောင်ချိန်မရလိုက်။

တစ်ခါတစ်ခါကျတော့ ရင်ခွင်၏ လှုပ်ရှားမှုများက အရိပ်ပျောက်နေသလို မြန်ဆန်နေတတ်၏။

ဒါသည်လည်း ဦးအတွက် လက်တွေ့နှင့် ဆက်စပ်လို့မရအောင် အိပ်မက်ဆန်နေသော အရိပ်အငွေ့တွေပဲ ဖြစ်နေပြန်သည်။

ရင်ခွင်ဟာ လူစင်စစ်လား

အိပ်မက်ထဲက မင်းသားတစ်ပါးလေလား။

ရင်ခွင်ဆိုတာ ဘယ်လောက်တောင် ချောနေလို့လဲဟု စိတ်ပင်



www.burmeseclassic.com

www.burmeseclassic.com



တစား အထင်တကြီးဖြစ်တတ်ခဲ့သော မယုံကြည်ခဲ့သည့် စိတ်ဟာ ရှေ့ရောက်လာတော့မှ ပို၍တွေပြားဝေဝါးလာခဲ့၏။

သူသာမဟုတ်တဲ့ ကိုယ်ပါ ဘဝခြားတစ်ခုထဲမှာ လေဟုန်စီးနေရသလို ဖြစ်လာခဲ့၏။

ရင်ခွင်ဟာ လူသားစစ်စစ်နှင့်မတူအောင် နူးညံ့ချောမွေ့နေသည်။ ဒါပေမဲ့ သူသည် ဦးကို ပွေ့ပိုက်နမ်းရှိုက်နေခဲ့၏။

ဦး အိပ်မက်မက်နေခဲ့သည်လား။

သို့ဆိုလျှင် နေ့ညရက်ဆက် မက်နေသော အိပ်မက်ဆိုတာ ရှိခဲ့သလား။

ဦးဟာ နေရာတကာမှာ ဖော်ဖော်ကျဲစိတ်ခါတ်တွေ ရှိခဲ့သမျှ သူ့ရင်ခွင်ထဲမှာ စွမ်းအားမဲ့စွာ ချွေကျသွားတတ်ခဲ့၏။

“ ကိုယ်ပြောတာ ကြားလား ”

“ ဟင် ”

ဦးမျက်လွှာချပစ်တိုင်း မျက်နှာကိုအတင်းမော့ယူတတ်သည့် သူက ဒီတစ်ခါ ဦးရဲ့မျက်တောင်ဖျားလေးတွေကိုပါ လက်မနဲ့ ပင့်တင်၏။

“ မင်းကို လှိုင်ကြီးသတ်ပစ်မှာကိုသိလို့ ကိုယ်နောက်က ပါလာသေးတယ်။ အဲဒီအချိန်အထိ မင်းသွားမယ်ဆို သွားလို့ရတယ်။ ဘာဖြစ်လို့မှန်းမသိဘူး။ မင်းနဲ့ကျမှ မင်းကို ကိုယ်အရမ်းမဆန်ချင်ခဲ့ဘူး။ တစ်ခုတော့ ရှိတယ်။ အခု လွတ်သွားလည်း မင်းကို ကိုယ်တစ်နေ့နေ့မှာ သတ်ဖြစ်မှာပါ ”





ဦး သူ့မျက်ဝန်းတွေကို ငေးကြည့်နေမိ၏။

ဟုတ်မှာပါ။ ဒီမျက်ဝန်းတွေမှာ နူးညံ့တတ်တာတွေကော၊ ဖျတ်ခနဲအေးခဲသွားတတ်တာကော၊ ခဏအတွင်းမှာ အမျိုးမျိုးပြောင်းသွားတတ်တာ သူ့မှ မြင်နေရ၏။

ဦးနှုတ်ခမ်းလေးကို ကိုက်လိုက်ပြီး နဖူးဆံစပေါ်မှာ သိမ်းအုပ်ထားသည့် သူ့လက်ကို ဖယ်ချပစ်၏။

“ ဒါဆိုလည်း ဦးကိုရင်ဘာဖြစ်ဖြစ် သတ်မှာပဲပေါ့။ ရှင်းရှင်းပြောစမ်းပါ၊ ရှင့်အတွက်ဘာလဲ၊ ဦးကသားကောင်လား၊ ခဏတာ သာယာဖို့ ”

“ နေဦး ”

သူက ဦးပြောတာတွေကို မျက်မှောင်ကုတ်၍ တားဆီးပစ်သည်။

“ မင်းကိုယ့်ဆီပြန်လာတာကော ဘာလဲ။ အဲဒါဖြေ ”

သူပြန်မေးတော့ ဦးဆွံ့အသွားခဲ့သည်။

အဲဒါကို ဦးကိုယ်တိုင် ကိုယ့်ကိုယ်ကိုမသိ။

ဦးခမ်းလှိုင်ခြိမ်းခြောက်၍လား။

မဟုတ်ဘူး။

လန့်ဖျားသွားအောင် ဖေဖေလည်း ဖြစ်လာမှာတွေကို ပြောခဲ့ဖူးသည်။ ဒါပေမဲ့ ဦး မရရအောင် ရောက်လာခဲ့၏။

ဒါဆို ကိုယ့်သဘောနဲ့ကိုယ်လား။

မဖြေနိုင်တာက ဒါကိုပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ လက်ခံလိုက်တာကော လက်မခံနိုင်တာတွေကော ရှုပ်ယှက်ခတ်နေခဲ့တာ၊ ခုချိန်ထိ။

သို့သော် သူမအားလုံးကို မေ့ထားနိုင်ခဲ့၏။

" ဖြေလေ၊ ပဝါ၊ မင်းဘာလို့ပြန်လာတာလဲ "

" မသိဘူး။ ဒါပေမဲ့ ဦးမှာရွေးစရာလမ်းမှာ မရှိတာ "

" သတ်မဲ့ လူရှေ့ကို သေမှာစိုးလို့ ရောက်လာတာလား "

ဦးမျက်တောင်လေးတွေ ပင့်ကာ်နေတဲ့အထိ သူ့ကို မော့ငေးနေမိသည်။ ရင်ခွင်က ခပ်သဲ့သဲ့ ပြုံးလိုက်ပြီး

" ကိုယ့်ရင်ထဲမှာ မင်းလိုပဲရှိတယ် "ဟု ဖြေ၏။

" မင်း ကိုယ့်ကိုကြည့်ပြုံးနိုင်သလို မင်းကို ကိုယ်မြတ်နိုးတယ်။ မင်းထွက်သွားမယ်ဆို မင်းရဲ့ခြေထောက်တွေကို ချုပ်မထားပါဘူး။ ဒါပေမဲ့ မင်းသက်ဆိုးရှည်မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဇနီးဖြစ်ပြီးတဲ့မင်းကို ဘယ်ယောက်ျားကမှ ပိုင်ဆိုင်ခွင့်မရှိတော့လို့ပဲ "

" မိန်းမတစ်ယောက်က ဒီယောက်ျားနဲ့ ကင်းလွတ်သွားတာနဲ့ နောက်တစ်ယောက်နဲ့ ငြိတွယ်သွားမှာပဲလို့ ရင်ထင်လား "

" အနာဂတ်ကို ကိုယ်စိတ်မဝင်စားဘူး။ မျက်တောင်တစ်ခတ်၊ မျက်မွေးတခုံးရဲ့နောက်ကိုပဲ ခုံးဖြတ်တယ်။ လစ်ဖျစ်တစ်ချက်မှာ ကမ္ဘာ့တစ်သန်းလောက် ပြောင်းလဲနိုင်တယ်ဆိုတဲ့ စိတ်အပြောင်းလဲကို ယုံတယ်။ အဲဒါကြောင့် ဘယ်သူ့ကိုမှ မယုံဘူး။ ပြောင်းလဲမှုဆိုတာ ရှိနေတာပဲ။

" ရှင်ကိုယ်တိုင် ပြောင်းလဲနေလို့ပါရင်ခွင်၊ လူ့ဘောင်လူ့စည်း





ဆိုတာ ရှိတယ်။ ပြီးတော့ သစ္စာတရားဆိုတာကို မမေ့ပါနဲ့။ အချစ်နဲ့ ပတ်သက်ပြီးဘာတွေပဲလုပ်လုပ် သူ့ရဲ့ကောင်းလို့ ဘယ်သူမှ မသတ်မှတ်ဘူး။ ဒါပေမဲ့ အချစ်ကြောင့် သေခဲ့သတ်ခဲ့ကြတာတွေ ရှိတယ် "

" မသိဘူး၊ ဒါပေမဲ့ ကိုယ်ဘယ်တော့မှ မသေဘူး။ သတ်ပစ်ဖို့ပဲဆုံးဖြတ်ချက်ထဲမှာ ရှိတယ် "

ဦး မာနတွေပြန်ပေါ်လာသည်။

သူဟာ မချစ်တတ်သည့်လူပါ။

ဦးပေါ်မှာ ခဏတာ သာယာခဲ့သော တပ်မက်စိတ်လေး တစ်ခုနှင့် ခွင့်လွှတ်လိုက်လျောနေခဲ့ခြင်းဖြစ်သည်။

သားကောင်လို ဆောကာစားရင်း ငြီးငွေ့လာတဲ့အခါ ကိုက်ဖြတ်စားသောက်ပစ်မည့်သာ။

ဒါဆို ထိုတစ်နေ့ထိ ဦးစောင့်နေရမှာလား။

" ဘာဖြစ်လို့ ရန်ဖြစ်ချင်နေတာလဲ ပဝါ၊ မင်းကို ကိုယ့်ရင်ထဲမှာ ကိုယ်လည့်ထားတာ ပစ်မှတ်တစ်ခုလို ထားလိုက်တာ မဟုတ်ဘူး။ မတိုက်နိုက်ချင်နဲ့ "

" ရှင်ပြောစမ်းပါ ဦးကဘာလဲ "

" ကိုယ့်ဇနီး "

ဦးက မဲ့ပစ်လိုက်၏။

" ဦးမရ ရအောင်ပြန်ထွက်မယ်။ ရှင်ဘယ်နေ့လိုက်သတ်မလဲ"

" ကိုယ်လွမ်းတဲ့နေ့ "



www.burmeseclassic.com

www.burmeseclassic.com



" ရှင့်ကိုရှင်တော့ ဘယ်တော့မှ မသေနိုင်ဘူးလို့ တွက်ထားတယ်ပေါ့ "

" မသေဘူး။ ကိုယ်က မသေနိုင်တဲ့လူပဲ၊ တစ်နေ့ မင်းသိမှာပါ"

" သေတာရှင်တာကို ဘယ်သူမှ ကြိုမသိနိုင်ဘူးလေ၊ ဒါပေမဲ့ လူတွေသတ်နေတဲ့အတွက် ရှင့်ကို ဥပဒေက အလွတ်ပေးမှာမဟုတ်ဘူး"

" ကိုယ့်အတွက် အချုပ်အနှောင် ဘယ်တော့မှ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာ ဘဝတစ်ခုထဲမှာ သပ်သပ်ရပ်တည်နေတာ"

" ရင်ခွင် "

" ပြော "

ဦးက သူ့ကို စေ့စေ့ကြည့်သည်။

မျက်တောင်ဖျားတို့က ဖျတ်ခနဲ ညွတ်ခနဲ ပုတ်ချချင်လျက် ဖွတ်အားတင်း၍ မမိုတ်မသုန် ကြည့်လိုက်မိ၏။

" ရှင် အဲဒီလို မိုက်ရူးရဲအတွေးတွေနဲ့ လူတွေ ထပ်သတ်ဦးမလို့လား "

မျက်နှာလွှဲတတ်သည့် ရင်ခွင်မျက်ဝန်းတွေက မဖြေပေမယ့် ဦးမျက်ဝန်းတွေဆီမှာပဲ စူးစိုက်နေခဲ့၏။

" ဦး၊ ဒီမှာပဲ ရှင်နဲ့ရာသက်ပန် အေးအေးဆေးဆေး နေသွားချင်တယ်။ ရှင့်လည်း ဒီလိုသာယာစေချင်တယ်၊ မကောင်းမှုတွေကို မလုပ်ပါနဲ့တော့ "

" လူသတ်ဖို့ဆိုတာ ကိုယ့်ရဲ့သာယာမှုပဲ၊ အပူခန်းထဲမှာ ခေါင်း





ပြတ်။ မင်းတွေ့တယ်မို့လား "

" အဲဒါက ဘယ်သူလဲ "

မေးလိုက်မိရင်း ကြက်သီးတွေဖျင်းခနဲ ထ၏။

" အဲဒါ မိန်းမတစ်ယောက်၊ မဖြူ၊ မနီဆိုတာ ကိုယ်မသိဘူး။ အပူခန်းဆိုတာ ကိုယ်ရင်ပူလာတဲ့အခါ အဲဒီထဲဝင်တယ်၊ ဒီမိန်းမခေါင်းကို အပူတိုက်၊ မှိုင်းဝစေပြီးမှ ပြန်ထွက်တယ်၊ အဲဒီကထွက်တဲ့ည ကိုယ်လူသတ်တာပဲ။ မိန်းမတစ်ယောက်ဆိုတဲ့ မျက်နှာတစ်ခု၊ အတွေးတစ်ချက်ဝင်လာတာနဲ့ လူသတ်ချင်စိတ်တွေဖြစ်လာတာ၊ ဘာမဆို လုပ်ရဲလာတာ"

" ဒါဆို ရှင်ဟာ နူးညံ့စိတ်တွေကို တမင်နှိုးဆွပြီး လူသတ်မှုတွေ ကျူးလွန်နေတာပေါ့ "

" မသတ်ရရင် မနေနိုင်တာ။ ကိုယ်ဘာယ်မှာရှိတယ်ဆိုတာ ပြောလိုက်တာနဲ့ ကိုယ့်ကိုတွေ့ချင်တဲ့သူက ရောက်လာတာပဲ။ လိုက်ရှာနေရတာ မဟုတ်ဘူး။ လည်စင်းပေးပြီး ရောက်လာတာ "

" ဒါကတော့ ရှင်က ရုပ်ရှင်မင်းသားဖြစ်ဖူးတာပဲ၊ အနုပညာကို ချစ်တဲ့ ပရိတ်သတ်တွေ. . . "

" ဘာတွေပြောနေတာလဲ "

သူ့လေသံမာမာကြောင့် ဦးစကားက တစ်ပိုင်းတစ်စနဲ့ ရပ်သွား၏။

" ရုပ်ရှင်ရိုက်ခဲ့တာက ကိုယ့်ဇာတ်ကိုယ်ရေးခဲ့တာ။ ကိုယ့်အနာဂတ်မှာ ဖြစ်ချင်တာတွေကို ကိုယ်တိုင် သရုပ်ဆောင်တာ။ တစ်က



www.burmeseclassic.com

www.burmeseclassic.com



မှ ရုံမတင်ခဲ့ရဘူး။ ဒါတွေကို မင်းမသိဘူး ထင်တယ်။ မင်းသား မဟုတ်ခဲ့ပါဘူး။ ကိုယ်မင်းသားမဟုတ်ဘဲ ပရိသတ်ဆိုတာတွေရောက်လာတာ ဘာလုပ်ရမှာလဲ။ ရွှေမာယာတွေလေ။ ဒီမိန်းမမျိုးတွေကြောင့် ယောက်ျားတွေ စိတ်ဆင်းရဲကြ သေကြဖြစ်ကြဦးမယ်။ ဘယ်မိန်းမပဲ ရောက်လာလာ ကိုယ့်မျက်လုံးထဲမှာတော့ ရွှေမာယာလို့ပဲမြင်တယ်။ ရွှေမာယာပြောတဲ့ စကားမျိုးတွေ။ ရွှေမာယာရဲ့မျက်လုံးတွေ၊ အပြုံး. . . မထူးပါဘူး။ အားလုံး အတူတူချည်းပဲ ”

သူသည် ခပ်မဲ့မဲ့ပြောနေရင်း ဦးတစ်ကိုယ်လုံးကို တင်းကျပ်စွာ ဖွဲ့ဖက်ပစ်လိုက်၏။

“ မတူတာက မင်းပဲ။ ကိုယ်မမြင်ဘူးခဲ့တဲ့မျက်နှာ၊ မကြားဘူးတဲ့ စကား၊ ပြီးတော့ ကိုယ့်ကို သတ်ချင်နေတာ ”

ရင်ခွင်သည် စကားတွေဆိုလျက် ဦးမျက်နှာလေးကို တို့တိုက်နမ်းရှိုက်နေသည်။

နှုတ်ခမ်းများလေးတွေထက်မှာ ပိတုန်းလေးတစ်ကောင်လို ဝဲလာတော့ ဦးဖွတ်အတင်း ရှောင်ပစ်မိသည်။

“ မင်းက ကိုယ့်ရင်ထဲမှာ တခမ်းတနားရှိခဲ့တာ ”

သူ့စကားအဆုံးမှာ ဦးအသက်ရှူ မှားသွားခဲ့ရ၏။

ပင်ယံထက်မှ ငှက်ငယ်လေးတွေ မျက်လုံးလေးတွေပြူး၊ ခေါင်းချင်းကပ်လျက် ပြိုင်တူစုန်းခနဲ ထပျံကုန်ကြသည်။

ထိုအခါ ချောင်းရေစီးသံက စောင်းကြိုးခတ်သလို ငြိမ့်ငြိမ့်လေး





ဖြတ်ဝင်လာလေသည်။

ဦးသည် အချစ်ကို ရှာဖွေလာခြင်းမဟုတ်ဘဲနှင့် အချစ်ကြောင့် ခွေယိုင်လဲခဲ့၏။ သို့သော်

သူမ လက်ထဲမှာ ဆုပ်ကိုင်မိတာသည် အချစ်မဟုတ်ဘဲ ဖြစ်နေပြန်ရော။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

" ဟိတ် . . . နောက်ဆုတ်လိုက်စမ်း "

" အ . . . အား "

နှာခေါင်းထဲမှာ စပ်ဖျင်းဖျင်းဖြစ်သွားပုံက ရေနစ်သူလို ဦးခေါင်းတစ်ခုလုံး ပြာဝေမှုးမိုက်သွားခဲ့၏။

ဘယ်လိုမှ ထိန်းချုပ်လို့ မရတော့ဘဲ ဦးနောက်ဆုတ်ရင်း ခြေသုံးလှမ်းခန့်မှာ ပက်လက်လဲကျ သွားလေသည်။

" လှိုင်ကြီး . . . ဆေးရည်ဖျန်း . . . မြန်မြန်လုပ်ပါ "

အသံတွေကြားလိုက်ရပြီး တစ်ဆက်တည်းမှာ ရင်ခွင် ပြေးဝင်လာတာကို သိလိုက်သည်။

ဘိုင်းခနဲ ပစ်လဲသွားသည့် သူမကို နောက်ကနေ ဖြစ်သလိုဆွဲယူကာ လိမ့်ချပစ်လိုက်ချိန်တွင် အသိတရားတို့က ကိုယ်ခန္ဓာမှ ပြေးခွာလုလု။ နှာခေါင်းထဲမှ ပူနွေးသော အရာတွေ စီးကျလာသည်။

သွေးတွေများလားဟု တွေးမိပေမယ့် ဖြစ်လိမ့်မည်မထင်ခဲ့။





ဒါပေမဲ့ ပါးစပ်ထဲဝင်မည်စိုးသဖြင့် နှုတ်ခမ်းလွှာတို့ကို ဖိပိတ်ထားလိုက်မိသည်။

" တောက် . . . မင်းဘာလုပ်တာလဲပဝါ။ အဲဒါကို ဘာမှတ်လို့လဲ "

သူ့ဒေါသသံက တုန်ခါနေသည်။

ဦးကို ပွေ့လျက်နှင့် ပြေးလွှားသွားနေတာ ဘယ်ဆီကို မှန်းမသိ။ အေးစက်စက် ကျောက်သားပြင်တစ်ခု။

အိပ်ခန်းမဟုတ်တာတော့ သေချာပါသည်။

ဖျာတစ်ချပ်လို ကျောက်ဆောင်မှာ ပြန့်ပြန့်ပြူးပြူးရှိနေပေမယ့် ကျောက်သားပြင်ကြီးကိုပဲ ဦးသိနေသည်။

ရင်ဝမှစ၍ လည်ချောင်း၊ နှာခေါင်း၊ ဦးခေါင်းတစ်ခုလုံးမှာ သတိလစ်မတတ် နာကျင်ရှုံးအောင့်နေပေမယ့် ဦးထိန်းချုပ်စုစည်းနေနိုင်သေးသည်။

" သခင်လေး၊ သူ့ကိုချထားလိုက်ပါ။ ကျုပ်ကုပေးပါ့မယ် "

" နေပစေ၊ ကျွန်တော့်ကိုပဲ ဆေးသွင်းပေးပါ "

" မဟုတ်ပါဘူး။ ဒါသေနိုင်တဲ့ ကိစ္စမှုပါ။ သူ့ကိုကုရင် သခင်လေး ဒုက္ခရောက်လိမ့်မယ်။ ကျုပ်ပဲ . . . "

" လှိုင်ကြီး ပြောတာကိုပဲလုပ် "

ထုံးစံအတိုင်း ဦးခမ်းလှိုင်၏အသံ တိတ်ကျသွားသည်။

ဦးကို သူ့ကျောက်ဖျာပေါ်မှာ ချသိပ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးလည်ပင်းအောက်မှာ သူ့လက်မောင်းတစ်ဖက် ရှိနေသေးသည်။

ဦးရဲ့ ရင်ဘက်လေးပေါ်မှ ဖြတ်အုပ်၍ ဦးပခုံးလေးကို ဖက်ထား၏။ ရင်ခွင်သည် ဦးကို ဖက်ထားလျက်မှ မလွှတ်ခဲ့ပေ။

လှုပ်ရှားသံတွေ ကြားနေရသည်။

သူသည် ဦး၏ ရင်ဝတည့်တည့်ကို လက်မတစ်ချောင်းနှင့် အသာချင်း ဖိထောက်လိုက်သည်။

ရင်ထဲမှာ တုတ်တချောင်း ရိုက်သွင်းခံလိုက်ရသလို ဦးအသက်ခနဲ တွန့်သွား၏။

ပြီးတော့ ဦးရဲ့ငယ်ထိပ်တည့်တည့်မှာ လက်ဖဝါးတစ်ဖက်နှင့် ဖိအုပ်ထားသည်လား။

ဒါမှမဟုတ် ရေခဲပတ်အုပ်နေသလား။

ကုသပေးနေတာမှန်း သိသာသော်လည်း ဦးမှာတော့ အသက်ဆက် ခါနာခနေသည်။ နှာခေါင်းထဲမှ သွေးတို့ပို၍ သွန်ကျနေသလိုပင်။

ကြမ်းရှရှ အဝတ်တစ်စဖြင့် နှာခေါင်းကိုသာ သုတ်ပေးတာလည်း ဦးသိနေ၏။

ဒီလိုဖြစ်မယ်မှန်း အစက လုံးဝထင်မထားခဲ့ပါ။

နောက်ဆုံး ရင်ခွင် ဒေါ်သထွက်မည်။

သက်ပစ်မည်လား။ ခွင့်လွှတ်မည်လား။ ဖြစ်လာမှာက ဒီနှစ်ခု ပဲဟု ထင်မိ၏။





ဘာ့ပဲဖြစ်ဖြစ် ထားရင်နေ့ သတ်ရင်သေ။

ကိုယ့်တာဝဟာ ဘာမှန်းမသိ။

သူချစ်သော ဖနီးလား၊ ကစားစရာ၊ အပျင်းပြေ အရုပ်တစ်ရုပ် လား။ ဒါကို သိချင်သည်။

အချစ်ကြောင့် အရာရာကို ကျော်လွှားနိုင်သည်ဆိုလျှင် ကိုယ် အပြစ်လုပ်ခဲ့ရင်လည်း သူခွင့်လွှတ်နိုင်ပေမည်။

ထိုအခါ ပြောသမျှထဲမှာ ချစ်တာ၊ ကြင်နာတာမပါပေမယ့်၊ ဦးကို သူချစ်နေတာပဲဟု သတ်မှတ်နိုင်၏။

ထို့ပြင် အလွန် ဆက်စပ်ရှုပ်ထွေးကောင်းသော ခေါင်းပြတ်ကြီး နှင့် ဒီတစ်ခန်းလုံးကိုလည်း အပြီးတိုင် ရှင်းလင်းဖျောက်ဖျက်ပြီးသား ဖြစ်သွားမည်။

ဦး ဆုံးဖြတ်ချက်ချ၍ အခန်းတစ်ခုလုံးကို ထုနှက်၊ ရိုက်ချိုး၍ ဖျက်ဆီးသည်။

ကျက်သရေရှိသော ပန်းချီတွေကော၊ ပစ္စည်းအတိုအထွာတွေက အစ ဖျက်ဆီးစုပုံ၍ မီးရှို့သည်။

တန်းလန်းချွဲထားသည့် ခံပင်ဖားလျားနှင့် မိန်းမခေါင်းကြီးကို မရမက ကြိုးဖြုတ်ချကာ မီးပုံထဲပစ်ထည့်လိုက်တော့မှ

ခေါင်းပြတ်ကြီးသည် အသားကို လောင်ကျွမ်းဟန်မဟုတ်ဘဲ ပိတ်စ တစ်စကို မီးလောင်သလိုမျိုး၊ မီးညွန့်ပေါ်မှ ရောင်စုံဖြာလျက် ညှော်နံ့ကင်း စူးစူးဝါးဝါး ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦး အထူးအဆန်း ငေးကြည့်နေတုန်း ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ ချောင်းနှစ်ချက်သာ ဆိုးလိုက်မိပြီး ဘိုင်းခနဲ လန်ကျသွားတာကို ဘယ်လိုမှ မထိန်းလိုက်နိုင်။

ကိုယ့်ကိုကိုယ် ဘာဖြစ်သွားမှန်းမသိ။

အသက်အန္တရာယ်ဖြစ်လောက်သည့်အထိ ဆိုးဝါးခဲ့မှန်း ရင်ခွင် ပြေးဝင်လာမှ နားလည်ခဲ့ရသည်။

" သူစိတ်ချရပြီလား၊ လှိုင်ကြီး "

သူ့လေသံက ပျော့ပျော့ယဲ့ယဲ့လေး ဖြစ်နေသည်။

" ရပြီ၊ သခင်လေးအနားယူပါ။ ဆေးတိုက်ဖို့ပဲ လိုတော့တာ"

ဦးခေါင်းနှင့် ရင်ဝမှာ ဖိကပ်တင်းကျပ်နေတာတွေ ပြည်းညင်းစွာ ရုတ်ဖယ်သွားသောအခါ ဦးကိုယ်မှ ခွန်အားများပါ လုံးဝ ကုန်ခမ်းသွားသလို။ ဦးဘာဆို ဘာမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့။

✿ ✿ ✿ ✿ ✿



## အခန်း (၁၆)

သူ့မျက်နှာက မြင်နေကျထက် ပို၍ ဖွေးဆွတ်နေသည်။

ပြာလဲ့သော မျက်ဝန်းတို့က အရောင်လက်နေဆဲရှိသော်လည်း ဖွေးဆုတ်နေသည့် မျက်နှာနှင့် မလိုက်ဖက်တဲ့ အေးစက်စက်နှင့် ခက်ထန်ခြင်းအသွင် ဆောင်နေခဲ့၏။

သူသည် ဦးရှိနေသည့်ဘေးမှာ ခါးထောက်ရပ်လျက် မျက်မှောင်ကုတ်၍ စိုက်ကြည့်နေ၏။

ဦးမှာ အိပ်ရေးပျက်ထားသည့်လူလို ခေါင်းမကြည်၊ လူက နုံးခွေခွေဖြစ်နေသော်လည်း နာကျင်စူးအောင့်တာတွေ ဘာမှမရှိတော့။

သူ့မျက်နှာအနေအထားကိုကြည့်၍ အေးဆေးမှုမရှိတော့တာကို အကဲခတ်မိသည်။

ထို့ကြောင့် ဦးလှဲနေရာမှ လက်တစ်ဖက်ထောက်၍ ထထိုင်လိုက်၏။

" ဦးမှာအပြစ်ရှိတယ်၊ ဦးတကယ်ပဲ အပြစ်ဖြစ်အောင်လုပ်မိ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ရှင်ကြိုက်သလို စီရင်ပါ ''

ဆံနွယ်ပျော့ပျော့လေးတွေ ပခုံးပေါ်မှာ ခွေကျနေကြသည်။ လူမမာရုပ်ပေါက်နေပေမယ့် ဦးမျက်ဝန်းညိုလေးတွေက ရွှန်းလဲ့တောက်ပနေဆဲ။

သူဆင်ပေးထားသည့် အနက်ရောင်ခေါင်းစွပ်ဆွယ်တာလက်ရှည်နှင့် ဘောင်းဘီရှည်က ပွပေမယ့် ဦးကိုယ်လုံး သွယ်သွယ်လေးက ထင်းနေအောင် လှသည်။

မျက်နှာလေးကို အနည်းငယ်ငိုက်ချ၍ မျက်လွှာချပစ်လိုက်တော့ ဆံစလေးတချို့ မျက်နှာထက်သို့ ဖရိုဖရဲ လျှောကျလာရင်း စင်းကျသွားသော မျက်တောင်ကော့လေးတွေက ထူထူပိတ်ပိတ်။

ရှေ့မှာ ခါးလေးမတ်၍ တောင့်တောင့်လေး ထိုင်ကာ မျက်လွှာချထားသည့် ဦးကို ဆံဖျားမှ ခြေဖျားထိ ရင်ခွင် စူးစိုက်ကြည့်သည်။

“ ဘာကို စီရင်ရမှာလဲ၊ မင်းဘာဖြစ်လို့ ဒီလောက်တောင် သေဖို့ကြိုးစားနေရတာလဲ၊ လူသတ်တဲ့ကိစ္စကိုများ ကိုယ်က သိပ်စဉ်းစားနေလိမ့်မယ် ထင်လို့လား ''

“ မထင်ပါဘူး။ ရှင် ပျော်မွေ့တဲ့အလုပ်ပဲဥစ္စာ။ ဦးကလည်း သေရမှာ မကြောက်တဲ့သူပဲ။ ရှင့်ရဲ့အဆိုပြုချက်များစွာထဲမှာ မိန်းမတစ်ယောက်ဟာ ဘယ်လိုပုံစံနဲ့ပဲ ရှိနေနေ၊ ရှင်ဘယ်လိုပဲ သတ်မှတ်ထားထား၊ ဦးကတော့ နေရာတစ်ခုကို ပိုင်ပိုင်နိုင်နိုင်လိုချင်တယ် ''

“ ဘာနေရာလဲ ''





“ ရှင် ဦးကို ဘယ်လိုသဘောထားလဲ ''

“ ဘယ်လိုသဘောထားစေချင်လဲ၊ ကိုယ့်ဇနီးအဖြစ် မင်းကို သတ်မှတ်ခဲ့တာ ဘာလိုသေးလို့လဲ ''

“ ဟုတ်လား၊ ဒါဆိုဦးမှာ လုပ်ပိုင်ခွင့်ရှိတာပေါ့။ ဒါ့ကြောင့် ဦးဆုံးဖြတ်လိုက်တာ။ ရှင့်အလုပ်တွေကို ဦးမကြိုက်ဘူး။ ရှင့်အလုပ် ရှင့်ဘဝကို ဦးနဲ့တွဲစပ်မိတဲ့ဘဝမှာ ပြောင်းလဲပစ်ဖို့ ''

“ မပြောင်းလဲနိုင်ဘူး။ ပြောင်းလဲဖို့ မပြောင်းလဲဖို့ မင်းကိုယ့်ကို နည်းနည်း မေးကြည့်ပါလား ပဝါ၊ ဒီလိုလုပ်ပစ်လိုက်ဖို့လိုသလား။ ငါ့ဘဝ ငါ့ရည်ရွယ်ချက်၊ ငါလုပ်သမျှ ဘယ်သူတားဆီးလို့မှ ငါရပ်တန့်မှာ မဟုတ်ဘူး။ အခု မင်းလုပ်လိုက်တာ ဒါတွေရပ်တန့်ကုန်မယ် ထင်လို့လား ''

ဦးက နှုတ်ခမ်းလေး မဲ့၍ သူ့ကိုရဲရဲတင်းတင်းကြည့်၏။

မရပ် တန့်ဘူးဆိုလည်း ရှင့်ဒေါသကို တမင်တူးဖော်တာလို့ ယူဆလိုက်တော့ ရင်ခွင်၊ ဦးကတော့ ဒါကို ရွံတယ်၊ မုန်းတယ်၊ လုပ်ချင်တာလုပ်ခွင့်ရလို့ ကျေနပ်တယ်။ ရှင်သတ်မယ်ဆိုလည်း ကျေးဇူးတောင်တင်သေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးလည်း လူထဲက လူပဲ ''

စူးစိုက်ကြည့်နေသည့် သူ့မျက်ဝန်းတွေကို အံကလေးကြိတ်၍ ဦးသော်ချာ ပြန်ကြည့်မိသည်။

ဤယောက်ျားၡ၏ သန့်စင်ချောမွေ့မှုများကို သူမ အရှုံးပေး၍ ပြီးပြစ်ကြောင်း ဖွင့်ဟဝန်ခံဖို့ စိတ်မှာဆုံးဖြတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ချောမွေ့နူးညံ့မှုတွေမှာ ဦးသာယာပြီး တွေဝေခဲ့တယ်။ အဲဒါကို ဦးမလိုချင်ဘူး။ ဦးရဲ့ရင်ထဲမှာ ရှင်သတ်ပစ်လောက်အောင် အထင်မြင်သေးသင့်တဲ့ မိန်းမတစ်ယောက်ရဲ့ စရိုက်မျိုးတွေ ဘယ်တော့မှ မရှိစေရဘူး။ အခု ရှိနေခဲ့တာကို ဖယ်ထုတ်ချင်တယ်။ သူများတွေ ရှုးသွပ်တဲ့ ရှင့်ရဲ့ချောမွေ့မှုတွေကို ဦးက မုန်းကဲ့ရဲ့ချင်တာ။ တကယ်တမ်း ကိုယ်တိုင်တွေဝေလာခဲ့မိတာကို ရင်နာတယ် "

" ဒါကြောင့် မင်းက သက်သက်ပြဿနာရှာတာပေါ့ "

" ဟုတ်တယ်။ ဦးလုပ်ချင်တာကို လုပ်တယ်။ သေခွင့်လည်းရမယ်။ အများသူငါလို ရှင့်ရှေ့မှာ ဒူးထောက်အသနားခံပြီး သေမှာမဟုတ်ဘူးနော်။ ခုလို ဖျက်ဆီးထုရေပြီး ရှင့်ကိုလည်း နောက်ဆုံးထွက်သက်ထိ အရှုံးမပေးဘဲ ပြန်တိုက်နေရင်း. . . "

" မင်းကို ကိုယ်ဘယ်တော့မှ မသတ်ဘူး "

ရင်ခွင်က ဦးပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲဆွဲယူ၍ နှုတ်ခမ်းချင်း ထိမတတ် ကပ်သည်။

" မင်းသေမှာကို ပူလို့ လိုက်ပြောနေတာ။ အဲဒီမိန်းမခေါင်းမှာ မပုတ်မသိုးဖို့ စီရင်ထားတဲ့ ဆေးက သိပ်ကိုဆန်းကြယ်တာ။ အပူနဲ့ထားရတယ်။ မီးရှို့လို့မရဘူး။ မင်း နောက်ထပ်သုံးမိနစ်လောက် အဲဒီမီးခိုးထဲမှာနေရင် ဘာဆေးမှ မိမှာမဟုတ်တော့ဘူး။ အဲဒါ လှိုင်ကြီးကိုယ်တိုင် တောထဲမှာ သေချာစီမံခဲ့တဲ့ဆေး။

ဦးအံ့ဩထိတ်လန့်မှုလေးတော့ ဖြစ်သွားခဲ့မိသည်။





လဲကျသွားခဲ့တာက ရုတ်တရက် ပြန်ထနိုင်ဖို့ မလွယ်။

ဖြစ်သလိုမျိုး ထပြေးဖို့ဆိုတာကလည်း ဒီလိုမနေသင့်မှန်း ဒီအချိန်လောက်မှာ သေတတ်မှန်း ဦးမသိခဲ့။

သို့သော်

" သေရမှာကြောက်နေရင်တော့ ရှင်အချိန်မီရောက်လာတာ ကျေးဇူးတင်စရာပါပဲ။ ဒါပေမဲ့ ဦးကတော့ မထင်ဘူး။ ရှင်က ဦး ဒီက ထွက်သွားရင်လည်း လိုက်သတ်မှာပဲ၊ ဒီမှာ နေတော့ကော ရှင်ဒါတွေပဲ လုပ်နေသမျှ ခုလိုပုန်းအောင်းပြီး လူမြင်မခံရဲတဲ့ ဘဝနဲ့ တစ်သက်လုံး သွားရတော့မှာ "

" မင်းဘာမှ မတောင်းဆိုနဲ့ ပဝါ၊ ကိုယ်က အရှုံး၊ မင်းလည်း အရှုံးမိန်းမ ဒီတိုင်းနေရမှာပဲ၊ မိန်းမတစ်ယောက်ကြောင့် ဘာကိုမှ ပျော့ညံ့လိုက်လျော့ဖို့ ကိုယ်စိတ်မကူးဘူး "

" ဒါဆို ဦးကို ရှင်ခုသတ်ပစ်လိုက် "

" မသတ်ဘူး "

" မသတ်ရင် ဦးသွားမယ် "

ဦးလက်ကို လိမ်၍ ဖျတ်ခနဲရုန်းထွက်လိုက်၏။

ရင်ခွင် ရိုပ်ခနဲ လှုပ်ရှားသည်။

ဦးလက်ကို ချက်ချင်း ဖမ်းဆုပ်မိ၏။

သို့သော်

" အင့် "



www.burmeseclassic.com

www.burmeseclassic.com

ရင်ခွင်သည် ဦးဆုတ်ရှောင်လိုက်သည့်တိုင် လက်ကို ဖိဆုပ်ထားလျက်နှင့် ဦးကိုယ်ပေါ်သို့ ငိုက်ကျလာ၏။

" ရင်ခွင် "

ဦးအသံတုန်လေးနှင့် ခေါ်ကာ ရင်ခွင်ကို သိမ်းကျုံးဖက်လိုက်သည်။

" ရှင် . . . ရှင်ဘာဖြစ်တာလဲဟင် "

ရင်ခွင် ပါးစပ်ပြင်သည်။

ဘာသံမှ မထွက်ဘဲ မျက်ဝန်းမှိတ်ကျသွား၏။

" ရင်ခွင် . . . ဘဘ . . . ဘဘ လာပါဦး "

ဦး ရင်ခွင့်ကိုယ်ကြီးကို မွေ့ရာပေါ်မှာ အသာလှဲချ၍ နောက်လှည့်လိုက်လျှင် ရင်ခွင်က ဦး လက်ကလေးတစ်ဖက်ကို ဆွဲထားလျက်၊

" လှိုင်ကြီး အလုပ်လုပ်နေတယ် "

တိုးသဲ့သော သူ့အသံကို နားစိုက်ထောင်မှ ကြားရ၏။

ဖြူဖျော့နေသည့် သူ့မျက်နှာကိုကြည့်ကာ ဦးခေါင်းခါလိုက်သည်။ အခန်းကို မီးရှို့တဲ့နေ့က ဦးခမ်းလှိုင်ပြောတာကို သူမကြားသည်။

ကိုယ့်ကိုကယ်တဲ့တွက် သူ့မှာ အသက်အန္တရာယ်ရှိသည်တဲ့။ အခု သူမ ပြန်ကောင်းလာခြင်းအတွက် ရင်ခွင်ဘယ်လို အသက်စွန့်ကြိုးပမ်းယူခဲ့ရသလဲ။

ရင်ထဲမှာ နင့်သွားသည်။

" ဘဘက ဘာလုပ်နေတာမို့လို့လဲ၊ ရှင်ဘာဖြစ်လဲ ဦးဘာမှ





မသိတာ "

ဆောင့်ရုန်းလိုက်မိပြီးမှ သူ့လက်ဖဝါးခနဲပြေကျသွားတော့ ဦးစိုးရိမ်တကြီး ထိုင်ချလိုက်မိသည်၊

စွမ်းအားရှင်လားဟု ထင်ရလောက်အောင် အရိပ်ပျောက်အောင် လှုပ်ရှားနိုင်သော သူ့အရည်အချင်းတွေ စွမ်းအားတွေ ဘယ်ပျောက်ကုန်တာလဲ။

ဒါဟာ ကိုယ့်ကြောင့်

ကိုယ့်အတွက် သူ့အသက်ပေးပြနေလျက်နဲ့ ဘာကို လိုနေသေးလဲ။ ကိုယ့်ကိုယ်ကို ပြန်မေးရင်း ဦးမျက်ရည်တွေ ပြည့်လာ၏။

" ရင်ခွင် "

ဦး သူ့ဘေးမှာ လှဲချတော့မတတ် မျက်နှာကို ငုံ့ချလိုက်ကာ

" ရှင့်ကို ဦးဘာလုပ်ပေးရမလဲ ပြောပါ . . . ဘဘဘယ်မှာလဲ"

သူခေါင်းခါပြ၍ ဦးလက်ဖဝါးလေးကို ပြန်ဆုပ်ကိုင်၏။

ခပ်ဖိဖိညှစ်လိုက်ခြင်းက အနားမှာပဲနေဖို့ ပြောလိုက်တာမှန်းသိသာသည်။ ခပ်တွန့်တွန့်မျက်ခုံး အစုံသည် အလံမလဲသော မာနများနဲ့ ဖြစ်သော်လည်း ထိုယောက်ျား ရင်ထဲက ချစ်ခြင်းမေတ္တာရှိနေတာကို ဦးမြင်လိုက်ရပြီဖြစ်၏။

သူသည် ခဏကြာမှ မျက်ဝန်းတို့ကို ပြန်ဖွင့်ကာ

" ဘဘ ဒီထဲက အခန်းတစ်ခန်းမှာ ရှိတယ်။ ဒါပေမဲ့ သူလာမှာ မဟုတ်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်လို့လဲဟင်၊ ရှင့်အတွက်အရေးကြီးတာ သူသိရင် ပြေးလာမှာပါ "

ရင်ခွင်က လှဲနေရာမှ ထထိုင်ဖို့ ကြိုးစားတော့ ခေါင်းအုံး နှစ်လုံးဆင့်ပေး၍ ကျောနောက်မှာ မှီပေးရင်း ဦးကူညီရသည်။

သူသည် ဦးလက်တစ်ဖက်ကို ဆုပ်ထားရာမှ မလွှတ်ဘဲ

" အခု ကိုယ်မသေနိုင်ဘူးဆိုတာ သူသိတယ်။ သူ ကိုယ်သေမှာ စိုးလို့ ကြိုးစားနေတာ "

" ဘယ်လို "

" အစစအရာရာ ကိုယ်တောင့်တတိုင်းရအောင် ဖြည့်စုံဖို့ လိုင်ကြီးဟာ ကိုယ့်အတွက် အာလာဒင်ပဲ၊ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ ကိုယ် ယုံကြည်ခဲ့သမျှ ကိုယ့်ရဲ့ ယုံကြည်ပိုင်ဆိုင်မှုတွေအားလုံးဟာ အရှုံးအနိုင် မသေချာတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလွန်ခိုင်လုံလျှို့ဝှက်ခဲ့တဲ့ ဒီနေရာကို မင်းအဖေဦးဆောင်တဲ့ ရဲတွေခြေရာခံမိသွားကြလို့ပဲ "

" ဟင် "

ဦး မျက်နှာလေး ပျက်သွားသည်။

ဖခင်အသံကြားလိုက်သော်လည်း ဝမ်းသာပျော်ရွှင်မသွားခဲ့ဘဲ ဦးရင်ထဲမှာ လှိုက်ခနဲ ပူသွား၏။

" ဒုရဲအုပ် ဦးမျိုးသော်က မင်းအဖေမို့လား။ မင်းဘာရည်ရွယ် ချက်နဲ့ပဲရောက်လာလာ၊ မင်းဟာကိုယ့်ရဲ့အနီရောင်ကန့်သတ်စည်းထဲမှာ မရှိဘူး။ မင်းကို ပြန်လွှတ်မပေးနိုင်သလို ရဲတွေကိုလည်း ကိုယ်ဘယ်တော့





မှ အရှုံးမပေးဘူး "

" ဒါဆို ရှင်က ထွက်ပြေးမှာပေါ့. . . အခု "

" ကိုယ်ဘယ်မှ မပြေးနိုင်ဘူး "

သူသည် ဦးအတွက် ခွန်အားများ ပေးစွမ်းခဲ့ပြီ၊ နှုတ်ခမ်းသား တို့ဖျော့ကျနေတာတောင် မာနနှင့် တင်းခံနေဆဲ။

နှုတ်ခမ်းမှာလည်း ခပ်လွန့်လွန့်အပြုံးက ခိုတွဲနေသည်သာ။

" ကိုယ့်မှာ ရှုပ်သွပ်ဖို့တွေ အများကြီး ကျန်သေးတယ်၊ အထူး သဖြင့် မင်းနဲ့ ကိုယ်ပျော်ချင်တယ်။ မင်းနဲ့ကျမှ သာယာတတ်ခဲ့တဲ့ ကိုယ့်စိတ်ကူး မျှော်လင့်ချက်တွေကို ရှင်သန်ခွင့်မရသေးဘဲ သေဆုံးခွင့် မပေးနိုင်ဘူး "

" အဲဒါဘာဖြစ်လို့လဲ ရှင်ဆက်မပြောနိုင်ဘူးလား။ မပြောချင် လို့လား။ တကယ်မဟုတ်တာလား "

မျက်ဝန်းချင်းဆုံမိကြစဉ် သူမျက်ဝန်းတို့သည် အလွန်နူးညံ့ ရီဝေလျက် နှုတ်ခမ်းစေ့ရင်း အံကြိတ်လိုက်သည်။

" ကိုယ်မချစ်တတ်ချင်ဘူး . . . မင်းကို. . . "

" ဦးကတော့ ဝန်ခံပါတယ်။ အချစ်ကို ခေါင်းခါနေရင်းနဲ့ပဲ ဦးကျရှုံးခဲ့တာ။ ရှင်က အချစ်ခံရမှာကို မကြိုက်တဲ့သူ။ ချစ်တတ်တဲ့ မိန်းမကို အထင်မကြီးတဲ့ ယောကျ်ားကိုမှ ဦး တိမ်းညွှတ်မိခဲ့တာ။ မချစ် ချင်ဘူးဆိုတဲ့ ဆန္ဒဟာ ရှင်သတ်မှာစိုးလို့ ရှောင်ဖယ်ချင်တာမျိုး မဟုတ် ဘူး။ ရှင့်လိုပဲဦး. . . ဦး ဘယ်သူ့ကိုမှ မချစ်ချင်တာ။ မရှုံးချင်လို့ "



www.burmeseclassic.com

www.burmeseclassic.com



" မင်း မရှုံးပါဘူး "

" ဟင့်အင်း ရှင့်ရှေ့မှာ ဦး ဒူးထောက်ရတော့မှာ "

" ဒူးမထောက်ရဘူး။ မင်းကိုယ့်ရင်ခွင်ထဲမှာပဲ လှလှလေး လှဲနေခွင့်ရမှာပါ။ မင်းကို ကိုယ်ချစ်တယ် "

" ဟင် "

ဦးရင်ထဲမှာ ဖျတ်ခနဲလှုပ်ခါသွားလေသည်။

" မင်းနဲ့ကိုယ် အရှုံးနဲ့ အရှုံးမပေါ့၊ ဘယ်နှယ့်လဲ "

" ရင်ခွင် "

သူက မျက်ခုံးနှစ်ဖက်ပင့်၍ ထူးသလိုကြည့်၏။

" တကယ်လို့များ ခုနေ ရှင်နဲ့ ဦးနဲ့ ကွဲကွာသွားခဲ့ရင် "

အားမဖျားဖြူဆုတ်နေသည့် ပါးမို့နှစ်ဖက်မှာ ရိုပ်ခနဲနီမြန်းသွား၏။

" ကိုယ်အဖမ်းခံရမယ်လို့ မင်းပြောတာလား "

" မဖြစ်နိုင်ဘူးလို့လည်း မပြောနိုင်ဘူးလေ၊ ရှင့်ကို ဦးကဖြစ်စေချင်လွန်းလို့ ပြောနေတာမဟုတ်ဘူး။ အခု ရှင်နဲ့ဦး တစ်ယောက်နဲ့ တစ်ယောက် ဘဝကိုပေးဆပ်ပြီး ပေါင်းဖက်ခဲ့ကြပြီ။ မာနပြိုင်စကားနိုင် လုနေရမယ့်အချိန်မဟုတ်ဘူး။ ရင်ဆိုင်ကြပေါ့မယ်ဆို ဘယ်လိုလုပ်ကြမလဲ၊ ကံတရားကို ဘယ်သူမှ ဆုပ်ကိုင်ထားလို့မရဘူး။ အဲဒါ ရှင်သိရဲ့လား ဟင် "

ရင်ခွင့်မျက်နှာသည် နီရဲအေးစက်သွားပြီးမှ ခပ်ထေ့ထေ့ မဲ့ပြုံး





နှင့် ပြန်၍နူးညံ့သွား၏။

ထို့နောက် ဦးလက်ဖျားလေးကို ဆွဲနိမ့်လိုက်ရင်း ရင်ခွင်ထဲကို တိမ်းညွှတ်ပါလာသည့် ကိုယ်လုံးလေးကို ပွေ့ပိုက်ထားလိုက်၏။

" ကိုယ့်ကို ဘယ်သူမှ ဖမ်းလို့မရဘူး ပဝါ။ အဲဒါ မင်းသိလာမှာပါ။ မင်းလည်း အရှုံးမိန်းမပဲ ဆက်ဖြစ်နေရမှာ "

သူမရှုံးပါဘူး။

အရှုံးဆိုတာ ဦးယုံကြည်နေသည်။

ယုံလည်းပဲ ရှုံးပါစေတော့။

ဦး နှုတ်ခမ်းလေး ဖိကိုက်ထားရင်း သူ့ကို ပြန်ကြည့်သည်။ ရင်ခွင်က ပြုံး၍ ဦးတစ်ကိုယ်လုံးကို တင်းခနဲဖက်သည်။

" ရှင်ဘယ်လိုနေသေးလဲ ဟင် "

" မင်းကို ချစ်နေတယ် "

အနမ်းများလည်း မရှုံးပါ။

အချစ်များလည်း မရှုံးခဲ့ပါ။

ဦးသည် ရင်နှစ်လွှာမှာ ငြိမ်သက်နေမိရင်း အနာဂတ်ကို မျက်လွှာများ ပိတ်ချရင်း မေ့ထားလိုက်မိသည်။

ဦးဟာ အမြဲတမ်းပဲ အရှုံးမိန်းမဖြစ်နေပါရစေ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

" ကလေးပြောတာ ဟောဟိုရှေ့က ကျောက်တောင်ပဲဆရာ"

မျက်နှာရှေ့မှာ ကာကွယ်နေသည့် သစ်ကိုင်းတို့ပေါ်မှာ လူမြင်သာအောင် ကိုင်လာခဲ့သည့် အမဲပစ်သေနတ်ရှည်တင်၍ အနည်းငယ်ဖိချလိုက်လျှင် မြင်ကွင်း ထင်ရှားလာ၏။

အတန်ငယ် နိမ့်ဆင်းသွားသည့် လျှိုငယ်ထဲမှာ တဲအိမ်ကြီးတစ်လုံးရှိနေ၏။ တဲအိမ်ဆိုတာထက် ဖွံ့ဖြိုးသော ကျေးလက်ဒေသမျိုးမှာ မြင်ရတတ်သည့် မီးဖိုချောင်ကော ရှေ့စိုက်ခန်းပါ ပါသည့် သေသပ်နိုင်ခဲ့သော အိမ်မျိုးဖြစ်သည်။

ရှေ့မှာလည်း ရှင်းပြောင်နေသော မြေကွက်ငယ်တစ်ခုရှိနေသည်။

ကျောခံထားသည်က တောနှင့်တူသော ကျောက်တောင်ကမူကြီး တစ်ခုဖြစ်၏။

အောက်ခြေပတ်လည်မှာ စိမ်းညို့နေသည့်တော

ထိုထဲမှာမှ ကျောက်သားတစ်စွန်းတစ်စကို မြင်နေရပေမယ့်





သစ်ပင်တွေ၊ နွယ်တွေလွှမ်းခြုံနေသည့် ကျောက်တောင်ဖြစ်သည်။

" ဒီနားကို ကျွန်တော်ဖြတ်သွားဖူးတယ်။ ဒီတဲကြီးမှာ ကရင်ကြီးနှစ်ယောက်ပဲရှိတာ။ သူတို့က မုဆိုးတွေပဲ သဘောဖြူတယ် "

" မဟုတ်ဘူးဆရာ၊ ကျွန်တော် သေချာစုံစမ်းထားတာပါ။ အခု ဒီမှာသုံးယောက်နေကြတယ် "

ဦးမျိုးအောင်က ခေါင်းညိတ်၍ ဖိနှိပ်ထားသည့် သစ်ကိုင်းဖုတ်ကို ပို၍ နှိမ့်ချလိုက်၏။ မြင်ကွင်းကို အပေါ်စီးမှ သေချာကြည့်၏။

" ကျွန်တော် မြင်ဖူးခဲ့တာလည်း တဲအိမ်က ခပ်သေးသေးပဲ"

" ကလေးပြောတဲ့ ထိပ်ပြောင်နဲ့ လူကြီးဆိုတာလည်း ကရင်တွေမဟုတ်ဘူးဆရာ ပြီးတော့ လူသန်ကြီးတစ်ယောက်လို သန်မာတယ်။ သူ့အစ်ကိုကြီးကို တစ်ချက်တည်း လွဲရိုက်ပြီး ဆွဲချသွားတာ အရုပ်တစ်ရုပ်ကို 'မ'သွားသလိုပဲတဲ့ "

သုံးယောက်သား ခေါင်းချင်းဆိုင်၍ တိတ်ကျသွားကြသည်။

အချက်အလက်အထောက်အထားတွေအရ ဒီနားတစ်ဝိုက်မှာ ရင်ခွင်၏ ခြေရာကို တွေ့နေရပြီဖြစ်၏။

သို့သော် ဘယ်လိုမှ စောင့်ကြည့်ရှာဖွေလို့ အနားကပ်မိကာမှ ခြေရာပျောက်နေပြန်သည်။

" ဒါဆို ကျုပ်တို့သုံးသပ်ထားသလို ရင်ခွင်ရဲ့လှုပ်ရှားမှုတွေကို အကာအကွယ်ပေးပြီး ဖိအားပေးနေတဲ့သူ တစ်ယောက်ရှိနေတာ သေချာပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် ဦးဇော်၊ ဒီလောကထဲ ပိပိရိရိ လူသတ်မှုတွေ ကျူးကျော်နေတာ သုံးစွဲစရာငွေရယ်၊ ပုံပိုးကူညီတဲ့ အင်အားတစ်ခုခုရယ် လိုတယ်။ ဒါတွေရှိလို့သာ ခုလောက်လုံ့ခြုံနေခဲ့တာ။ ဘာပဲဖြစ်ဖြစ် အလင်းရောင်ဟာ အမှောင်ကို မခွင်းနိုင်တာ မရှိပါဘူး။ ဒီစစ်ဆင်ရေးမှာ ရင်ခွင်ကို ကျွန်တော်တို့ သေချာ ဖမ်းမိမှာသေချာတယ် ”

“ မေရှားရဲ့ အလောင်းမျောလာတာရယ်၊ စောသာကို ရိုက်သတ်သွားတာရယ် ”

“ မဟုတ်ဘူးလေ ဦးဇော်၊ စောသာကို အလောင်းတွေ့ရသေးတာမှ မဟုတ်တာ ”

“ ပြန်ပေးဆွဲသွားတာကော ဖြစ်ဖို့ရှိလား သွေးနီ ”

“ ကလေးက ပြောတော့ ဆွဲခေါ်သွားတယ်လို့ ပြောတာပဲ ”

ထောက်လှမ်းရေးအရာရှိ ဦးနေဇော်နှင့် ခုရဲအုပ်သွေးနီတို့ စည်းဝါးမပိုင်ဘဲဖြစ်တော့ စကားတွေ တုံ့ဆိုင်း ကုန်ကြ၏။

“ ဒါက ဒီလိုရှိတယ် ”

အမှုစစ်အရာရှိ ဦးကျော်တိုးက ချောင်းတစ်ချက်ဟန့်၍

“ အားလုံးက ဒီနားမှာပဲ ခြေရာပျောက်ကုန်တာ မြစ်ဖျားခံတာ ဒီနေရာမှာပဲဆိုတာ သိနေရပြီးမှ ဘာလိုသေးလို့လဲ၊ ကျွန်တော်တို့ စောင့်ကြည့်ကြရုံပဲ။ ဒီည အင်အားထပ်ဖြည့်မယ်။ အဆင်ပြေသလို လှုပ်ရှားပြီး ဒီပတ်ဝန်းကျင်ကို မပြတ်ကြည့်ကြမယ်၊ ဘာဖြစ်ဖြစ် ဒီနေရာမှာ ရင်ခွင်ရှိကို ရှိတယ် ”





“ ဟော ”

စကားဆုံးသည်နှင့် သွေးနီ၏ ခပ်အုပ်အုပ်လှုံ့ဆော်သံ ထွက်လာသည်။ အားလုံး၏ အကြည့်တွေ့ဗီ တဲအိမ်ရှိရာသို့ စုပြုံကျရောက်သွားကြ၏။

မှောင်ရိပ်ကျနေပြီဖြစ်သည့် တောအရိပ်နှင့် ညနေခင်းက အတော့်ကိုပင် လင်းအားနည်းနေပြီဖြစ်သည်။

တဲအိမ်ကြီး ရှေ့ကွက်လပ်ပေါ်သို့ စွန်းထင်ကျရောက်လာသော မြင့်မားကျစ်လျစ်သည့် အရိပ်ကြီး တစ်ခုသည်

]} ၎ &m . . ဆရာသိတဲ့ ကရင်ကြီးနှစ်ယောက်ထဲကလား ”

ဦးမျိုးသော်သည် မျက်ခုံးနှစ်ဖက် ထိဆက်လုလုထိ မျက်မှောင်ကုတ်လျက် စူးစိုက်ကြည့်နေခဲ့ပြီး

“ မဟုတ်ဘူး ”

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အိပ်မောကျနေသည့် ဦးမျက်နှာလေးကို အကြာကြီး ငုံ့မိုး စိုက်ကြည့်နေရာမှ နံဘေးမှာ ဖြည်းဖြည်းလေးထိုင်သည်။

နဖူးပေါ်မှာ ဝဲကျနေသည့် ဆံစလေးတွေကို ဖယ်ရှားပစ်ဖို့ လက်တင်လိုက်ပြီးမှ ပြန်ရုတ်မိသည်။

ပြီးတော့ နှုတ်ခမ်းသားလေးတွေကို စိုက်ကြည့်၍ သူမျက်နှာ တဖြည်းဖြည်း ငုံ့ကျသွားခဲ့၏။ သို့သော် မျက်နှာနှစ်ခု၏ ထွက်သက်နွေးနွေး တို့ ထိခတ်မိကြသည့် အကွာအဝေးလေးမှာ သူမျက်နှာရပ်တန့်သွားသည်။

ဦး၊ နိုးသွားမှာစိုး၍

မီးရောင်အောက်မှာ ပက်လက်နွဲ့နွဲ့လေးအိပ်ပျော်နေသည့် ဦးလက်ကလေးတစ်ဖက်ပေါ်မှာပဲ သူ့လက်ဖဝါးလေးတင်လိုက်၏။

ထို့နောက် ဖြည်းလေးသော ဖွေးစုပ်ခြင်းဖြင့် သူ ထိုလက်ဖဝါး လေးကို မြတ်မြတ်နိုးနိုး ယုယုယယ. . .

ဘယ်တုန်း ဘယ်အချိန်မှာ သူမအပေါ် ဤမျှထိ ချစ်မိခဲ့မှန်း မသိ။





ဖိုးဖိုးဆတ်ဆတ်နှင့် ဒေါသထွက်တိုင်း ရန်စရဲတတ်သော မိန်းမငယ်လေးကို သူစွဲစွဲလမ်းလမ်း ချစ်သွားခဲ့မိသည်။

သူ့နှလုံးသားဟာ အချစ်ကို နူးညံ့စွာ လက်ခံတတ်ခဲ့လိမ့်မည် ဟု ဘယ်တုန်းကမှ မထင်မှတ်၊ မတွေးမိခဲ့။

ဒါပေမဲ့ သူကျေနပ်ခဲ့သည်။

သက်တမ်းတစ်လျှောက်မှာ အချစ်ကို ဖြည့်တင်းမိခဲ့သည့် ကိုယ့် အပြစ်အတွက် ကျေနပ်သည်။ ချစ်တတ်နေလျှက်နှင့် လူသတ်နိုင်ရမည်။

မိန်းမချင်းတော့သော်လည်း မတူခဲ့သည့် သူအမုန်းများနှင့် သတ်သင့်သည့်မျိုးစေ့တွေကို သတ်ပစ်ရမည်။

သူနှုတ်ခမ်းမှာ မှဲ့ပြုံးတစ်ချပ် စွန်းထင်ခဲ့စဉ် မျက်ဝန်းထောင့်မှာ အရိပ်တစ်ခု ထင်လာသည်။

လှည့်မကြည့်ဘဲ ဦးလက်ဖဝါးလေးကို သူလွှတ်လိုက်သည်။ ပြီးမှ နေရာမှထ၏။

တံခါးဆီလှည့်လိုက်တော့ တစ်ဝက်ဟနေသည့် တံခါးကြားမှာ လှိုင်ကြီးရပ်နေသော ကိုယ်တစ်ခြမ်းကို မြင်ရသည်။

ရင်ခွင် တံခါးကို မဖွင့်ဘဲ ဒီဘက်မှာ ရပ်လိုက်ပြီး

" အဆင်သင့် ဖြစ်ပြီလား "

" မဖြစ်ဘူး သခင်လေး၊ အပြင်မှာ ရဲတွေ အင်အား မနည်းဘူး။ သခင်လေး အောင်မြင်ပြီးပြီပဲ။ အလောင်းကို ကျုပ်ဖျောက် ဖျက်ပစ်ပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



" မဖျောက်ရဘူး "

သူခြေလှမ်းကျဲများနှင့် လျှောက်ထွက်သွားသည်။

ဦးခမ်းလှိုင်က နောက်ကနေ မီအောင်လိုက်လာ၏။

ဦး မီးရှို့ခဲ့သော ခေါင်းပြတ်မရှိတော့သည့် အခန်းထဲကို ရင်ခွင် တောက်လျှောက် ဝင်သွားခဲ့ပြီး နံရံထဲမှာ မြှုပ်ထားသည့် ဗီရိုတံခါးကို ဖွင့်၏။

တံခါးပြန်ပိတ်လိုက်ပြီး လှည့်လိုက်တော့ သူ့လက်ထဲမှာ မိတ်ကပ်ဘောက်လို့ သေတ္တာမြင့်လေး တစ်လုံးပါလာ၏။

သူလှူသတ်မည်။

သတ်နိုင်တာဟာ အရသာမဟုတ်။

သူတကယ်လိုချင်သည့်အရသာသည် လရောင်မှုန်ပျပျ။ သို့မဟုတ် လရိပ်သင်းသော ညည့်ထက်ယံမှာ ထိုတစ်ယောက်၏ မျက်နှာကို ကျကျနန ဆွဲခြစ်ဖျက်ဆီးရင်း ခံစားချက်တွေကို ပြောမည်။

အလှအပကို ရှုသွင်မက်မောစွာ ပြေးဝင်လာခဲ့ကြသူတွေ ရုပ်ဆိုး အကျည်းတန်သွားတာကို တစ်ညလုံး ထိုင်ကြည့်၍ ရယ်မောချင်၏။

ဒီခံစားမှု၊ ဒီလိုလုပ်ပိုင်ခွင့်ကို သူ့တစ်ဘဝလုံးနှင့် လဲယူခဲ့ခြင်း ကြောင့် ဒါကို ဘယ်နည်းနဲ့မှ သူဆုံးရှုံးမခံနိုင်။

" သခင်လေး။ မေဒီယာကို ထပ်သတ်လိုက်တာကိုက ဒီနားမှာ ခြေရာပျောက်လို့ ရှေ့မတိုးနိုင်တဲ့ ရဲတွေကို အသံပေးသလို ဖြစ်သွားခဲ့ တာ။ ဒီကိစ္စကို ဒီလောက်နဲ့ပဲ ရပ်ထားလိုက်ပါ။ အခြေအနေ အချိန်အခါ





ဆိုတာ ထည့်တွက်လို့မရဘူး။ လွတ်ကင်းတဲ့အခါ သခင်လေး ဘာလုပ်လုပ် ဘာမှ မဖြစ်တော့ဘူး။

" ကျွန်တော့် သက်တမ်းမှာ ကြောက်ရွံ့ရှောင်ပုန်းတယ်ဆိုတာ မဖြစ်စေရဘူး။ ပြေးတမ်းလိုက်တမ်းကစားတယ်ဆိုတာလည်း ဘဂ်ညီမှ ပျော်စရာကောင်းတာ။ မီချင်ရင် သူမီအောင်လိုက်၊ အမိမခံချင်ရင် ကိုယ်လည်း လွတ်အောင်ပြေး။ ဒါပဲပေါ့ "

" သခင်လေး "

ဦးခမ်းလှိုင်ဘယ်လိုမှ ဆွဲလွဲချုပ်ထိန်းလို့မရ။

ရင်ခွင်သည် ကျောက်ဂူ၏ တစ်နေရာဆီသို့ တည့်တည့် လျှောက်သွားပြီး မှောင်ရိပ်ကွယ်တစ်ခုထဲသို့ ငုံ၍ ကိုယ်ကိုပြန်မတ် လိုက်သည်။

သူ့လက်ထဲမှာ အရုပ်ကြိုးပြတ်သလို ခွေခေါက်ပါလာသော မိန်းကလေးတစ်ယောက်၏ အလောင်းတစ်လောင်း။

တင်ပါးထိရှည်သော ဆံပင်မည်းတို့က မျက်နှာပေါ်မှာ အုပ်ဖြာ ကျလျက် ပျော့ပျော့ခွေခွေလေးပဲ ရှိသေးသည်။

ရင်ခွင်သည် အလောင်း၏လက်မောင်းတစ်ဖက်ကို မြဲမြံစွာ ဆုပ်ကိုင်လျက် ဒရွတ်တိုက်ဆွဲသွားရင်း

" သူတို့က ရောက်လာပြီးအသေခံတာ ကျွန်တော် အပြစ် လုပ်တာမှ မဟုတ်ဘဲ လှိုင်ကြီး ပြေးဖို့မလိုပါဘူး ပြီးတော့ ကျွန်တော် စတူဒီယိုဘူမိနက်သန်လေးကို ဘယ်သူသိမှာလဲ ဒီလိုညမျိုးမှာ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ မနေရရင် လှိုင်ကြီးကိုပါ ထပ်သတ်မိလိမ့်မယ် ''

ဦးခမ်းလှိုင်က ကျောက်တောင်၏ အပြင်ရောက်သွားပြီဖြစ်သည့် ရင်ခွင့်ရှေ့ကနေ ပိတ်ရပ်လိုက်ပြီး

'' ကျုပ်ကို သတ်မှကျေနပ်မယ်ဆိုသတ်လို့ရပါတယ်။ ဒီညတော့ အထဲကိုပြန်ဝင်ဖို့ ကျုပ်အနူးအညွတ်တောင်းပန်ပါရစေ၊ ကျုပ်ကိုလည်း သတ်မယ်ဆိုရင် နောက်တစ်နေ့ကျမှ သတ်ပါ။ ဒီညသူတို့ ရောက်လာကြလိမ့်မယ်။ ရောက်ကိုရောက်လာမှာ သခင်လေး မှာ အဆိပ်သင့်တဲ့ ဒဏ်တွေရှိနေသေးတယ်။

'' ဖယ်ပေးပါ ''

ပြော၍ ရင်ခွင်က ဦးခမ်းလှိုင်ကို လက်တစ်ဖက်နှင့် ဆောင့်တွန်းပစ်လိုက်၏။

'' သခင်လေး ''

'' ရင်ခွင် ''

ဦးခမ်းလှိုင် ခေါ်သံကြောင့်မဟုတ်ဘဲ ဦးအသံလေးကြားမှ ရင်ခွင် တုံ့ခနဲ ရပ်သွား၏။

သူသည် အလောင်းကို ဆွဲလျက်နှင့် ကျောက်ဆောင်၏ တစ်ဖက်သို့ ထွက်သွားနေပြီဖြစ်ကာ

'' လှိုင်ကြီး ပဝါကိုပြန်ခေါ်သွားပါ ''

ခပ်ပြတ်ပြတ်ပြောပြီး သူဆက်လျှောက်၏။

'' မသွားနဲ့ ရင်ခွင် ရှင်မသွားနဲ့နော် ''





ဦးအသံလေးသည် ညည်းငယ်မှာ မကျယ်သော်လည်း တစ်လုံးခြင်း ပီသကြည်လင်နေသည်။

'' ပဝါ . . . မင်း . . . မသွားနဲ့ ပါးစပ်ကိုပိတ်ထား ''

ဦးခမ်းလှိုင်၏အံကြိတ်သံက ပျာယာခတ်သလိုဖြစ်နေ၏။

ဦးလက်ကလေးကို လှမ်းဆွဲလိုက်ပြီး ကျောက်ဂူထဲသို ပြန်လှည့်ပို့၏။

ဦးက ဖွတ်

ယိုင်နဲ့လဲတော့မလို ဖြစ်သွားပြီး ဆက်ပြေးသွား၏။ ထို့နောက် ရင်ခွင်၏ ခြေလှမ်းရှေ့မှာ ပိတ်ရပ်လိုက်ကာ လူသေအလောင်းကို အထိတ်တလန့်ငုံ့ကြည့်သည်။

ကိုင်ထားသည့်သေတ္တာနှင့် ရင်ခွင့်မျက်နှာကိုကြည့်ရင်း ရှေ့ကိုဆက်တိုး၍

'' ရှင် လူသတ်လိုက်ပြန်ပြီ . . . ဦးကို ရှင်ချစ်တယ်ဆိုပြီး။ ဒါတွေကိုဆက်လုပ်နေတာ မရူးဘဲ တမင်ရူးအောင်လုပ်နေတာလား။ ရင်ခွင် ရှင်မရူးဘူး အဲဒါ ဦးသိတယ် လူသတ်ချင်နေတာ တစ်ခုပဲ ရှင်ရူးနေတာ မသတ်ပါနဲ့ မရူးပါနဲ့၊ ရှင်ထပ်ရူးချင်သေးရင် ဦးကို သတ်လိုက်ပါ။ ဦးဟာ ယောကျ်ားတစ်ယောက်ဘေးမှာ ဘာမှ အရေးမပါ အရာမရောက်တဲ့ ပျော်တော်ဆက်တစ်ဦးဖြစ်မျိုးနဲ့ ပျော်မွေ့နေမယ့်သူ မဟုတ်ဘူးရှင့် ''

'' မင်း သွားစမ်း ''



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်က ဦးပခုံးလေးကို လက်ပြန်တွန်းပစ်လိုက်၏။ ယိုင်သွားသည့် ဦးကို ဦးခမ်းလှိုင်က ဆွဲကိုင်လိုက်ပြီး။

" မင်း အထဲဝင်ပါ။ ဒီနားမှာ ရဲတွေရှိတယ်။ မင်း စကားသိပ်ပြောနေလို့မရဘူး"

ဦးက ဦးခမ်းလှိုင်လက်ကို ပုတ်ထုတ်ဖယ်ချလိုက်၏။

" မဝင်နိုင်ဘူး ဦးက သူမိန်းမ သူမကောင်းတာ လုပ်နေရင် တားခွင့်ရှိတယ်။ ဘဘလည်း ဒါကို မနှစ်မြို့ဘူးမို့လား တားလေ. . . ဘာဖြစ်လို့ သူ့စကားနားထောင်နေတာလဲ "

ပြောနေရင်း ဦးက ရင်ခွင်ဆီ ပြေးသွားပြန်သည်။

" ရင်ခွင် ရှင်သတ်ပြီးတာကို ထားလိုက်ပါတော့ ဓါးကြီးနဲ့ စိတ္တဇုညတွေ မဖန်တီးပါနဲ့ ပတ်ဝန်းကျင်မှာ အန္တရာယ်တွေလည်း ဝိုင်းနေတာသိရက်နဲ့ မသွားပါနဲ့ရှင် "

ထိုစဉ်. . .

" သခင်လေး "

ဦးခမ်းလှိုင်၏ လှိုက်လှဲတုန်ခါသော ဝမ်းခေါင်းသံနှင့်ခေါ်သံကြီး။ ရင်ခွင် အလောင်းကို လွှတ်ချကာ ဦးကို ဆွဲဖက်၍ လိမ့်ချလိုက်၏။

" သူ့ကို လွှတ်လိုက် သခင်လေး "

ကျည်ဆံတစ်တောင့် ကပ်ကျော်ပျံသန်းသွား၏။ ရင်ခွင်၏ မာနက သေးသေးမဟုတ်။

ကျောက်နှစ်ချပ်ကြားကို လိမ့်ဝင်လိုက်ရင်း ကိုင်ထားသည့်





သေတ္တာကို ဆောင့်ဖွင့်ပစ်လိုက်သည်။

ပြီးတော့ အထဲကခါးပါးလေးနှစ်ချောင်းနှင့် ကက်ကျေး အသေးစားလေးတွေ လက်တစ်ဖက်နှင့် ဖျတ်ခနဲ ကောက်ဆုပ်ကာ မှောင်ရိပ်ထဲသို့ ရိပ်ခနဲ လွှဲပစ်လိုက်၏။

" အား "

အော်သံတစ်ချက်

ဦး ကုန်းရုန်းထကာ မှောင်နှဲ့မည်းမည်း ပတ်ဝန်းကျင်ကို လိုက်ကြည့်မိသည်။ ဦးခမ်းလှိုင်နဲ့ ရင်ခွင်တို့ မြင်နေသမျှ ဦးမျက်လုံးထဲမှာ ဘာမှမမြင် ဆန်းစလ၏ ဓွေစောင်းစောင်းလရိပ်ပျပျမှာ အရွက်ဖျားကလေးတွေသာ ဖြူဖျော့ဖျော့အလင်းရောင်တို့ ထိုးဟပ်နေခဲ့သောတောနှင့်ညာ။

သူမတို့ သုံးဦးမှလွဲ၍ တစိမ်းတစ်ရုံဆံဟာ စောစောက ပြေးဝင်လာသည့် ကျည်ဆံတစ်တောင့်သာ

" ပါ "

" ရင်ခွင် "

ရင်ခွင် သူမဆီ ပြန်လှည့်လာ၏။

ဦး သူ့ဆီသာပြေးမိသည်။

ဒါဖပမဲ့ နွေးအိသော ကိုယ်လုံးကြီးတစ်ခုနှင့် ခြေထောက်က တိုးတိုက်ကာ ဟပ်ထိုးလဲ၏။

" အား "



www.burmeseclassic.com

www.burmeseclassic.com

လဲသည့်အရှိန်နှင့် အလောင်းကြီးပေါ် ပုံကျသွားတော့ ဦး လန့်အော်လေသည်။

" ပဝါ "

ရင်ခွင် ခေါ်သံက ပိုကျယ်လာ၏။

" သခင်လေး "

ဦးခမ်းလှိုင် အသံကြီးနောက်မှာ နောက်ထပ်ကျည်တစ်တောင့်

" အင့် "

" ရင်ခွင် "

ယိုင်ထွက်သွားသည့် သူ့ပုံရိပ်ကို ဦးလှမ်းမြင်လိုက်သည်။

" ဟော့. . . အားလုံးရပ်နေကြ။ မလှုပ်နဲ့နော်။ မင်းတို့ကို ဝိုင်းထားပြီးပြီ "

ဟင် ဖေဖေ။

ဒါဖေဖေ့အသံ။

ဦးတစ်ကိုယ်လုံး တောင့်တင်းသွား၏။

" ပဝါ၊ ဒီကိုလာခဲ့။ မင်းကို ပြန်ခေါ်လိမ့်မယ် "

" ရင်ခွင် "

" သခင်လေး မသွားနဲ့ "

အားလုံး ရှုပ်ယှက်ခတ်သွား၏။

သေနတ်သံနှစ်ချက်က ဆက်တိုက်။

ရင်ခွင်၏ လဲပြိုသွားသော ပုံရိပ်နှင့် ညည်းသံသဲ့သဲ့။



" ဟင့်အင်း ဖေဖေ၊ မပစ်ပါနဲ့၊ ဖေဖေ. . . မပစ်ပါနဲ့ ဖေဖေရယ် "

ဦး လဲကျနေရာမှ ပြန်ကျုံးထသည်။

သို့သော် ခြေတစ်ဖက်သည် ပဲ့ထွက်သွားသော မြေစိုင်ခဲများကြောင့်

" အား "

" ပဝါ "

ဦး တအားအော်လိုက်သံနောက်မှာ ရင်ခွင်၏ ခေါ်သံသဲ့သဲ့ကို ကြားလိုက်၏။

သို့သော်. . .

✿ ✿ ✿ ✿ ✿

ဈေးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

## မေ့

" သားလေး အိပ်နေပြီလား မကျော် "

" အိပ်နေပြီ ဦး. . . ဦး မအေးဘူးလားဟင်၊ မကျော် အနွေးထည်ပါးလေးတစ်ထည် ယူလာပေးမယ် "

" ဟင့်အင်း "

ဦးခေါင်းခါပြီး မကျော်လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

" ဒီမှာ ခဏနေပါဦး မကျော်၊ ဦးစကားပြောချင်လို့ "

စကားပြောချင်လို့ဟု ဆိုလိုက်သည်နှင့် မကျော်မျက်နှာ ကွက်ခနဲပျက်၏။

ဦးဆုပ်ကိုင်ထားသည့်လက်ကို ရုန်းထွက်တော့မလိုလုပ်ပြီးမှ အရှိန်ပြန်သတ်သည်။

နှစ်ထပ်တိုက်ပြားလေး၏ အပေါ်ထပ်ဝရန်တာမှ ကလောမြို့၏ အလှအပရှုခင်းများကို ဒီတိုင်းမြင်နေရသည်။





ကုန်းမြင့်လေးပေါ်မှ ဘာကိုကြည့်ကြည့် ရှုလေစရိုင်း မှိုင်းနေသည့် မြင်ကွင်းတို့က ပန်းချီကားတစ်ချပ်ထက်ပို၍ ဆေးချယ်ညီ၏။

ဒါပေမဲ့ ဘာကိုမှလည်း ကြည့်ချင်စိတ်မရှိပါ။

အထူးသဖြင့် ဦးဘေးနားမှာ မကျော်ရပ်၍ ရှုခင်းအလှအပတွေကို မျှော်ငေးမနေရဲ။

ဦးသည် ဟိုဒီငေးမောနေတတ်သော်လည်း စကားစလာပြီဆိုအကြောင်းရာက တစ်ခုတည်းပဲဖြစ်၏။

" မကျော် "

" ဟင် "

မကျော်မျက်နှာက မသိမသာ ရှုံ့မဲ့နေတာ မဟုတ်ဘဲ ဦးကိုတောင်းပန်သလို မော့ကြည့်ကာ နှာခေါင်းလေး ရှုံ့တွနေတာဖြစ်၏။

ဦးနဲ့ မကျော်က အသက်ချင်း မတိမ်းမယိမ်းပါပဲ။

ဒါပေမဲ့ မကျော်က အနည်းငယ် ရင့်လျော်ကာ ရုပ်မလှသူမို့ လူကြီးနေရာ ရောက်သွားခြင်းဖြစ်သည်။

မကျော်ကိုကြည့်၍ ဦးကလည်း အားနာဟန်နှင့် ပြုံးသည်။

" ဦး ဒါကိုပဲ မေးနေလို့ မကျော်လည်း စိတ်ညစ်မှာပဲနော် "

" မေးလို့ မဟုတ်ပါဘူး ဦးရယ်။ ဦးမေးတာကို မဖြေနိုင်လို့ မကျော်စိတ်ညစ်တာ။ ဦးကို စောင့်ရှောက်ဖို့ဆိုပြီး အနားမှာ နေခွင့်ရတော့ ဦးက နေ့စေ့လစေ့နဲ့ ဖြစ်နေပြီ။ ဦးဘယ်သူ့ကိုမှ စကားမပြောဘူး။ အခုနေတာထက်ပိုပြီး ငိုင်တယ်။ ထမင်းလည်း စားချင်မှစားတယ်။ အိပ်ပါဦး့



www.burmeseclassic.com

www.burmeseclassic.com



ပြောတိုင်း မအိပ်ဘူး။ တစ်ခါတလေ ဦးကို ခြံထဲမှာ လိုက်ရှာရသေးတာ။ အိပ်ရာပေါ်မှာ မအိပ်ဘဲ ခုံတန်းတွေ ကျောက်ခုံတွေပေါ်မှာ လိုက်အိပ်လို့လေ ''

'' အဲဒီအကြောင်းတွေကို ဦးဘာလို့ မသိတာလဲ၊ မကျော့်ပြောနေတဲ့ တစ်ယောက်ဟာ ဦးပါလို့ ဘယ်လိုမှ တွေးကြည့်တာမပေါ်ဘူး။ ဦးသိတာက သားလေး ဆေးရုံတင်ထားရတော့ ဦးက အိပ်ရာပေါ်မှာ''

ဦးသည် စိတ်ပျက်သော မျက်နှာလေးနှင့် အဝေးကို ငေးနေရာကနေ မကျော့်ဘက်ကိုလှည့်၍ ဝရန်တာကို ကျောလေးကပ်မှီ၏။

ခါးစပ်ထိ ဝဲဖျာနေသော ဆံစများထဲမှ တချို့က ပါးပြင်လေးထက်ကို လက်တံမမီတမီနှင့် တို့ထိ ကျီစယ်နေကြသည်။

ဦးက ပါးပြင်လေးကို လက်ဖဝါးလေးနှင့် ပွတ်ချလိုက်ရင်း လေကွယ်လောက်သည့် ထောင့်နေရာထိ လျှောက်သွားပြီးမှ

'' သားကို ဦးမသိဘူး။ အဒီအချိန်မှာ သမီးရဲ့သားလေး ဘာမှ မဖြစ်ဘူးလို့ ဖေဖေပြောလိုက်တော့ ဦးနားမလည်ဘူး။ သားရှိရအောင် ဦးမှာ. . . ''

'' ဪ. . . ဦးရယ်။ ဦးရဲ့ ယောကျ်ားက မင်္ဂလာဆောင်တဲ့ညမှာပဲ ဆုံးသွားတယ်လေ လူတိုင်းသိကြတာပဲဟာ ''

ဦးခေါင်းခါပြန်သည်။

'' လက်ထပ်ခဲ့တာ ဦးမသိဘူး ''

'' သတင်းစာထဲမှာ မင်္ဂလာနေ့ရက် အတိအကျပါနေတာပဲ





ဦးရယ် ''

ဦးက မကျော့်ကို လှည့်ကြည့်ပြီး မျက်ခုံးလေးတွေတွန့်၍ စဉ်းစားနေသည်။

'' ကိုသူရနေ. . . သူရနေဆိုတာ ဦးမသိဘူး ''

မကျော့်က ဦးပြောသမျှကို မျက်လုံးအပြူးသားနှင့် နားထောင်နေပြီး ခေါင်းကုတ်၏။

'' ဦးလက်ထပ်ခဲ့တဲ့သူကို ဦးနဲ့ပတ်သက်ခဲ့မှုတဲ့ ပုံရိပ်တစ်ခုခုတောင်မှ ခေါင်းထဲမှာ မရှိခဲ့တာ ဘာဖြစ်လို့လဲ ''

ဦးတစ်ယောက်တည်း ပြောနေသည်။

နေပါဦးဆိုလို့ နေနေရသည့် မကျော့်ကလည်း ဘာမှဝင်မပြောနိုင်သည့် ကိစ္စတွေမို့ စိတ်ပျက်နေရှာသည်။

'' ဆရာပြောခဲ့တာပဲ ဦးရယ်။ ဦးရဲ့ခေါင်းမှာ ဒဏ်ရာဖြစ်ခဲ့မှုလို့ မှတ်ဉာဏ်တွေ မကောင်းတော့တဲ့ ''

လှကော မျက်နှာကော ဦးဖျော့်စနဲ့ လှည့်လာသည်။

ထိုအခါ ခါးစပ်ဆီမှ ဆံစလေးများက လှုးလွန့်ဝဲခါသွား၏။

ဦးဟာ ကလေးအမေပြောလို့ ယုံနိုင်မှယ်ပင် မရှိပါ။

တင်းပြည့်သော ကိုယ်ဟန်နှင့် မြင့်သောအရပ်က ခါးထိရှည်သည့် ဆံနွယ်များနှင့် ကြည့်ကောင်းလှသည်။

တန်းစင်းသော နှာတံနှင့် ပါးလျသည့် နှုတ်ခမ်းသားလေးတွေက ဝင်းစက်စက်မျက်နှာထက်မှာ နုငယ်နေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘယ်ကိုကြည့်ကြည့် ဘယ်သူ့ကိုမြင်မြင် မသိသလို၊ မဆိုင်သလို ခပ်စိမ်းစိမ်းကြည့်တတ်သော မျက်ဝန်းလေးတွေက အထက်စီးဆန်ကာ သိက္ခာကြောင့် အရောင်လက်နေခဲ့သည်။

သူမကိုယ် သူမ စိတ်တိုင်းမကျလေ ပတ်ဝန်းကျင်ကို ရှောင်နေလေ။

ဦးတိုက်နံ့ရဲ့ကို မှီကာ ဟိုးအဝေးကို ငေးနေပြန်သည်။

လူတွေကို မြင်နေ ငေးနေရတာထက် စိမ့်ညို့သော တောတန်းတောင်ယာတို့ကို ငေးနေရတာ ဦးပိုနှစ်သက်၏။

ဘာကိုပဲကြည့်ကြည့် မျက်နှာတစ်ခုကိုပဲ မြင်နေခဲ့သည်။

ထိုသူကိုပဲ တမ်းတနေမိသည်။

ထိုယောက်ျား၏ ရင်ခွင်ကိုပဲ တသိမ့်သိမ့်ရှင်ခုန်မိသည်။

သူဟာ ရင်ခွင်ပဲ ဖြစ်လေသည်။

“ သမီးကို အီးလေးအီ ရွာစပ်မှာ ဒဏ်ရာနဲ့တွေ့တာ ဖေဖေကတော့ သမီးဒဏ်ရာကြောင့် ချက်ချင်းလှည့်ပြန်လာခဲ့တာ ရင်ခွင်ကို ဖမ်းကြဲတော့ ဒက်ဒီမပါခဲ့ဘူး ” တဲ့။

ခေါင်းမှာ ဒဏ်ရာနဲ့ သူမကို ဖေဖေက ပြန်ခေါ်လာသည်ဆိုတာ ရင်ထဲမှာ လက်မခံချင်ခဲ့ပါ။

တာဝန်ကို မိမိခန္ဓာကိုယ်ထက်ပို၍ အလေးထားတတ်သော ဝန်ထမ်းကောင်းတစ်ယောက်ဟာ သမီးခေါင်းမှာ ဒဏ်ရာရလို့ စစ်ဆင်ရေး တစ်ခုကနေ ဖဲ့ထွက်ကျန်နေခဲ့တယ်ဆိုတာ





“ ဒါ ဘာကယ်ပဲသမီးရဲ့။ ဖေဖေတောင်မှ သမီးဖေဖေ့နောက် လိုက်ခဲ့တာလားလို့ သံသယဝင်မိသေးတယ်။

ဖေဖေကတော့ မထူးခြားသော မျက်နှာနှင့် ရှင်းပြခဲ့တာ ဖြစ်၏။ ဒါပေမဲ့ ဦးမယုံကြည်မိ။

သူမ၏ မျက်စိတစ်မှိတ်ခဏလေးမှာ ဦးဟာ ရင်ခွင့်ဆီကို မရောက်ခဲ့ဘဲ အိမ်ထောင်ကျခဲ့သည်။ သားလေး ရခဲ့သည်။

ဒါတွေကို ဘယ်လို လက်ခံလိုက်ရမလဲ။

“ သားကို ကောင်းကင်သစ် လို့နာမည်ပေးမယ် ”

“ ဘယ်သူ့ကိုမှ စကားမပြောဘဲနေလိုက်တာ သားမွေးပြီးပြီးချင်း နာမည်ကောက်ပေးလိုက်တာကျတော့ ချောလို့ ”

ခပ်တည်တည်ပြောနေသည့်ကြားထဲ ဖေဖေက အပြုံးတစ်စနှင့် နောက်နေသေးသည်။

ဦး မပြုံးနိုင်ပါ။ “ ကောင်းကင်သစ် ” “ ရင်ခွင် ”

နာမည်နှစ်ခုကို နှိုင်းယှဉ်ရေရွတ်ရင်း နှစ်မျိုးလုံးကို နှစ်သက်၏။ ဤသည်တို့ဟာ ရင်ထဲမှာဖြစ်တည်ခဲ့သော သင်္ကေတများဆိုတာကို လက်ခံခဲ့သည်။

ဒါပေမဲ့ ရင်ခွင့်ကိုသာ သိ၍ သားကို ဦးမသိခဲ့ပါ။

သူမသိသည်က ရင်ခွင်ဆိုသော ယောက်ျားဆီ သူမရောက်သွားခဲ့သည်။ နှစ်သက်မြတ်နိုးစွာ ပေါင်းဖက်ခဲ့ကြသည်။

ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



“ အဲ့ဒီ သမီးရဲ့ ကယောင်ချောက်ချား အိပ်မက်တွေပဲ ဖြစ်မှာ ပေါ့။ ရင်ခွင်ဆိုတဲ့ လူဆိုးရှိတဲ့နေရာကို ဒီလိုသာ ချောချောမောမော ရောက်သွားနိုင်ရင် စစ်ဆင်ရေးတစ်ခုအနေနဲ့ လမ်းကြောင်းသပ်သပ် ဖြစ်လာဖို့တောင် မရှိဘူး။ သမီးက ဖေဖေ့ကိုညာပြီး သူ့ကိုရှာခဲ့တာမဟုတ် လား။ သမီးကို တွေ့လိုက်ရတော့ ဖေဖေသံသယဖြစ်လိုက်သေးတယ်။ ဒါပေမဲ့ အဲဒီအချိန်ထိပဲ မဖြစ်နိုင်ဘူးလို့ တွေးမိတုန်း ဘာဖြစ်လို့လဲ ဆိုတော့ ဖေဖေ ဒီလောက်ပြောပြသားရက်နဲ့ သမီးအသေခံမိုက်မှာ မဟုတ်ဘူးလို့ ထင်ထားတာ ”

အဖြစ်အပျက်တို့ကို ပြောပြနေစဉ်မှာလဲ ဖေဖေ့မျက်နှာ ဘာမှ ထူးခြားပြောင်းလဲမှု မရှိခဲ့ပါ။

ထို့ကြောင့် ဦးဖြစ်ခဲ့တာတွေကော နောက်ထပ်သိချင်တာ တွေကော အားလုံးက ဖေဖေ့ဥပေက္ခာများမှာ လမ်းဆုံးသွားခဲ့သည်။

“ သမီးကို တွေ့တဲ့ အိမ်လေးအိမ်နဲ့ ရင်ခွင်ရှိနေတဲ့ နေရာက အဝေးကြီး။ သမီးကို မှဆိုးတစ်ယောက်ရဲ့ တောင်ချောက်မှာတွေ့တော့ ခေါင်းမှာ ပြင်းပြင်းထန်ထန် ရထားတယ် ”

ဒါလည်း ဟုတ်နေသည်။

ဒါပေမဲ့ စောကဲတို့ တောင်ချောက်မှာ ဦးမိခဲ့စဉ်မှာ ကျင်းကြီး ထဲကျသွားခဲ့တာ ဖြစ်သည်။

ဘာဒဏ်ရာမှ မရခဲ့။

“ သမီးနဲ့ ဖေဖေ ပြန်လာခဲ့ကြပြီး ကိုးရက်တိတိကြာမှ





သူတို့ ရင်ခွင်ကို မိကြတာ။ သူ့ကို အသေပဲဖမ်းမိခဲ့ကြတယ်။

“ ရင်ခွင် ”

“ ပဝါ ”

“ သခင်လေး ”

ဦးမျက်လုံးတွေ မှိတ်ချလိုက်စဉ် အလင်းရောင်မဲ့သော မိုးတဝါး အမှောင်ရိပ်တွင်းမှ ပုံရိပ်တွေ လှုပ်လှုပ်ရှားရှား ပေါ်လာသည်။

ခေါ်သံတွေ၊ လဲပြိုသံတွေ။

“ ပဝါ၊ ဒီကိုလာခဲ့၊ မင်းဖေဖေ မင်းကိုခေါ်သွားလိမ့်မယ် ”

ဒါ. . . ဒါ ရင်ခွင်ပြောတာပဲ။

ပြီးတော့

“ အား ”

“ အင့် ”

“ သခင်လေး ”

သူမ လဲကျနေသည့် နုနုထွေးထွေး ကိုယ်လုံးကြီးတစ်ခုကို တိုက်မိသည်။

ပြီးတော့ လဲကျသွားတာ မြေပြင်ကိုမဟုတ်။

နောက်တော့ သေနတ်သံတွေကော။ ရင်ခွင်ရဲ့ ညည်းသံ

“ ဖေဖေရင်ခွင်ကိုဖမ်းတော့ အနားမှာ ဦးရှိတယ် ”

“ မဟုတ်တာ သမီးရယ်၊ ဖေဖေတောင်မှ မရှိတဲ့ဟာ သမီး ဒဏ်ရာပြင်းပြင်းထန်ထန်ရပြီး ကိုယ်ဖြစ်ချင်လုပ်ချင်တာတွေကို ဒီကြက



www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုလို လုပ်သွားစေတာ ''

မဟုတ်ဘူး။

ဦးခေါင်းခါနေခဲ့ပေမယ့် ဘာမှမပြောနိုင်။

အားလုံးဟာ စိတ္တဇတွေပဲဆိုရင် သူပေးခဲ့တဲ့ အနမ်းတွေကြောင့် သူရင်ခွင်ထဲမှာ ညစဉ်မေ့စက်ခဲ့ရတဲ့ ထိတွေ့သာယာခြင်းတွေကြောင့် ပြီးတော့ ဘယ်လိုမှ မေ့လို့မရနိုင်တဲ့ သူ့ရဲ့ကိုယ်သင်းနံ့ အားလုံးကြောင့် ဦးရဲ့ခန္ဓာကိုယ်ဟာ တသိမ့်သိမ့်နွေးခဲ့ ရင်ခုန်ခဲ့တာ။ ဘာနဲ့မှ လဲယူလို့ မရနိုင်တဲ့ သာယာကြည်နူးမှုတွေ ဖြစ်ခဲ့ရတာ ဒါတွေကို ဦး ဘာဖြစ်လို့ တိတိကျကျ မှတ်မိစွဲလမ်းနေတာလဲ။

စိတ္တဇတွေ မဟုတ်ပါဘူး ဖေဖေ။

ဦးနဲ့သူ တကယ်ပေါင်းသင်းခဲ့ကြတာ။

ရင်ခွင်ရဲ့ ရင်ခွင်ထဲမှာ ဦးတကယ် အိပ်စက်ခဲ့ရတာပါ။

ရင်ထဲမှာ လျှောက်လွှဲချက်တွေ ပြည့်ကျပ်နေခဲ့သည်။

ဦး ဘာမှမပြောနိုင်ခဲ့ပါ။

'' ဒါတွေကို ဘယ်သူမှ ထပ်မပြောနဲ့သမီး ဖေဖေက ဥပဒေ ဝန်ထမ်းတစ်ယောက်၊ သမီးက လူဆိုးကိုရှုံးသွင်းနေတယ်ဆိုတာ သိပ်ကို ရှက်ဖို့ကောင်းတယ်။ အခုအနေအထားက သမီးသူငယ်ချင်းဆီ မင်္ဂလာ ဆောင်သွားရင်း အဲဒီမှာသမီးလမ်းမှားသွားခဲ့တာ၊ ဒါပဲပြီးပြီ။ ဖေဖေ့ မိတ်ဆွေကိုယ်တိုင် သမီးကိုရင်ခွင်နဲ့နီးစပ်တဲ့ နေရာထိရောက် သွားခဲ့တာကို အံ့သြစိုးရိမ်နေကြတာ။ သမီးက ဒါကိုတမင်သွားတာပါလို့ အာမခံချက်





တွေနဲ့ ရှုပ်လုံးဖော်ဦးမလို့လား ''

ဖေဖေစကားတွေက ဦးပြောချင်တာတွေကိုကော

ဦးဖြစ်ခဲ့သမျှကိုကော ပြည်ဖုံးကားချပစ်လိုက်တော့သည်။

'' ဒါတွေဟာ တကယ်ပဲ ဂယောင်ချောက်ချား အိပ်မက်တွေ လား ''ဆိုသော ဇဝေဇဝါ အတွေးများနှင့် သားလေးတောင် လေးနှစ် ပြည့်တော့မည်။

ဖေဖေ့ဆီက ဘာမှ မသိခဲ့ရသမျှ မကျော်ကို သတိရတိုင်း မေးမိသည်။

သူမဖြေသည့်ကာလည်း ဟိုတစ်စ၊ ဒီတစ်စ

'' မကျော်သိတာလည်း ဦးသိသလိုပဲလေ ဦးကို ဖားအံဘက်က ပြန်ခေါ်လာတော့ တငူငူ တငိုင်ငိုင်ဖြစ်နေတယ်တဲ့၊ အဲဒါဆရာကလည်း အလုပ်တစ်ဖက်ဆိုတော့ စေ့စပ်တဲ့ မိတ်ဆွေနဲ့ သားကိုလည်း သဘော ကျတာနဲ့ ချက်ချင်းပဲ လက်ထပ်ပေးလိုက်တာတဲ့ ဒါပဲ ''

'' မကျော်ရောက်တော့ သူမရှိတော့ဘူးပေါ့ ''

'' ဘယ်ရှိမလဲ မင်္ဂလာဆောင်တဲ့ညကတည်းက ဆုံးသွားတာ တဲ့၊ ဒါပေမဲ့ ဦးမှာ ကိုယ်ဝန်ကျန်ခဲ့တယ်။ ဒါမျိုးက ဖြစ်တတ်တယ်ဦးရဲ့၊ ဆရာကြီးကလည်း ဦးကိုသနားပြီး အဲဒီကတည်းက ဦးစိတ်ကြိုက်ဖြစ်စေ ခဲ့တာပဲ၊ အလုပ်ကထွက်ပြီး ဒီမှာ ဦးဆန္ဒအတိုင်း လာနေပေးတာပဲ ကြည့်လေ ''

မကျော်က ဟိုတုန်းကတော့ ဦးမေးသမျှကို စိတ်ပါလက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြတတ်သူပါ။

နောက်ပိုင်းမှာ ဦးမေးတဲ့မေးခွန်းက တစ်ခုတည်းကိုပဲ ဦးတည်လာသည်မို့ စိတ်ပျက်ကြောက်ရွံ့လာခြင်း ဖြစ်သည်။

" ဒီကိုယ်ဝန်လွယ်ခဲ့တဲ့ ကာလကနေ သားလေး နှစ်နှစ်ကျော်လာတဲ့အထိ အဖြစ်တွေကို ဦးဘာဖြစ်လို့ မသိတာလဲ "

" မသိဘဲနေမလား ဦးရယ်၊ ခေါင်းမှာ ဒဏ်ရာဖြစ်ခဲ့တော့ နည်းနည်းပါးပါး မေ့တာပြုတာ ရှိမှာပေါ့ "

" မဟုတ်တူး ဦးတကယ်ကိုမသိတာ၊ သူရနေဆိုတာ ဓါတ်ပုံကို မြင်တော့ သူ့ဘေးမှာ ဦးရှိနေတဲ့အဖြစ်ကို သိပ်အံ့သြတာပဲ၊ ဒီလူနဲ့ မင်္ဂလာပွဲကျင်းပခဲ့တာကော ကလေးရ. . . အို. . . ဦးဘာမှ မသိခဲ့ဘူး"

ဒါကိုပဲ ဦးပြောမိကာ ဒီကာလကိုပဲ ဖွတ်မေးတော့ မကျော် စိတ်ညစ်လာတော့သည်။

" သေချာဖြေစမ်းပါ မကျော်ရယ်၊ ဦး ဒီကိုပြန်ရောက်လာတော့ အတိတ်မေ့တာတွေ ဘာတွေဖြစ်နေခဲ့သလားဟင် "

" အမလေး ဖြစ်စရာလား အဲဒါတွေ ဒီရောဂါတွေက ရုပ်ရှင်ထဲမှာပဲ ရှိတာပါ ဦးရယ်။ အလကား. . . ဦး အဲ့ဒီလိုဖြစ်ခဲ့ရင် ရက်တွေလတွေ ဒီလောက်ကို လူတွေ၊ ပတ်ဝန်းကျင်တွေ ဆေးဝါးကအစ အားလုံး ဖုံးဖိထားလို့ရမလား "

ရတာပေါ့ ဦးသတိရတော့ပဲ ကလောက်ရောက်နေပြီဥစ္စာ၊ ပြန်မပြောပေမယ့် ဦးရင်ထဲမှာ ဘာကိုသိနေမှန်းမသိ။





ဖေဖေရယ်၊ လူတွေရယ်၊ ဦးကို ဝိုင်းညာထားကြသည်လား။

" သမီးလေးက ဘယ်သူ့ကိုမှသာ ဂရုမစိုက်တာ သူ့ကလေး ကျတော့ ချစ်လိုက်တာမှ လက်ပေါ်က မချဘူး၊ မွေးကတည်းက နာမည့် ကောက်ပေးပစ်တာပဲ " တဲ့။

ချစ်မှာပေါ့ သားလေးက ရင်ခွင်နဲ့သိပ်တူတာ ဖေဖေရယ်။

ဦးဘာမှ ထပ်မမေးတော့ဘဲ သားမျက်နှာလေးကို မြင်ယောင်ကာ သူ့မျက်နှာနှင့် နှိုင်းယှဉ်၍ အဝေးကို ငေးနေမိသည်။

မကျော်ခမျာ ထွက်သွားရမှာလား၊ ရပ်နေရဦးမည်လား မသိဘဲ ဦးမျက်နှာ တစ်စောင်းက နာတံကော့ကော့လေးကို အမှတ်တမဲ့ စိုက်ကြည့်နေမိ၏။

သိပ်လှတဲ့ ဦး

ဦးရစ်ပဝါဆိုသော မိန်းကလေးကို စမြင်လိုက်ကတည်းက ကျော့ရှင်းလှပလွန်းသည့် ကိုယ်ဟန်နှင့် ဆံနွယ်ပျော့ပျော့လေးတွေကို တမေ့တမော ငေးနေခဲ့မိသည်။

ဦးကို မကျော် စမြင်ဖူးတော့ ဆံပင်တွေက ပခုံးအောက်မှာပဲ ရှိသေးတယ်။

သူမလေးသည် မဆာဘဲ စားမလား သွားမေးတာလည်း မကြိုက်။

အိပ်တော့မလားဟုလည်း မမေးရ။

စားတော့လည်း စားချင်တာနဲ့ ဝင်စားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်တိုင်းလည်း အိပ်ရာပေါ်မှာမဟုတ်ဘဲ ဝရန်တာပေါ်၊ ခြံထဲမှာ။ ခြံထဲမှာတောင် ခုံတန်းလှလှလေးတွေပေါ်မှာ မဟုတ်တတ်ဘဲ မြက်ခင်းပေါ်မှာ ခပ်သေးသေးကျောက်နံလေးပေါ်မှာ ကပ်သီးကတ်သပ် သွေးနုသားနု ဆိုတာမျိုးလည်း ဂရုမစိုက်။

ကလေးကို ချီပွေ့ယုယနေတာလည်း ရှိလျက် ကလေးကို ချထားခဲ့ပြီဆိုရင်လည်း ပြန်မကြည့်တော့ပေ။

တွေးချင်ရာတွေး ငေးနေတာမျိုးကို သွားခေါ်လည်းမကြိုက်။

" သမီးလေးက ခေါင်းမှာ ဒဏ်ရာရဖူးတယ်။ သည်းခံပါ။ မကြိုက်တာ သွားမပြောနဲ့၊ မေးရင်ကြည့်ဖြေ "

ဟု ဆရာကြီးက သေချာမှာထား၏။

ကြည့်ဖြေရလွန်းလို့လည်း ဖြေစရာ မရှိတော့ပါ။

မှတ်မှတ်ရရဖြစ်ခဲ့တာက သားလေး ကောင်းကင်သစ် ခြံထဲမှာ ဆော့ရင်း ဘားတန်းပေါ်က ပြုတ်ကျတော့ပြတင်းပေါက်ကနေ ဦးက လှမ်းမြင်သွားသည်။

နိုးရိမ်စိတ်နှင့် ကမန်းကတန်း အော်၍လှေကားကနေ ပြေးဆင်းရင်း ခြေချော်ကျပြန်သည်။ ထိနိုက်မိတာက ခေါင်းကိုပဲဖြစ်၏။

ကောင်းကင်သစ်ကို ဆေးရုံတင်လိုက်ရပြီးဦးကို ဆရာဝန်ပင့်ခဲ့ရ၏။

ကလေးက ဒဏ်ရာပြင်းတော့ ဆေးရုံမှာကြာသွားသည်။

ဦးကတော့ သိပ်မဖြစ်လိုက်ဘဲ ပြန်ကောင်းလာသည်။





ကောင်းသွားတာက ခေါင်းတင်မဟုတ်ဘဲ စိတ်လည်း ပြောင်းသွား၏။

ဟိုတုန်းကလို မဟုတ်တော့ဘဲ စကားတွေ ဘာတွေ ပြောသောသည်။ အမူအရာ ကင်းမဲ့သော မျက်နှာလေးမှာ ပြုံးတာ ရယ်တာလေးတွေ မြင်လာရသည်။

သို့သော် သားကို သူမ လုံးဝမသိခဲ့။

" မြေးလေးကို မစိုးရိမ်နဲ့သမီး ဘာမှပူစရာမရှိတော့ဘူး။ သမီးနေကောင်းရင် သွားကြည့်လို့ ရပြီ " ဟု ဆရာကြီးကပြောတော့

" ဟင်. . . ဘာ ဖေဖေ၊ မြေးဟုတ်လား. . . မြေးဆိုတာ "

" ဟော သမီးရဲ့သားလေး။ သမီးက မွေးလို့ ဖေဖေမြေးတော်တာပေါ့ "

သူမသည် ကလေးကို ကြည့်ပြီးမှ မျက်လုံးလေးတွေ ပြူးကျယ်ကာ

" အို. . . သူ့အတိုင်းပဲ "

ဟု တိုးတိုးလေး ပြောလိုက်တာ ကြားရသည်။

ပြီးတော့ ကလေးကို သိမ်းကျုံးပွေ့ပိုက်၍ နမ်းသည်။

" ဒါပေမဲ့ သားကို ဦးမွေးလိုက်တယ်ဆိုတာ ဘယ်လိုမှ တွေးမရဘူးဖေဖေ " ဟု ထူးဆန်းစွာ ပြောခဲ့၏။

ထို့နောက်ပိုင်းမှာတော့ ဦးမေးသမျှ မေးခွန်းတစ်ခုတည်းပဲ ဖြစ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဦး အတိတ်မေ့ခဲ့သလား "

" သူ့ရနေကို မကျော့်သိလားဟင် "

သူမနှင့် မင်္ဂလာစုံတွဲပုံကို ကြည့်လိုက်တိုင်း ဦးက ခေါင်းခါနေပြီ။

" သူ့ကို ဦးမသိဘူး "

လို့သာ ပြောနေတတ်၏။

" အဲဒါပဲ သမီးကို ဖေဖေစိတ်မချနိုင်တာ "

ဆရာကြီးကလည်း သမီးဖြစ်သူကို မျက်စိအောက်က အပျောက်မခံ။

" ရင်ခွင်ဆိုတာ မကျော့်သိလား။ ဖေဖေတို့ပြောတာ တစ်ခွန်းမှ မကြားဘူးလား "

လို့ မေးတဲ့အခါများ မကျော့် ခေါင်းနားပန်း ကြီးတော့သည်။

" မပါက်ကာရ လျှောက်မေးတိုင်း မဖြေနဲ့ "ဟု မှာထားသော ဆရာကြီး မျက်နှာကြီးကို တွေး၍ ကြက်သီးထ၏။

" မသိပါဘူး ဦးရယ်၊ ဘယ်က ရင်ခွင်လဲ၊ မကျော့်က ဦးတို့ အလုပ်သမားပဲဟာ ဘာတွေ သိခွင့်ရှိမှာလဲ၊ မဖြစ်နိုင်တာတွေ မမေးနဲ့နော် "

သူမှာ တောင်းပန်ရ၊ ချော့ရ။

မကျော့်နဲ့ ဦးတို့နှစ်ယောက် တိတ်ဆိတ်နေဆဲမှာ နေညိုရိပ်သမ်းခဲ့ပြီ ဖြစ်၏။





" မကျော့် "

" ဟင် "

" သားကို သွားနှိုးခဲ့ပါ "

" ဟင်. . . အင်း နှိုးခဲ့မယ်နော် "

မကျော့်ပျာပျာသလဲ လည့်ထွက်ခဲ့မိသည်။

နေ့လည်ခင်းမှာ ကလေးကို သိပ်နေကျ။

ဒီနေ့ အိပ်ရာထ နောက်ကျသည်မို့ ညနေပင်စောင်းနေပြီ။

မကျော့်ထွက်သွားပြီးမှ ဦးဒီဘက်လှည့်လာ၏။

ကော့နက်သော မျက်တောင်တို့ကို မျက်ချပ်ကာ မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။

မျက်လုံးတွေ ဖွင့်ထားခြင်း၊ မှိတ်နေခြင်းမှာ ဘာမှ ကွာဟမှု မရှိဘဲ ထိုမျက်နှာက ပျောက်ပျက်မသွားခဲ့ဘဲ ရှိနေသည်။

အိပ်မက်၊ ကယောင်ချောက်ချား။

မဟုတ်ဘူး။ အိပ်မက်ဆိုတာ မယုံဘူး။

ကယောင်ချောက်ချား နမ်းလိုက်တာ ရှိသလား။

ကြောက်မက်ဖွယ် ကယောက်ချောက်ချား အိပ်မက်ဆိုးတို့များ တသသစွဲလမ်းလောက်ဖွယ် အနမ်းတို့ရှိခဲ့သလား။

သူလေ ဦးကို သိပ်ချစ်တယ်။

ဦးပြောတော့ ဖေဖေရယ်သည်။

" စွဲလန်းလွန်းရင် စိတ္တဇပဲသမီး၊ ဘာဖြစ်ဖြစ် အစွန်းမရောက်



www.burmeseclassic.com

www.burmeseclassic.com



စေနဲ့၊ ရင်ခွင်နဲ့ပတ်သက်မိရင် သမီးခုလို လှလှပပရှင်သန်ခွင့် ရမယ် ထင်သလား။ စိတ်ကူးခဲ့ဖူးတာတွေကို မေ့လိုက်ပါတော့ သမီးရယ် ''တဲ့

ဒါဆို ကလေးက ရင်ခွင်နဲ့မှ ဘာဖြစ်လို့ တူနေတာလဲ။

သူ့ရနေက မျက်နှာသွယ်သွယ်၊ မျက်ဝန်းအိမ်ရှည်သည်။

အသားညို၍ နှုတ်ခမ်းပါးပါးပဲ ဖြစ်၏။

စိတ်ဆတ်သော ဂျစ်ကန်ကန်ရုပ်မျိုးဖြစ်သည်။

သားလေးကျတော့ မေးရိုးကားသယောင်နှင့် မေးဖျားလေး မှာသွယ်၏။

စိမ်းညို့ထူထဲသော မျက်ခုံးတန်းလေးတွေက အဖျားမှာ သေးသွယ်လျက် အပြာရောင် မျက်ဝန်းအိမ်နှင့် မှောင်လဲ့သော မျက်နက် ဝန်း။ တစ်ချောင်းချင်း ရှည်လျားကော့ပျံနေသည့် မျက်တောင်များ ပြီးတော့ လေးကိုင်းလို ကျပြည့်ပြည့် နီမြန်းသည့် နှုတ်ခမ်းလွှာက အထက် အောက် ထူပါးညီ၍ တောင့်ချူးလေးတွေ ပေါ်နေသည်။

အထင်ရှားဆုံးက မေးဖျားလေးမှာ နစ်ခွက်ရှိလျက် အောက် နှုတ်ခမ်းအလယ်ချိုင့်လေးနှင့် အလွန်လိုက်ဖက်လေသည်။

သားမျက်နှာလေးကို မြင်သည်နှင့် နှုတ်ခမ်းတွေ ဟာကုန်ကြ သည်။

စကားတွေ တစ်အကုန်ကြွမ်း။

အခြေအနေ ဆူညံလှုပ်ရှားမှုတွေ ကဒက်ရပ်တန့်စေလျက်

'' ချောလိုက်တဲ့ ကောင်ကွာ ''





'' လူချောပဲကွ ''

စသဖြင့် စသော အသံတုန်များနှင့် အဆုံးသတ်ခဲ့ကြောင်း၊ ထိုလူတွေဟာ ပတ်ဝန်းကျင် လူပေါင်းစုံက မဟုတ်ပါ။

ဦးသတိထားမိသလောက် ဖေဖေ့မိတ်ဆွေတွေများသာ ဖြစ်၏။

ဖေဖေသည် လူဝေဖန်တာမကြိုက်။

အတင်းအဖျင်းပြောတာကို မုန်းသည်။ ဒါ ဟိုတုန်းကတည်းက ပါ။ ထို့ကြောင့် ဦးကို အပြင်သိပ်မထွက်စေခဲ့သလို ဘယ်သူနဲ့မှလည်း တွဲသွားတွဲလာအထိ ရင်းနှီးပေးတွေ့ခဲ့တာမရှိ။

သူငယ်ချင်းတွေကို ဦးကမေးရင်တောင် ခေါင်းခါသည်။

'' သူငယ်ချင်းထားရတဲ့ အရွယ်ကို ထားခဲ့လိုက်တော့ သမီး။ ဖေဖေအားလုံးကို မေ့ထားချင်တယ်။ သမီးလည်း သတိမရနဲ့။ လူတွေက မဟုတ်က ဟုတ်ကကို သိပ်ပြောချင်တာ။ ဖေဖေတို့ ဒီ့ထက် ပိုစိတ်ညစ်ရ လိမ့်မယ် ''

ဖေဖေလူတွေကို ရှောင်ကွင်း၍ ဒီဘက်ဝေးဝေးထိ ထွက်လာတာ ကတော့ မြေဖျောက်တွေးယူလို့ ရပါသည်။

မရတော့ ဦးရယ်၊ သားရယ်၊ ရင်ခွင်ရယ်

သူ့ရနေဟာ ဘယ်ကနေ ဘယ်လို ပါဝင်နေမှန်းမသိ။

ဒါပေမဲ့ ဖေဖေသိထားတာက သူ့ရနေဟာ ဦးရဲ့ယောက်ျား။

ဦးလက်ခံခဲ့တာက ရင်ခွင်နဲ့သူမ ပေါင်းဖက်ခဲ့သည်။

စိတ်ကူးနဲ့လက်တွေ့ဟာ တစ်ခြားစီပါဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးဘက်က မရေရာခဲ့ပါဘူး။

အိပ်မက်တွေလို့ပဲ ထားခဲ့ရမယ်ဆိုရင်တောင် သားလေးဟာ ရင်ခွင်နဲ့မှ အထင်အရှားတူနေခဲ့တာ။

ဒီဘက်ပြန်လှည့်၍ ဝရန်တာပေါ်မှာ ရင်ဘတ်လေးဖိ၊ မျက်နှာငုံ့လိုက်တော့ မျက်ရည်နှစ်စက် ခုန်ပေါက်ကျဆင်းသွားကြသည်။

မျက်ရည်စက်တို့ကို အမိပွါယ်မဲ့ လိုက်ငုံ့ကြည့်မိဆဲမှာ တိုက်၏ ခေါင်းရင်းဘက်မှ ကွေ့ထွက်လာကြသည့် ဖေဖေနှင့် ရဲအုပ်ကြီး သွေးနီ နှစ်ယောက်လုံးကလည်း ဦးကို မော့ကြည့်လိုက်ကြ၏။

ဦးချက်ချင်း ကျောခိုင်းပစ်လိုက်သည်။

ဝရန်တာမှာ သွား၍ အထဲကိုပြန်ဝင်ခဲ့သည်။

ဒီညွှသည်တွေလာတိုင်း ဖေဖေမျက်နှာပျက်သည်။

ဦးကို ထွက်မတွေ့ဖို့လည်း မှာခဲ့ဖူးပါ၏။

ဘာကြောင့်မှန်းမသိ။

သို့သော် ဦး အိမ်ထဲဝင်၍ အောက်ထပ်ဆင်းလာကာမှ ပြန်သွားပြီထင်သော ဦးသွေးနီကို ဖေဖေက အိမ်ပေါ်ပြန်ခေါ်လာတာနှင့် ဆုံမိလိုက်ပြန်သည်။

" ဟော့. . . သမီး နေကောင်းတယ်နော် "

ဦးသွေးနီက ညွှန်းကနေ ရယ်ပြပြီး လှမ်းနှုတ်ဆက်၏။

" ဟုတ်ကဲ့ "

ဦးခေါင်းညိတ်ပြီး ချက်ချင်းပဲ အပေါ်ပြန်တက်ခဲ့မိသည်။





ဦးမျိုးသော်သည် သမီးဖြစ်သူကို တမေ့တမော ငေးကြည့်နေရင်း.

" ဒီသတင်းသေချာလား သွေးနီ "

" သေချာတယ်။ ဒီအဘိုးကြီးရဲ့ နာမည်အရင်းက ဦးခမ်းလှိုင်။ သူက ငယ်ငယ်လေးကတည်းက မလေးမှာ ကြီးပြင်းခဲ့တာ အဲဒီဘက်က ကဇာတ်ရုံကြီးတွေမှာ တောက်တိုမယ်ရလုပ်ရင်း မြန်မာနိုင်ငံပြန်ရောက်လာတော့လည်း ဇာတ်ထဲမှာပဲ နေခဲ့တယ်။

" မဟော် " စံအိမ်မှာ သူတို့က မျိုးဆက်နဲ့ အမှုထမ်းခဲ့တာ မဟုတ်ဘူးလား "

" သူကတော့ မဆိုင်ဘဲနဲ့ ရောက်လာတာပါ။ ဒါပေမဲ့ မျိုးဆက်အတိုင်း သစ္စာရှိ လူယုံကြီးပဲ ဖြစ်ခဲ့တယ် "

" မင်းဆိုလိုတာက "

" သူဟာ ဇာတ်ထဲက ပညာတွေ ရခဲ့ပြီး ဆက်လက်ဆည်းပူးရင်းနဲ့ ရုပ်ပြောင်းရုပ်လွှဲပညာမှာ လူမသိသူမသိ တစ်ဖက်ကမ်းခတ်တော်နေတာ "

" ဘယ်လို အထောက်အထားတွေ ရှိခဲ့သလဲ "

" အားလုံးပြည့်စုံနေပါပြီ "

" သွေးနီက ဦးမျိုးသော်ကိုကြည့်၍ ပင့်သက်ရှိုက်ရင်း တစ်ဘက်လှည့်လိုက်၏။ ဆရာစိတ်ညစ်အောင် ပြောပြတာ မဟုတ်ပါဘူး။ ဆရာက အနားယူနေပြီဆိုတော့ ဆိုင်လည်းမဆိုင်တော့ဘူး။ ဒါပေမဲ့ လမ်းစည်း



www.burmeseclassic.com

www.burmeseclassic.com



ကြာနေလို့ ပြီးတော့ ဆရာသိချင်ဦးမယ်လည်း ထင်လို့၊ နောက်ပြီး သိသင့်တယ် ထင်တယ်လေ ”

အဓိပ္ပါယ်ပါသော မျက်ဝန်းနှစ်စုံ ကြာမြင့်စွာ ဆုံဆည်းနေခဲ့ကြသည်။ သွေးနီက သမင်လည်ပြန်ကြည့်နေရင်း ဦးပြန်တက်သွားသည့် လှေကားဆီသို့ ပြန်လှည့်၍

“ ကလေးက လိမ္မာလား ဆရာ ”

အရင်းအဖျားမရှိဘဲ မေးပေမယ့် ဦးမျိုးသော် ချက်ချင်း ခေါင်းညိတ်၏။

“ သိပ်ကို ပါးနပ်ပြီး ထက်မြက်တယ်။ ချစ်စရာကောင်းလွန်းလို့ ဘေးလူတွေနဲ့ သိပ်ပေးမတွေ့ရဲဘူး ”

သွေးနီက နားလည်သော အပြုံးနှင့် ခေါင်းညိတ်သည်။

ဦးမျိုးသော် မျက်နှာကြီး၊ မရှုနိုင် မကယ်နိုင် မှုံကုတ်ကုတ်ဖြစ်နေကာ

“ အတိအကျ ပြောနိုင်ပြီလား ”

ဘာကို မေးမှန်း သွေးနီက သိသည်။

ခေါင်းညိတ်လိုက်ပြီ၊ ဦးမျိုးသော် ဘေးကိုတိုးကာ ရပ်လိုက်၏။

“ ကျွန်တော်ပြောခဲ့သမျှ ဦးခမ်းလှိုင်ရဲ့ ဘိုင်ဇိုကရပ်ဒီကတော့ လုံးဝသေချာတယ် ”

“အေးဝလ ပြီးခဲ့တာတွေတော့ ပြီးခဲ့ပါပြီလေ၊ ပြီးခဲ့ပြီဆိုပေမယ့် အစ်ကိုကြီးရဲ့သမီး၊ ဦးကတော့ ဒါတွေကို မယုံနိုင်သေးဘူး။ သူ့စိတ်ထဲမှာ





ခွဲထင်နေစာနီးပဲ ”

ဦးမျိုးသော် မျက်ခုံးကြီးနှစ်ဖက် တွန့်ကုတ်ကွေးကျသွား၏။

သူ့မျက်နှာသည် နှစ်များစွာ ကြိုတင်၍ အိုစာသွားခဲ့ရပြီး

“ ဒဏ္ဍာရီ ဆန်လွန်းပါတယ် ” ဟု မကျေမနပ်ရေရွတ်ပြီး ခေါင်းကို စိတ်ပျက်လက်ပျက် ခါပစ်သည်။

သွေးနီလည်း စိတ်မကောင်းသော မျက်နှာနှင့်

“ သူနဲ့ ပတ်သက်သမျှ ဘယ်တော့မှ ရိုးအီသွားမှာမဟုတ်ဘူး။ ကျွန်တော်တို့တစ်တွေ ဦးစိတ်ချမ်းသာဖို့တော့ ကြိုးစားရဦးမယ်ထင်တယ်”

ဦးမျိုးသော် ခေါင်းခါနေဆဲ။

“ ကျုပ်တော့ဘာကိုမှ မစဉ်းစားချင်တော့ဘူးဗျာ ”

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

" ဘိုးဘိုးက ဘာလို့ မလိုက်တာလဲ "

" ဘိုးဘိုးက ဒီမှာ လုပ်ငန်းကိစ္စတွေ ရှိသေးလို့ပေါ့ မြေးရဲ့၊ ခြောက်လကြာမှ လိုက်ခဲ့မယ် ဟုတ်ပြီလား "

" ဟွန့် "

ကောင်းကင်သစ်က နောက်ဆုတ်ရပ်၍ ဦးမျိုးသော်ကို နှုတ်ခမ်းလေး တွန့်လိမ်သွားအောင် မဲ့ကြည့်၏။

" ဘိုးဘိုးက မှန်မှန်လည်း မပြောဘူး။ ညာပြောနေတာ "

" ဘိုးဘိုး မညာပါဘူး မြေးရယ်၊ ဘာဖြစ်လို့လဲ "

မြေးကို မေးရင်း ဦးမျိုးသော်က တစ်ဘက်ခုံမှာ ထိုင်နေသည့် ဦးကို လှမ်းကြည့်သည်။

ဦးက ရယ်နေတာလည်း မဟုတ်။

တည်တင်းနေခြင်းလည်း မရှိဘဲ သားမျက်နှာလေးကို ငေး ကြည့်နေ၏။





သူမ မျက်ဝန်းတို့က စိတ်နှင့်အတူ ပူးတွဲရှိမနေတာ သိသာလှ၏။

" ဘိုးဘိုးက ရဲ မလုပ်တော့ဘူးဆို "

သားက ဦးမျိုးသော် ပခုံးနှစ်ဖက်ကို ပြန်ဆုပ်ကိုင်၍

" ဘိုးဘိုး ပြောလေ "

" ဟုတ်တယ်မြေးရဲ့ ဒါပေမဲ့. . . "

" အိမ်မှာလည်း ဘိုးဘိုး ဘာမှမလုပ်ဘဲနဲ့ အလုပ်ကိစ္စရှိသေးတယ်ဆိုတာ ညာတာ "

" မြေးရယ် "

" သားသား နိုင်ငံခြားကို မသွားချင်ပါဘူး "

သားက နီရဲသော နှုတ်ခမ်းလေးတွေကို စူထော်ပစ်လိုက်မဲ့ပြစ်လိုက်နှင့်။ အဘိုးဖြစ်သူကိုလည်း ပခုံးပုတ်လိုက်၊ မေးဖျားကိုမော့ယူလိုက်၊

" ဘိုးဘိုးပြောတုန်းကတော့ သူများနိုင်ငံကို အထင်မကြီးရဘူးဆို "

" ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ "

" သားသား တို့ကို ဘာလို့ သွားခိုင်းတာလဲ "

" မြေးတို့ ဗဟုသုတရအောင်လို့ပေါ့ မြေးရယ်၊ လူဆိုတာ ဘေးကိုသိမှ ဆေးကိုသိတာမြေးရဲ့၊ ရှောင်သင့်တာကို မြင်မှ ဆောင်သင့်တာကို သိမှာပေါ့၊ အားလုံးကို သိထားမှ ဉာဏ်ပညာဗဟုသုတဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ''

ထိုအခါ သားမျက်တောင်လေးများ ဖျတ်ခနဲ ပုတ်ခတ်သွားကာ မဆိုင်သေးဘူး ကလေးဆိုတာ အဲဒါတွေ မသိချင်ရဘူးနဲ့ ဘိုးဘိုးပဲပြောတာ၊ ဘိုးဘိုးနော် ယောက်ျားဆိုတာ စကားကို နှစ်ခါမပြင်ရဘူး။ အဲဒါလည်း ဘိုးဘိုးပြောတာ၊ အခုပြန်ပြော၊ ဘိုးဘိုး . . . ပြန်ပြင်ပြောလေ''

'' ဘာပြောရမှာလဲ မြေးရယ် ''

'' သားသား သိချင်တာတွေ ဘိုးဘိုးပြောတော့မှာလား ''

ခက်ပြီ

ဦးမျိုးသော် သေနတ်ကိုင်၍ ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့ဖူးသည်။

လူချင်းလည်း သူသေ၊ ကိုယ်သေ သတ်ပုတ်ခဲ့ဖူးသည်။

ဒီကလေးရှေ့ကျမှ ချွေးပြန်ရတာ၊ သုတ်လည်း မသုတ်ဝံ့။

ဟိုတစ်ခါ သူ့ရှေ့မှာ ချွေးပြန်တာကို သုတ်ပစ်လိုက်မိပါတယ်။

'' ကြောက်လို့ချွေးပြန်တာဆို ဘိုးဘိုး ကြောက်နေတာလား''ဟု သားမေးချလိုက်တာ လေးနှစ်သားလေးပါးစပ်ကလို့ ယုံနိုင်စရာပင် မရှိ။

တချို့က ဆံပင်နက်တဲ့ကလေးတွေ ဉာဏ်ကောင်းသည်ဟု ဆိုကြသည်။

ကောင်းကင်သစ်ကတော့ ဆံပင်ဖျားလေးတွေမှာ ချွေးအိုရိပ် သမ်းနေသေးသည်။

တတ်လိုက်တဲ့စကား။





သွက်လိုက်တာမှ စကားတစ်ခွန်းကို မဟလိုက်နဲ့ သူတွေးလိုက်ပြီ။ ဆံပင်ပါးပါး ပျော့ပျော့၊ ဂုတ်ထောက် အမှည့်လေးနှင့် ဖြူနု စိုရွှဲနေသော မြေးမျက်နှာလေးကို မြတ်နိုးလို့လည်း မဝ။

စကားတွေ ထွက်လာလိုက်တိုင်း ခေါင်းကြီးရ၊ ရင်တုန်ရနှင့် ဦးမျိုးသော် မြေးကိုယ်လေးကို တင်းကျပ်စွာဖက်၍ နမ်းလိုက်မိ၏။

'' မြေးလေးရယ်၊ မြေးမေးတာကို ဘိုးဘိုးက မဖြေချင်တာ မဟုတ်ဘူး။ ကလေးနားလည်အောင် ရှတ်တရက် ဖြေရခက်နေတာတွေ ရှိတော့ မဖြေနိုင်တာ ''

'' ဟုတ်တယ်လေ၊ ရုတ်တရက်ဆိုတာ ခုချက်ချင်းကို ပြောတာ မို့လား။ သားသားမေးတုန်းက ဘိုးဘိုးမဖြေခဲ့ဘူး။ အခု ကြာပြီဥစ္စာ၊ ရုတ်တရက် မဟုတ်တော့ဘူး။ ဖြေမှာလား ''

ဘာမေးမှာလဲလို့ ဦးမျိုးသော် မစရဲပေ။

ဘာသိချင်တာလည်းလို့လည်း လမ်းဖွင့်မပေးဝံ့။

'' ဖေဖေနဲ့ သားသားနဲ့က တူလည်းမတူဘူး၊ ဘာဖြစ်လို့လဲ ''

ဟု မေးလာတုန်းက သူ့မှာ ထိပ်ပဲထုချ ပစ်မိတော့မတတ်။ ဒေါသဖြစ်ရမလိုလို၊ အံ့ဩလွန်းလို့ပဲ တက်သေရတော့ မလိုလို။ သားအဖဆိုတာ တူရမယ်လို့ သူ့ကို ဘယ်သူပြောလို့လဲ။

ထူထူထောင်ထောင်လေး ချိုးသွားလို့ရတဲ့ အရွယ်ကတည်းက ချစ်စရာကောင်းလွန်းလို့ မြင်တဲ့လူက ပါးပြေးကိုင်၊ လက်မောင်းကလေး လာဖျစ်၊ မရမက ဆွဲချီ၊ ဟိုခေါ် ဒီခေါ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်တွေကြောင့် လူစိမ်းတွေနဲ့ ပေးတွေ့ခဲ့တာ သိပ်မရှိ။

ဒါတောင် သိလွန်း၊ တတ်လွန်းတဲ့ ဒီကလေး။

ဘယ်လို ဝမ်းတွင်း သန္ဓေပါလာခဲ့မှန်း မသိ။

" မြေးက လိမ္မာပါတယ်၊ ဟိုမှာ မေမေတစ်ယောက်တည်း ထိုင်နေရှာပြီ၊ အဖော်သွားလုပ်ပေးလိုက်ပါဦး "

သားက ဦးကိုလှည့်ကြည့်၍ ခေါင်းခါ၏။

" မေမေက စဉ်းစားနေရင် စကားပြောတာ မကြိုက်ဘူး၊ သားသားနဲ့စကားပြောတာ ဘိုးဘိုးနဲ့ ကြီးကြီးမ ပဲရှိတာ၊ နိုင်ငံခြားရောက်ရင် သားသား ဘယ်သူနဲ့ စကားပြောရမှာလဲ "

" ဩော်. . . ဟိုရောက်ရင်၊ မေမေက ပျော်သွားမှာ၊ မြေးနဲ့လည်း စကားတွေပြောမှာပဲ၊ လျှောက်လည်စရာနေရာတွေလည်း အများကြီးပဲ၊ မြေးပျင်းမှာ မဟုတ်ဘူး၊ ဘိုးဘိုးလည်း လိုက်လာမှာပဲဟာ "

လေဆိပ်ကိုရောက်နေပေမယ့် အဆောက်အဦးဂေတွေထဲမှာ သူတို့မနေဘဲ သပ်သပ်ဘေးမှာ ထွက်နေခဲ့ကြသည်။

အဲဒါ မြေးလေးကြောင့်ပဲ ဖြစ်သည်။

ဒီကလေးကို မြင်လျှင် သမင်လည်ပြန်ဖြစ်ကုန်ကြမှာ စိုးသည်။

လာချီကြ၊ ခေါ်သွားကြ။

ချစ်လို့ပါဆိုတော့လည်း ဘာမှပြောလို့မရ။

ခက်တာက သားသားက လည်လွန်းသည့်ကလေး။

လူပေါင်းစုံ ပါးစပ်ပေါင်းစုံနဲ့သာ ပေးတွေ့လိုက်လျှင်





" သမီး "

မြေးကို ချီပွေ့လိုက်ပြီး ဦးမျိုးသော် ဦးရှိရာကို လျှောက်သွား၏။ လေဆိပ်အဆောက်အဦးထဲမှာ လူတွေစုံနေပြီကို လှမ်းကြည့်ပြီး ဦးဘေးမှာ ရပ်လိုက်သည်။

ဦးမျိုးသော် စကားပြောဖို့ရှိမှန်းသိ၍ ဦးလည်း ထိုင်နေရာက ထရပ်လိုက်၏။

သားသားက ဦးမျိုးသော်လည်ပင်းကို ဖက်ထားလျက် လေဆိပ်အဆောက်အဦးများဆီ လှမ်းကြည့်နေသည်။

" သမီး ဟိုရောက်ရင် ကြိုမယ့်သူတွေ လာကြလိမ့်မယ်၊ ကိုယ့်ကိုယ်ကို ပျော်အောင်နေပါ။ ကလေးကိုသာယာအောင် ကြိုးစားပါ။ သမီးဟာ စိတ်ကူးယဉ်မှုတွေနဲ့ မိန်းမောအိပ်ပျော်နေသလို ဒီကလေးကို သမီးရဲ့ မိန်းမောမှုတွေ မကူးစက်ပါစေနဲ့ "

" ဦးတို့ ဒီခရီးသွားဖို့ ဘာလို့ချက်ချင်း စီစဉ်တာလဲဖေဖေ "

ဦးမျက်ဝန်းလေးတွေက ဟိုအရင် ဖွတ်တဲရွတ်လုပ်ခဲ့ဖူးသည့် အရွယ်ငယ်ငယ်ကအတိုင်း စူးစူးရဲရဲလေး ပြန်ဖြစ်နေသည်။

ဟိုတုန်းကထက်ပို၍ အလှကြီးလှနေသော သမီးလေးကို စေ့စေ့စပ်စပ်ကြည့် မိရင်း မရည်ရွယ်ဘဲ မြေးလေးထံအကြည့် ရောက်သွားမိသည်။

" ဘိုးဘိုး တွေ့လား၊ မေမေကော၊ သားသားကော၊ နိုင်ငံခြားဆိုတာကြီးကို မသွားချင်ဘူး၊ အိမ်ပြန်မယ်၊ အိမ်မှာ ဘိုးဘိုးနဲ့ သားသား



www.burmeseclassic.com

www.burmeseclassic.com



ဆော့မယ်လေ၊ ဘိုးဘိုးက ရဲခိုတော့ သားသားကို အရမ်းဆိုးတဲ့ ကလေး လေးဆိုပြီး လိုက်ဖမ်းတယ် သိလား။ ဟား. . . ဟား သားသားနဲ့ မေမေ ကြည့်တဲ့ ကလေးကွန်ဖူးကားထဲကလို ကလေးလေးကို ဖမ်းလို့မရလို့ ရဲကြီး စိတ်ညစ်သွားတာမျိုး ''

ပြောရင်း ပျော်ရွှင်လာသလို လက်ခုပ်လေးတီး၍ ရယ်နေသေး သည်။ ဦးမျိုးသော် မျက်နှာကြီး နီရဲသွားကာ ဦးကို ဖျတ်ခနဲ ကြည့်၏။

ဦးကိုယ်တိုင် သားကို နှုတ်ခမ်းလေး ခပ်မာမာနှင့် ကြည့်နေမိ ရင်း နှုတ်ခမ်းကို ပြန်၍ ဖိကိုက်ကာ မဲ့မဲ့လေး ရယ်၏။

" မြေး နောက်ကို ဒီလိုမပြောရဘူး။ လူဆိုးဖြစ်ရတာ ကောင်း သလား ''

" ကစားတာပဲ ဘိုးဘိုးရဲ့ လူဆိုးလုပ်လို့ရတာပဲ၊ ရတယ်မို့လား မေမေ. . . ဟင် ''

"မလုပ်ပါနဲ့ သားရေ၊ လူတော်လူကောင်းဖြစ်မှ ကောင်းတာ ပေါ့ ''

ဦးက သားလေးကို ပြောင်းချီလိုက်ရင်း ပါးပြင်မို့မို့လေးမှာ နှာခေါင်း ချွန်ချွန်နစ်ဝင်သွားသည်အထိ နမ်းရှိုက်သည်။

ဦးမျိုးသော်သည် တိုက်ပုံအင်္ကျီကို စိတ်အိုက်သလို တစ်ချက် ခါလိုက်ပြီး ခြေသုံးလှမ်းခန့် လှမ်းသည်။

ပြီးတော့ ဒီဘက်ကိုပဲ ပြန်ကြည့်လာသော်

" မေမေ ဦးတို့က ဟိုမှာ ဘယ်လောက်ကြာအောင် နေရမှာလဲ''





ဟု ဦးက မေး၏။

တစ်သက်လုံးဟု ဖြေလိုက်ချင်ပေမယ့် ကလေးရှေ့မှာမို့ ဦးမျိုးအောင် မျိုသိပ်ထားလိုက်သည်။

ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲဆိုတာတွေ သမီးကစ၍ မြေးက မေးလာလျှင် သူမှာဖြေစရာမရှိ။

မြန်မာနိုင်ငံမှာ မိသားစု နွေးထွေးပျော်ရွှင်စွာ နေကြဖို့ အစီ အစဉ်တွေကို ဖျက်၍သူကိုယ်တိုင် ချစ်သော အမိမြေကို မကြာခင်မှာ ခွဲခွာလိုက်ပါတော့မို့ ဆုံးဖြတ်ခဲ့တာကအစ သူသာသိသော ဆုံးဖြတ်ချက် များပဲ ဖြစ်သည်။

ကကယ်တော့ ဇောပိုင်တွေဝေနေခဲ့သော မငြိမ်သက်သည့် သမီး ၏ စိတ်ခံစားမှုတို့ကို နယ်မြေသစ်ဘဝသစ်ခုမှာ အဆုံးသတ်ပြောင်းလဲသွား စေသည်။

ပြီးခဲ့တာအားလုံးကို ရှင်းလင်းစွာမေ့ပျောက်သွားဖို့

လောလောဆယ် မြေးလေးကို မခွဲနိုင်ဘဲနှင့် သူခွဲရဦးမည်။

" ခုနေရေး ထိုင်ရေးကိစ္စတွေ သမီးဟိုရောက်မှ ဖေဖေတို့ ဖုန်းနဲ့ ပြောကြမယ်၊ ဘာပဲဖြစ်ဖြစ် ဖေဖေစီစဉ်လုပ်ကိုင်နေသမျှ သမီး တို့ သားအမိအတွက်ပါပဲ။ ကလေးရဲ့ ရှေ့ရေးကို မမေ့ပါနဲ့၊ လက်ဦးဆရာ မိနဲ့ဘတဲ့၊ ကလေးရဲ့ နုနယ်သွက်လက်မှုတွေ ထက်မြက်မှုတွေအားလုံး လမ်းလွဲရောက်ကုန်အောင် မလုပ်ချင်ပါနဲ့။ ကျောက်ရိုင်းတုံးလေးကို တောက်ပအောင်မသွေးဘဲ နွံထဲနှစ်ပစ်တဲ့လက် သမီးမဖြစ်ပါစေနဲ့ ''



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးသော်သည် ဦးနဖူးလေးက ဆံစတို့ကို သပ်တင်ပေးပြီး မြေးပါးပြင်လေးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းသည်။

" လေယာဉ်ဆိုက်တော့မယ်ထင်တယ် ဖေဖေတို့သွားစို့ "

" ဘိုးဘိုးပါ လိုက်မှာလား။ လိုက်ခဲ့တော့မှာလားဟင် "

" မြေးရယ် "

သူ့လည်ပင်းကို လှမ်းဖက်ပြီး ဝမ်းသာသွားပုံရသည့် မြေးမျက်နှာလေးကို စိတ်မကောင်းစွာ ကြည့်မိ၏။

မြေးလေးခမျာ ငေးငေးငိုင်ငိုင် တိတ်တိတ်ဆိတ်ဆိတ် နေတတ်သည့် မိခင်ဖြစ်သူနှင့် မရင်းနှီးဘဲ မကျော့်နဲ့အဘိုးဖြစ်သူကိုသာ ကစားဖော်လုပ်ခဲ့ရရှာတာ။

ဦး မျက်နှာကြီး ပျက်ကျသွားသည့် ဖေဖေ့မျက်နှာကို ကြည့်၍ သားကို ခပ်တင်းတင်း ဖက်ထားလိုက်ကာ

" ဖေဖေ မပို့နဲ့တော့လေ ပစ္စည်းတွေလည်း အားလုံးရောက်နေပြီပဲ၊ ဦးတို့ပဲ သွားလိုက်တော့မယ်နော် "

ပြောပြီး နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

" ဟင့်အင်း. . . ဘိုးဘိုးက လိုက်မှာမို့လား ဘိုးဘိုး "

ဦးမျိုးသော် ခြေလှမ်းပြင်ပြီးမှ ရပ်ပစ်လိုက်၏။

လေယာဉ်ပေါ် တက်သွားတဲ့အထိ မြေးလေးငိုနေလျှင်

✿ ✿ ✿ ✿ ✿



# အခန်း (၂၁)

" မေမေ. . . ဟိုမှာ ဟိုလေယာဉ်ပျံကြီးကို သားသားတို့ စီးရမှာလားဟင် "

" အင်းပေါ့ သားရဲ့ "

" ဟင် "

ကလေးမို့ ငိုတာ ရယ်တာ လွမ်းတာ

အဘိုးဖြစ်သူကို တမေ့မေ့နှင့် မျက်ရည်မခြောက်သေးဘဲ လေယာဉ်ဆိုက်လာတော့ လက်ခုပ်လေးတီး၍ ရယ်သည်။

ဦးမျက်နှာလေး မှုံမှိုင်းသွားလေသည်။

မေမေ ဒီလိုလုပ်တာ ဘာကြောင့်မှန်းမသိသော်လည်း ဦးကို အားလုံးနဲ့ မေ့ပျောက်၊ ဝေးကွာသွားစေတာမှန်း ဦးနားလည်သည်။

ဒါပေမဲ့ ရေမြေခြားတာနဲ့ပဲ လွမ်းတာ ဆွေးတာဟာ အစိတ်အစိတ်အပိုင်း ကွဲကျကျန်ခဲ့တာမှ မဟုတ်ဘဲ။

ဦးရစ်ပတ်ခဲ့တဲ့ မိန်းမရှိနေသရွေ့ရင်ထဲကချစ်တတ်၊ လွမ်းတတ်တာတွေဟာ ဘယ်တော့မှ မေ့ပျောက် သေဆုံးသွားမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်သော နီပြာရောင် ကိုယ်ကျပ်ဝတ်စုံပေါ်မှာ ကုတ်အင်္ကျီအနက်နှင့် ဆံပင်တွေဖြန့်ချထားသော ဦးမျက်နှာနုနုလေးမှာ ရွှေအိုရောင်မျက်မှန် တပ်ထားသေးသည်။

သူမ လှ၍လား။ ဒါမှမဟုတ် လက်မှ ဆွဲကိုင်ထားသည့် အနီရဲရဲစပို့ရှပ်ကြိုးသိုင်း ဘောင်းဘီရှည်လေးနဲ့ သားကို ချစ်၍လား။

လူတွေ ရှိသမျှ စေယာဉ်ရှိရာကို မည်းသွားကြသည်။

ဦးတို့ကိုလည်း ခလုပ်တိုက်မဟတ် ကြည့်ကြ၏။

ထိုစဉ် ခေါင်းတွေ များစွာထဲမှ ဦးခေါင်းတစ်လုံးမှ မျက်ဝန်းအစုံကို ဦးသတိထားလိုက်မိသည်။

အားလုံးတွေထဲမှာ ပိုမြင့်နေသော ထိုခေါင်းတစ်လုံးကို သတိထားလိုက်မိကာ ဦးမျက်မှန် ချွတ်ပစ်လိုက်၏။

နီကျင်ကျင် အညိုရင့်သော မြင်ကွင်းက ချက်ချင်းကြည်လင်ရှင်းလင်းသွားသည်။ သို့သော် သူမမြင်လိုက်သော မျက်ဝန်းတစ်စုံက မရှိတော့ပါ။

ထိုမျက်ဝန်းတွေကို ဦးမှတ်မိနေသည်။

ဆင်ဆင်တူကာလည်း ဖြစ်နိုင်ပေမယ့် အမျိုးမျိုးပြောင်းလဲပစ်နိုင်သော ထိုတစ်ယောက်တည်းကို သည်မျက်လုံးများကြောင့်ပဲ သူမ မှတ်မိသိရှိခဲ့၏။

ထိုပိုင်ရှင်သည် ဖေဖေ့သတ်မှတ်ချက်အရ

သူမကိုယ်တိုင်လည်း မတတ်သာစွာ သတ်မှတ်ခဲ့ပြီးသော





စိတ်ဝေဒနာ အိပ်မက်တွေထဲက ရုပ်ပြောင်းရုပ်လွှဲပိုင်နိုင်လွန်းသည့် လှိုင်ကြီး။ တခြားနာမည်တွေ ရှိသေးသည်။

ဦးဘာမှ တွေးလို့မရတော့ပေ။

လှိုင်ကြီးဆိုသော နာမည်တစ်ခုတည်းသာ တစ်စုံတစ်ယောက်၏ ခေါ်သံအဖြစ် နားထဲမှာ စွဲနေခဲ့သည်။

ဘာ့ကြောင့် လှိုင်ကြီးဖြစ်နေခဲ့မှန်း မသိ။

နောက်ထပ်သိတာက တုတ်ခိုင်ကျစ်လျစ်သော ပုံပန်းသဏ္ဌာန်ရှိသည့် လူကြီးတစ်ယောက်အဖြစ်

ဦးလူပေ့တွထဲမှာ ဟိုဒီလိုက်ရှာရင်း ကလေးကို သူများဝင်တိုက်မိသွားသည့် အဖြစ်ကို ရောက်ခဲ့ရသည်။

“ အား ”

“ အို ”

“ ဟာဗျာ ဆောရီး. . . ဆောရီး သားသားရယ် နော် ”

အနောက်တိုင်း ဝတ်စုံပေါ်မှာ လောင်းကုတ်ကြီးက ခြေသလုံးတစ်ဝက်ထိ ရှည်နေသည်။

မျက်မှန်နက် သေးသေးလေးကို တပ်ထားသော်လည်း အသက်အားဖြင့် ဖေဖေတို့လောက်ပဲ ရှိလိမ့်မည်ဟု ဦးမှန်းကြည့်လိုက်၏။

ထို့ကြောင့် သားလဲသွားတာကို ရုတ်တရက် ဒေါသဖြစ်သွားမိပေမယ့် လူကြီးဆိုသည့် အမြင်နှင့် စိတ်ကို ထိန်းလိုက်နိုင်၏။

“ ရပါတယ် လာ သား. . . လာ ”



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်ပါဘူး ကလေးနာသွားတယ်၊ ဘဘက တောင်းပန်ရမှာ. . . ဟဲ ဟဲ "

လူကြီးက ဦးကိုမော့မကြည့်ဘဲ သားရှေ့မှာ ဒူးထောက်ထိုင်၍ မတ်တပ်ရပ်နိုင်အောင် ဆွဲထူလိုက်သည်။

သားသည် လူကြီးကို ခပ်စူးစူးလေးကြည့်၍ နာကျင်သွားသည့် ဒူးတစ်ဖက်ကို လက်ဖဝါးလေးနှင့် ဖိပွတ်နေရှာသည်။

" ဘဘ မှားတာနော်၊ သားသားက ကျေနပ်လား "

" သားသားနာသွားတာကို ဘယ်လိုလုပ်မလဲ "

သားက လူကြီးလက်ကို ပုတ်ချပစ်ပြီး ကောက်ချိတ်ချိတ်မျက်နှာလေးနှင့် ပြောသည်။

လူကြီး ဟင်ခနဲဖြစ်သွားပြီးမှ အသံမထွက်ဘဲ ရယ်လိုက်သည်။

" ဟုတ်တာပေါ့၊ တောင်းပန်လိုက်တာနဲ့ သားသားနာတာပျောက်သွားမှာမှ မဟုတ်တာ၊ ကဲ. . . ရော့ ဘဘက အလျော်ပေးမယ် ကျေနပ်နော် "

လူကြီးက သားလက်တစ်ဖက်ကို ဖြန့်ယူကာ တစ်စုံတရာ ထည့်ပေးလိုက်သည်။

သူသည် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကလေးကိုသာ ငုံ့မိုးစိုက်ကြည့်၍

" သတ္တိရှိတဲ့ကလေး ချစ်ဖို့ကောင်းလိုက်တာ "

ဟု ပီသစွာပြော၍ ချာခနဲလှည့်ထွက်သွားလေသည်။

မြူးတာဝေ



" မေမေ ဒါလေးလှလိုက်တာ၊ ဘာလဲဟင် "

ဟင်

ဦးမျက်တောင်လေးတွေ ပင့်ကပ်သွား၏။

သားကိုင်ထားတာက နက်စွေးသော အရောင်နှင့် နံချပ်ကူ တစ်ခု။

" သား. . . အဲဒါပေးစမ်း "

ခေါင်းထဲမှာ ဘာကိုမှ မှတ်မိတာမဟုတ်ဘဲ ထိုပစ္စည်းကို တရင်းတနှီး သိနေခဲ့သလိုမျိုး ခံစားလိုက်ရသည်။

လေယာဉ်စီးသွားဖို့ ကားပေါ်ကို လူတွေ တက်ကုန်ကြပြီ။

သားလက်ကိုကော၊ နံချပ်ကူကိုကော နှစ်ဖက်လုံးပါအောင် ဆွဲကာခြေထောက်ကိုလည်း အလုပ်ပေးခဲ့၏။

သို့သော် သံမဏိကြိုးဘက်နားမှ စာရွက်ခေါက်လေး တစ်စကို မြင်၍ ဆွဲထုတ်ကြည့်လိုက်မိလျှင်

အရှုံးမိန်းမ

မိသားစုပြန်ဆုံမယ်

စောင့်နေမယ်

သိပ်ချစ်တယ်

အရှုံး

အို. . . ဘုရား ဘုရား. . .

ဦးမျက်လုံးတွေ မိုက်ခနဲ ပြာဝေသွား၏။

မြူးတာဝေ

www.burmeseclassic.com

www.burmeseclassic.com



“ အရှုးမိန်းမ ”

“ အရှုး ”

သိတယ် ဒီစကားလုံးတွေကို ဦးသိနေတယ်၊ ဒါပေမဲ့ အိပ်မက်ထဲမှာ. . .

သားလက်ကလေးကို ခပ်တင်းတင်းဆုပ်၍ လှမ်းလက်စ ခြေလှမ်းတို့ကို တုန့်ယင်စွာ ဆက်လှမ်းနေမိသည်။

အရှုးမိန်းမ ဆိုတာ ဦးလား၊ ဟုတ်တယ်၊ ဟိုတုန်းက သူ. . . သူ

ဦးအသိစိတ်တွေ မိုတ်တုတ် မိုတ်တုတ် ကြယ်ပွင့်တစ်ပွင့်လို ပျောက်ကျသွားလိုက် လင်းခနဲ တောက်ပသွားလိုက်

စောင့်နေမယ်ဆိုတာ ဦးလာမယ့် ခရီးအဆုံးရွှေ့မှာလား၊

ဦးက ဘယ်သူလဲဟင်

အဖြေတို့ကို မရောရာခဲ့သော်လည်း ဦးဆုတောင်းမိသည်။

အရှုးမိန်းမ ဖြစ်ပါရစေ။

ဦးပျော်ရွှင်ချမ်းမြေ့စွာ သားလက်ကိုဆွဲပြီး လေယာဉ်ပေါ်တက်လိုက်သည်။ အဝေးမှလှမ်းကြည့်နေသော ဦးမျိုးသော်က ခပ်ယဲ့ယဲ့ပြုံးရင်း သက်မချလိုက်၏။ တကယ်တမ်းတော့ ရင်ခွင်ကော၊ သူ့တပည့်လိုင်ကြီး ဆိုသူတွေပါ သူ၏ရဲ့အရာရှိသွေးနိုကိုယ်တိုင် အသေသလက်ရဖမ်းမိပြီး ဥပဒေ၏ ပြစ်ဒဏ်ကို ကိုကျစွာပေးခဲ့သည်ကို သူကိုယ်တိုင်လည်းသိပြီးသား ဖြစ်ခဲ့သည်။

စိတ်ဝေဒနာတစ်ခုလို့ ဦးမှာစွဲကပ်သည်ပိုဖြစ်နေတာကို ဆရာဝန်





နှင့် တိုင်ပင်ပြီး ဦးမျိုးသော် စီစဉ်ခဲ့ခြင်းသာဖြစ်သည်။

သမီးကို လှည့်စားလိုက်မိတာ ဖေဖေ့ကိုခွင့်လွှတ်ပါ။

ဒီလှည့်စားမှုဟာ လောကမှာ အသက်ရှင်လျက်မရှိတော့တဲ့ လူတစ်ယောက်ကို သမီးရဲ့တမ်းတမှုကြောင့် ရလာမယ့်စိတ်သောကကို ချေဖျက်လိုက်တဲ့သဘောပါ။ ဒီ့အတွက် သမီးစိတ်ချမ်းသာမယ်ဆိုလျှင်

✿ ✿ ✿ ✿ ✿

အစဉ်လေးစားလျက်

လရောင်ကျူးရှင့်

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# လရောင်ကျူးရှင့်

ချစ်သူ နဲ့ တစ်မိနစ် တစ်စက္ကန့်



www.burmeseclassic.com